# ကြေးမုံ The Mirror

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။ Established in 1957

၁၃၇၇ ခုနှစ်၊ တပို့တွဲလကွယ်၊ အင်္ဂါနေ့၊ (8-3-2016) (၈၄၉၉)


## ဗုဒ္ဓအလိုကျ အဆုံးအမတော်

သဗ္ဗပါပဿ အကရဏံ - မကောင်းတာ(အကုသိုလ်)ဟူသမျှ ဘာမျှမလုပ်ပါနှင့်။
ကုသလဿ ဥပသမ္ပဒါ - ကောင်းတာ(ကုသိုလ်)မှန်သမျှ အားလုံးပြုလုပ်ပါ။
သစိတ္တ ပရိယောဒပနံ - မိမိစိတ်ကို မိမိနိုင်အောင်ထိန်းပါ။
(မကောင်းတာ မလုပ်ဖြစ်အောင် စိတ်ကိုထိန်းပါ)
ဧတံ ဗုဒ္ဓါန သာသနံ - ဤသုံးမျိုးသည် ဗုဒ္ဓ၏အလိုတော်ကျ အဆုံးအမတည်း။

(ဓမ္မပဒ)

# ယဉ်ကျေးမှု ထုံးစလေ့ဟောင်း တို့နိုင်ငံသားတို့မမေ့ကောင်း

အချုပ်အခြာအာဏာပိုင်စိုးမှု၊ ကိုယ့်ထီးကိုယ်နန်း ကိုယ့်ကြငှန်းကို ကိုယ်စားပြုမှု စသည့် အမှတ်သင်္ကေတများနှင့် ပြည့်စုံပြီး အနက်အဓိပ္ပာယ် နက်ရှိုင်းလှသည့် ပလ္လင်နှင့် စလွယ်တို့ကို တို့နိုင်ငံသားများ တစ်ရပ်လုံးက ရှေးပဝေသဏီကာလမှစ၍ ကျင့်သုံးလာခဲ့သော ဓလေ့ထုံးစံများအဖြစ် အမွန်အမြတ်ထား ထိန်းသိမ်းစောင့်ရှောက်ကြ။


နန္ဒဝန်ရေးသည်


တို့ချစ်သည့် အမိမြန်မာနိုင်ငံတော်သည် အရှေ့တောင်အာရှဒေသ၌ နိုင်ငံကြီးနှစ်နိုင်ငံကြားမှ နိုင်ငံငယ်လေးမျှသာ ဖြစ်သော်လည်း နှစ်ပရိစ္ဆေဒနှင့်ချီ၍ ကိုယ့်ထီးကိုယ့်နန်းကိုယ့်ကြငှန်းနှင့် နေထိုင်လာခဲ့သော နိုင်ငံတော်ဖြစ်၏။

တို့နိုင်ငံသမိုင်းကို ပြန်ပြောင်းကြည့်သော် ပြဒါးလင်းဂူ စသော သမိုင်းမတင်မီ ကျောက်ခေတ်ကပင် စတင်ခဲ့စေကာမူ သမိုင်းကြောင်းအရ ပျူခေတ်ကို သမိုင်းဦးအဖြစ် ညွှန်းဆိုနိုင်၏။

ပျူခေတ်၊ ပုဂံခေတ်၊ ရှမ်းခေတ်၊ မွန်ခေတ် စသည်ဖြင့် မင်းဆက်များပြောင်းလဲခဲ့ပြီး ယဉ်ကျေးမှုပုံရိပ်များ သမိုင်းစဉ်တွင် ပီပြင်စွာ ထင်ကျန်ရစ်၏။

တို့နိုင်ငံသမိုင်းကိုကြည့်လျှင် နိုင်ငံတော်ကြီးကို တစည်းတလုံးတည်းဖြစ်အောင် ကြိုးပမ်းစွမ်းဆောင်ခဲ့ကြသော ဘုန်းတော်ခံ့ထည်၍ အမြော်အမြင်ကြီးမားသည့် မင်းဧကရာဇ်များအဖြစ် အနော်ရထာ၊ ဘုရင့်နောင်၊ အလောင်းဘုရား စသည့်ပုဂ္ဂိုလ်ကြီးများကို တွေ့ရ၏။

သမိုင်းကြောင်း တစ်ချိုးတစ်ကွေ့တွင်မူ တို့နိုင်ငံတော်မှာ အင်္ဂလိပ်လက်အောက်သို့ ကျရောက်ခဲ့ရပြီး သူ့ကျွန်အဖြစ် နွံနစ်ခဲ့ရပြန်သည်။ ဤတွင် တို့နိုင်ငံသားတို့က ဇွဲ၊ လုံ့လ၊ ဝီရိယနှင့် သတ္တိပြောင်မြောက်မှုတို့ဖြင့် ကျွန်အဖြစ်မှ လွတ်မြောက်ရေးအတွက် လက်ရုံးရည်၊ နှလုံးရည်တို့ကိုသုံးစွဲ၍ ကြိုးပမ်းခဲ့ကြရသည်။

တို့နိုင်ငံသားတို့၏ သွေးနှင့်ချွေးကို အရင်းတည်ကာ နယ်ချဲ့ကို တော်လှန်မှုကြောင့် ၁၉၄၈ ခုနှစ်တွင် လွတ်လပ်ရေးရရှိခဲ့သည်။

သက္ကရာဇ် ၁၈၈၅ ခုနှစ်တွင် အင်္ဂလိပ်-မြန်မာ တတိယစစ်ပွဲအပြီး အထက်မြန်မာနိုင်ငံနှင့်တကွ မြန်မာနိုင်ငံတော်တစ်ဝန်းလုံး သိမ်းသွင်းကျွန်ပြုခြင်းခံခဲ့ရချိန်တွင် တို့နိုင်ငံတော်၏ အချုပ်အခြာအာဏာ ပြယုဂ်ဖြစ်သော သီဟာသနပလ္လင်ပါ သိမ်းယူခြင်းခံခဲ့ရ၏။

၁၈၈၅ ခုနှစ်တွင် သူ့ကျွန်ဘဝသို့ စုံးစုံးမြုပ်သက်ဆင်းခဲ့ရပြီးနောက် ၁၉၄၈ ခုနှစ်တွင် သူ့ကျွန်ဘဝမှ ပြန်လည်လွတ်မြောက်သည့် ကာလသို့ရောက်ချိန် ယင်းနှစ် မတ် ၁၂ ရက်တွင်မှ သီဟာသနပလ္လင်ကို တို့နိုင်ငံသားတို့ ပြန်လည်ရရှိခဲ့သည်။


စာမျက်နှာ ၈ ကော်လံ ၁ သို့




သမ္မတ ဒေါက်တာဘဦးနှင့်အတူ တရုတ်နိုင်ငံဝန်ကြီးချုပ် ချူအင်လိုင်း၊ အိန္ဒိယနိုင်ငံဝန်ကြီးချုပ် ဂျဝါဟာလာ နေရူး၊ အီဂျစ်နိုင်ငံသမ္မတ အဗ္ဗဒူလ်နာဆာ၊ ဝန်ကြီးချုပ် ဦးနုနှင့် နိုင်ငံတကာမှ ဧည့်သည်တော်များ ရန်ကုန်မြို့ သမ္မတအိမ်တော်ရှိ သီဟာသနပလ္လင်ရှေ့တွင် စုပေါင်းမှတ်တမ်းတင်ရိုက်ထားသည့် ဓာတ်ပုံ။



## ရန်ကုန်ပြည်သူ့ဆေးရုံကြီး တိုးချဲ့ပြုပြင်မွမ်းမံပြင်ဆင်ရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ကြည့်ရှုစစ်ဆေး


စာမျက်နှာ - ၃





**ကြေးမုံစာတည်းရှုထောင့်** — ၈-၃-၂၀၁၆၊ အင်္ဂါနေ့

# အသိဉာဏ်ဖြင့် ဝန်းကျင်ပြုပြင်

အသိဉာဏ်ဖြင့် ပတ်ဝန်းကျင်တွင် ပြုပြင်ရမည့်အရာသည်ကား အမှိုက်ဖြစ်သည်။ အမှိုက်သည် လူတို့မှစွန့်ပစ်သော အရာဝတ္ထုပစ္စည်းများဖြစ်သည်။ လူရှိလျှင် အမှိုက်ရှိပြီး အမှိုက်ရှုပ်သောလူသားများဟု ခေါ်ဆိုရမလိုဖြစ်သည်။ လူတို့နေထိုင်သော မြို့ပြရပ်ကွက်များသာမက ကျေးလက်များအထိတိုင် အမှိုက်များရှိလာသည်။ ထို့ထက်မက လူတို့ရောက်ခဲ့ကြသော တောတောင်၊ မြစ်ကမ်း၊ချောင်း၊ မြောင်းများတွင်ပင် အမှိုက်များရောက်လာသည်။

အမှိုက်သည် လူတို့စားသုံးသော၊ အသုံးပြုခဲ့ပြီးသော အမှိုက်များဖြစ်သည်။ အမှိုက်တွင် ပျက်စီးသွားသော အမှိုက်နှင့် မပျက်စီးသော အမှိုက်ဟူ၍ နှစ်မျိုးရှိသည်။ ပျက်စီးသွားသောအမှိုက်မှာ အမှိုက်များမြေကျပြီးနောက် တဖြည်းဖြည်း မြေတွင်ပျက်စီးနိုင်သော အမှိုက်များဖြစ်သည်။ မပျက်စီးနိုင်သော အမှိုက်များမှာ မြေသို့ကျသော်လည်း မပျက်စီးနိုင်သည့် ဓာတုဗေဒ၊ သိပ္ပံနည်းပညာ၊ စက်မှုနည်းပညာတို့ဖြင့်ပြုလုပ်ထားသော ပစ္စည်းများဖြစ်သည်။

ပျက်စီးနိုင်သောအမှိုက်များမှာ လူသားနှင့်ပတ်ဝန်းကျင်ကိုပင် ပြန်လည်အကျိုးပြုသည်။ တစ်ချိန်သောကာလ နည်းပညာများမထွန်းကားစဉ်က လူတို့အတွက် အစားအသောက်နှင့် အသုံးအဆောင်ပစ္စည်းများကို အပင်မှထွက်သောဖက်ရွက်၊ သတင်းစာစက္ကူ၊ စက္ကူပုံးတို့ကိုသာ အသုံးပြုကြသည်။ ထိုထုပ်ပိုးပစ္စည်းများအား အသုံးမလို၍ စွန့်ပစ်လိုက်သောအခါ မြေသို့ကျ၍ ဆွေးမြည့်ကာ သဘာဝမြေအဖြစ် ပြန်လည်ရောက်ရှိသွားသည်။

မပျက်စီးနိုင်သောအမှိုက်များမှာ လူသားနှင့်ပတ်ဝန်းကျင်ကို ပြန်လည်ဒုက္ခပေးနိုင်သည်။ မျက်မှောက်ကာလတွင် နည်းပညာထွန်းကားလာသောကြောင့် လူသားတို့အတွက် စားသောက်ကုန်၊ လူသုံးကုန်ပစ္စည်းများအား လှပတင့်တယ်သည့် ထုပ်ပိုးပစ္စည်းများအဖြစ် တီထွင်သူတို့က ထုတ်လုပ်လာကြသည်။ ထိုအခါ တစ်ခါသုံးထုပ်ပိုးကုန်ပစ္စည်းများ လူသားများ၏ပတ်ဝန်းကျင်တွင် အလျှံပယ်ရောက်ရှိလာပြီးနောက် ထိုထုပ်ပိုးပစ္စည်းများကို စွန့်ပစ်ကြသောအခါ သဘာဝမြေပြင်၊ ရေပြင်၊ ပတ်ဝန်းကျင်တို့တွင် မပျက်စီးဘဲ လူသားတို့ကိုပင် ပြန်လည်ဒုက္ခပေးလာကြသည်။

အထူးသဖြင့် စားသောက်ကုန်များတွင် အသုံးပြုသော တစ်ခါသုံးထုပ်ပိုးကုန်များမှာ လူသားများ၏ပတ်ဝန်းကျင်ကို ယခုအခါ အများဆုံးအန္တရာယ်ပြုနေသည်။ နေ့စဉ်နှင့်အမျှ လူသားတို့စွန့်ပစ်ကြသော အမှိုက်ပုံများမှာ သိမ်းဆည်းသူများမနိုင်လောက်အောင် နေရာတိုင်းတွင်ပြည့်လျှံ၍နေသည်။ ထို့အပြင် လူသားတို့ပတ်ဝန်းကျင်တွင် စည်းကမ်းမရှိ စွန့်ပစ်လိုက်သော ထိုအမှိုက်များက ပြန့်ကျဲနေသည်ကို နေရာတိုင်းတွင်မြင်တွေ့နိုင်သည်။

ထိုအမှိုက်များတွင် မီးဖိုချောင်မှစွန့်ပစ်သောအမှိုက်များ၊ ဘူးခွံများ၊ ပုလင်းခွံများ၊ စက္ကူစုတ်၊ ပလတ်စတစ်အစများ၊ ကြွပ်ကြွပ်အိတ်များ၊ မီးလုံး၊ မီးချောင်းအကျွမ်းများ၊ ရှားရှားပါးပါး အီလက်ထရွန်နစ်ပစ္စည်းအပျက်တို့၏ အစိတ်အပိုင်းများဖြစ်သည့်အပြင် အဆိုးရွားဆုံးပစ္စည်းများမှာ ကြွပ်ကြွပ်အိတ်၊ တစ်ခါသုံးဖော့ဘူးနှင့် ဝါးတူများဖြစ်ကြသည်။ ထိုပစ္စည်းများမှာ ကျွန်ုပ်တို့ပတ်ဝန်းကျင်တွင် မြင်မကောင်း၊ ရှုမကောင်းရုံသာမက ချောင်း၊ မြောင်း၊ မြစ်ကမ်းများသို့ပင် ရောက်ရှိသွားကြသည်။

မပျက်စီးသော ထိုအမှိုက်များ ဖြစ်ထွန်းလာသည့်သက်တမ်းမှာ ဆယ်စုနှစ်မျှသာရှိသေးသည်။ နောင်တစ်ချိန် နှစ်ပေါင်းရာစုနှင့်ချီကာ ကြာမြင့်လာသောအခါ ထိုအမှိုက်များ မပျက်စီးသောကြောင့် ကျွန်ုပ်တို့၏ ကမ္ဘာကြီးမှာ အမှိုက်ကမ္ဘာကြီးပင်ဖြစ်သွားနိုင်သည်။ ထို့ထက်မက အဆိုပါအမှိုက်များကြောင့် ဖြစ်ပေါ်လာမည့် သဘာဝပတ်ဝန်းကျင်ပျက်စီးမှု၊ လူသားများ ကျန်းမာရေးထိခိုက်မှုများ ဆိုးရွားစွာဖြစ်ပေါ်လာနိုင်သည်။

လူသားများမှာ မိမိတို့အတွက် အကျိုးရှိနေသရွေ့ အဆိုပါပစ္စည်းများကို ထုတ်လုပ်သုံးစွဲနေကြဦးမည်ဖြစ်သည်။ ထို့ကြောင့် ထိုအမှိုက်များ နေ့စဉ် လစဉ် နှစ်စဉ် တိုးပွားလာကာ လူသားများကိုပင် အန္တရာယ်ပြုရန် ပြန်လည်ခြိမ်းခြောက်လာနေပြီဖြစ်သည်။ ထို့ကြောင့် အဆိုပါပြဿနာကို ဖြေရှင်းနိုင်ရန်အတွက် အဆိုပါပစ္စည်းများကို ထုတ်လုပ်ခဲ့ကြသော သိပ္ပံပညာရှင်များ၊ တီထွင်သူများက ပြန်လည်အသုံးပြုပစ္စည်းများဖန်တီးကြရန် လိုအပ်ပေသည်။

သုံးစွဲသူပြည်သူများအနေဖြင့်လည်း အဆိုပါပစ္စည်းများမှာ မိမိတို့အား အန္တရာယ်ပေးလာနိုင်သော ပစ္စည်းများဖြစ်သည်ကို သိရှိနားလည်ပြီး စည်းကမ်းတကျအသုံးပြုစွန့်ပစ်ခြင်း၊ လျှော့ချအသုံးပြုခြင်း၊ ပြန်လည်အသုံးပြုခြင်းတို့ကို အသိတရားလက်ကိုင်ထား၍ ဆောင်ရွက်ကြရန် တိုက်တွန်းအပ်ပါသည်။ ။

## မန္တလေးနှင့် ပုဂံညောင်ဦးဒေသသို့ ကမ္ဘာလှည့်ခရီးသည် ငါးသိန်းခန့်ဝင်ရောက်ရန် မျှော်မှန်း

# မန္တလေးမြို့သို့ ကမ္ဘာလှည့် ခရီးသည်ဝင်ရောက်မှုမြင့်တက်

**မန္တလေး မတ် ၇**

မန္တလေးမြို့သို့ ၂၀၁၆ ခုနှစ် နှစ်ဆန်းပိုင်းမှစတင်ကာ ကမ္ဘာလှည့်ခရီးသည် ဝင်ရောက်လည်ပတ်မှုမြင့်တက်လျက်ရှိကြောင်း မန္တလေးတိုင်းဒေသကြီး ဟိုတယ်နှင့်ခရီးသွားလာမှုဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

၂၀၁၅ ခုနှစ် ခရီးသွားရာသီ အောက်တိုဘာလမှစတင်ပြီး ကမ္ဘာလှည့်ခရီးသည်ဝင်ရောက်မှု မြင့်တက်လျက်ရှိပြီး ယခုနှစ် ဇန်နဝါရီလ၊ ဖေဖော်ဝါရီလနှင့် မတ်လဆန်းအထိ အမေရိကန်၊ ပြင်သစ်၊ ဂျာမနီ၊ နယ်သာလန်၊ ဂျပန်၊ ထိုင်း၊ တရုတ်နိုင်ငံတို့မှ ဧည့်သည်များ ဝင်ရောက်မှုများပြားလျက်ရှိသည်။ ယခုနှစ်တွင် မြန်မာနိုင်ငံတွင် ကမ္ဘာလှည့်ခရီးသည်ဝင်ရောက်မှု ငါးသန်းခန့်ဝင်ရောက်ရန် မျှော်လင့်ထားပြီး မန္တလေးမြို့နှင့် ပုဂံညောင်ဦးဒေသတို့တွင် ကမ္ဘာလှည့်ခရီးသည် ငါးသိန်းခန့်ဝင်ရောက်မည်ဟုမျှော်လင့်ထားသည်။ မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်သည် ထိုင်း၊ တရုတ်၊ အိန္ဒိယနိုင်ငံတို့နှင့် တိုက်ရိုက်လေကြောင်းပျံသန်းလျက်ရှိရာ တိုက်ရိုက်လေကြောင်း ခရီးစဉ်ဖြင့် ၂၀၁၅ ခုနှစ်က ခရီးသည် ၁၂၀၀၀၀ ကျော် ဝင်ရောက်ခဲ့သည်။ မန္တလေး-မူဆယ်ပြည်ထောင်စုလမ်းနှင့် မန္တလေး-တမူးလမ်းကုန်းလမ်းခရီးစဉ်များမှလည်း ကမ္ဘာလှည့်ခရီးသည်များ မော်တော်ယာဉ်များ၊ မော်တော်ဆိုင်ကယ်များဖြင့် လာရောက်လည်ပတ်လျက်ရှိကြသည်။

၂၀၁၆ ခုနှစ် ဖေဖော်ဝါရီလ (တရုတ်နှစ်သစ်ကူးကာလ) က တရုတ်နိုင်ငံမှဧည့်သည်များ ကိုယ်ပိုင်မော်တော်ယာဉ်များဖြင့် မူဆယ်မှတစ်ဆင့် လားရှိုး၊ သီပေါ၊ ပြင်ဦးလွင်၊ မန္တလေး၊ နေပြည်တော်သို့ လာရောက်လည်ပတ်ခဲ့ကြသည်။

မန္တလေးမြို့သို့ လာရောက်ကြသည့်ကမ္ဘာလှည့်ခရီးသည်များသည် မြနန်းစံကျော် ရွှေနန်းတော်၊ မန္တလေးတောင်၊ မဟာမုနိဘုရားကြီး၊ ဦးပိန်တံတား၊ ရွှေကျောင်းကြီး၊ အတုမရှိကျောင်း၊သတ္တဌာနများ၊ရွှေခြည်ထိုးလုပ်ငန်း၊ရွှေပြားခတ်လုပ်ငန်းများအား နှစ်သက်စွာ ကြည့်ရှုလေ့လာကြပြီး ပြင်ဦးလွင်၊ စစ်ကိုင်း၊ မင်းကွန်းဒေသများနှင့် ပုဂံညောင်ဦးဒေသများသို့ ဆက်လက်သွားရောက်ကြကြောင်း သိရသည်။

**သီဟကိုကို(မန္တလေး)**



## ကျောက်တန်းမြို့နယ် ပုတ္တလုပ်နှင့်စစ်တန်းကျေးရွာမီးလင်းပြီ

**ကျောက်တန်း မတ် ၇**

နိုင်ငံတော်အစိုးရသည် မြို့ပြနှင့် ကျေးလက် ကွာဟချက်မရှိစေရန် ရည်ရွယ်ချက်ဖြင့် ကျေးလက်နေပြည်သူများ၏ လူနေမှုဘဝမြင့်မားတိုးတက်မှုကို အထူးဂရုပြုဆောင်ရွက်ပေးလျက်ရှိသည့် အားလျော်စွာ မွေးမြူရေး၊ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ပံ့ပိုးမှု၊ ကျေးရွာလူထု၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် ကျောက်တန်းမြို့နယ် တံတားမြို့အပိုင် ပုတ္တလုပ်ကျေးရွာနှင့် စစ်တန်းကျေးရွာ မီးလင်းနိုင်ရေးကို ၂၀၁၅ ခုနှစ် အောက်တိုဘာလမှ စတင်ကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ မတ် ၅ ရက်တွင် ရန်ကုန်မြို့လျှပ်စစ်ဓာတ်အား ဓာတ်အားခွဲရုံမှ ... 

**အောင်ဆွေ(ရွှေတံတား)**

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် မတ် ၇**

ရန်ကုန်(ရွှေဈေး) - ၇၈၆၀၀၀ - ၇၈၆၀၀၀၊ မန္တလေး(ရွှေဈေး) ၇၈၆၀၀၀ - ၇၈၆၀၀၀

| စက်သုံးဆီဈေးနှုန်း | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၄၆၀/၄၈၀ ကျပ်၊ | ၅၀၀/၅၂၀ ကျပ် |
| (ခ) အောက်တိန်း 95 | တစ်လီတာ | ၆၃၀/၆၅၀ ကျပ်၊ | ၇၇၀/၇၂၀ ကျပ် |
| (ဂ) အောက်တိန်း 92 | တစ်လီတာ | ၅၂၀/၅၃၀ ကျပ်၊ | ၅၈၀/၆၀၀ ကျပ် |
| (ဃ) အဆင့်မြင့် ဒီဇယ် | တစ်လီတာ | ၅၀၀/၅၂၀ ကျပ်၊ | ၅၅၀/၅၇၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၃၈၆ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၄၂၇ ကျပ်၊ အောက်တိန်း 92 တစ်လီတာ ၄၄၀ ကျပ်

**၂၉-၂-၂၀၁၆ ရက်နေ့မှ ၄-၃-၂၀၁၆ ရက်နေ့အတွင်း ပြည်ပမှ မှာယူတင်သွင်းသည့် စက်သုံးဆီများ၏ ဆိပ်ကမ်းအရောက်ပျမ်းမျှအရင်းဈေးမှာ အောက်တိန်း 92 တစ်လီတာ ၄၄၃ ကျပ်နှင့် ဒီဇယ် တစ်လီတာ ၄၀၈ ကျပ် ဖြစ်ပါသည်** *(လက်လီဆိုင်များရောင်းဈေးအနေဖြင့် သိုလှောင်စရိတ်၊ သယ်ပို့စရိတ်ခရီးအကွာအဝေးပေါ် မူတည်၍ ဈေးနှုန်းကွာခြားနိုင်ပါသည်။)*

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၂၂၈. ၀ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၃၅၀. ၂ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၁၈၈. ၆၉ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၃၄. ၆၉၉ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၃၀၀. ၇၂ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၁၈. ၃၃၁ |
| (ဆ) ဂျပန် | တစ်ရာယန်း | = | ၁၀၈၀. ၂ |
| (ဇ) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၀၂. ၂၄ |
| (ဈ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၉၀၉. ၇၀ |
| (ည) စင်ကာပူ | တစ်ဒေါ်လာ | = | ၈၉၁. ၈၆ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း**





ကြေးမုံ နေ့စဉ်သတင်းစာ

စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဒင်
စာတည်းများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်၊ ဦးစန်းအောင်
သတင်းထောက်မှူး - ဦးငွေအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဒေါဝမ်းစိုး၊ အောင်ကျော်ကျော်
အနုပညာစာတည်း - ခင်ခင်သက်
အားကစားစာတည်း - မေလှိုင်သင်း
ဆောင်းပါးစာတည်း - စန္ဒာဝင်း
အကြီးတန်းသတင်းထောက်များ - ဟိန်းထက်လင်း၊ နိုင်လင်းကြည်၊ ဖြိုးစန္ဒာမြင့်၊ သီသီမင်း
အငယ်တန်းသတင်းထောက်များ - အောင်ကျော်ဦး၊ ခင်ဇာလီ၊ မေသကြိန်၊ အေးအေးမြင့်၊ ခင်စုစုလှိုင်
ဓာတ်ပုံသတင်းထောက် - ခင်မောင်ဝင်း
အထူးသတင်းထောက် - ဆုနှင်းလှံ့

ပြည်တွင်းရေးရာ

# ရန်ကုန်ပြည်သူ့ဆေးရုံကြီး တိုးချဲ့ပြုပြင်မွမ်းမံပြင်ဆင်ရေးလုပ်ငန်းများဆောင်ရွက်ပြီးစီးမှု ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ကြည့်ရှုစစ်ဆေး

**ရန်ကုန် မတ် ၇**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် ယနေ့နံနက် ၉ နာရီ ၄၅ မိနစ်တွင် ရန်ကုန်မြို့ ရန်ကုန်ပြည်သူ့ဆေးရုံကြီး တိုးချဲ့ပြုပြင်မွမ်းမံပြင်ဆင်ရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်လျက်ရှိသည့်လုပ်ငန်းများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ ဒုတိယသမ္မတသည် စတင်စမ်းသပ်အသုံးပြုလျက်ရှိသည့် PET /CT CYCLOTRON CENTER ၊ ဆေးရုံကြီးပင်မဆောင်ရှိ အရိုးနှင့်ထိခိုက်ဒဏ်ရာကုဌာန၊ ဆေးကုသဆောင်(၃)၊ ဆေးကုသဆောင်(၂)၊ ငါးထပ်ဆောင်ရှိ OPERATING THEATRE COMPLEX တို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ဆေးဝါးကုသမှုခံယူနေကြသည့် ဝေဒနာရှင်ပြည်သူများနှင့် လူနာစောင့်များအား နှုတ်ဆက်အားပေးစကားပြောကြားကာ ပါမောက္ခများ၊ ဌာနမှူးများ၊ ဆရာဝန်များနှင့် ဝန်ထမ်းများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ထို့နောက် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းအား Training Centre ၌ ရန်ကုန်ပြည်သူ့ဆေးရုံကြီး တိုးချဲ့ပြုပြင်မွမ်းမံပြင်ဆင်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ ရန်ကုန်ပြည်သူ့ဆေးရုံကြီး တည်ဆောက်ရေးလုပ်ငန်းကြီးကြပ်မှုဆပ်ကော်မတီ အဖွဲ့ခေါင်းဆောင် ရန်ကုန်တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာမြင့်သိန်းနှင့် တာဝန်ရှိသူများက သက်ဆိုင်ရာကော်မတီအလိုက် လုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး ဒုတိယဝန်ကြီး ဦးဝင်းမြင့်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များအပေါ် ဒုတိယသမ္မတက ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး အမှာစကားပြောကြားရာတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၏ ကျန်းမာရေးစောင့်ရှောက်မှုကဏ္ဍကို မြှင့်တင်ရန်နှင့် နိုင်ငံတကာအဆင့်မီစေရန် ရည်ရွယ်ချက်များနှင့်အညီ ရန်ကုန်ပြည်သူ့ဆေးရုံကြီး တိုးချဲ့ပြုပြင်မွမ်းမံပြင်ဆင်ရေးလုပ်ငန်းများကို ပြီးခဲ့သည့် နှစ်နှစ်ကျော် သုံးနှစ်တာကာလအတွင်း အကောင်းဆုံးဖြစ်စေရန် မိမိတို့အားလုံး ကြိုးပမ်းဆောင်ရွက်ခဲ့ပါကြောင်း၊ ရန်ကုန်ပြည်သူ့ဆေးရုံကြီး ပင်မဆောင်သည် ယခုအခါ အရည်အသွေးပိုင်းတွင် တိုးတက်မှုရှိလာကြောင်း၊ သို့သော် အဆောက်အအုံပိုင်း၊ အထောက်အကူပြုစက်ပစ္စည်းအပိုင်း၊ ဝန်ထမ်းများအပိုင်းနှင့် ဝန်ဆောင်မှုပေးသည့်အပိုင်းများကို အပိုင်းလိုက်ခွဲခြားကြည့်လျှင် လိုအပ်ချက်များရှိနေဆဲဖြစ်ကြောင်း၊ နိုင်ငံတကာအဆင့်နှင့် နှိုင်းယှဉ်ချိန်ထိုးကြည့်လျှင်လည်း အာဆီယံအဆင့်ကိုပင် မမီနိုင်သေးကြောင်း၊ ဆက်လက်လုပ်ဆောင်ရန် အများအပြားရှိနေသေးကြောင်း၊ ရန်ကုန်ပြည်သူ့ဆေးရုံကြီးကို မိမိတို့တိုးချဲ့ပြုပြင်မွမ်းမံပြင်ဆင်ခဲ့စဉ်က ခုတင် (၁၅၀၀)ဆံ့ဖြစ်ပြီး လူနာများ များပြားသဖြင့် ငါးထပ်ဆောင်ကို တိုးချဲ့တည်ဆောက်ခဲ့ရကြောင်း၊ ငါးထပ်ဆောင်ပြီးစီးပါက လူနာများလျော့နည်းသွားမည်ဟု ခန့်မှန်းထားသော်လည်း ယခုပြီးစီးသည့် အချိန်မှာပင် လူနာများပြည့်နေဆဲဖြစ်ရာ ဆက်လက်အဖြေရှာ ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

သို့သော် လက်ရှိအခြေအနေအထိ တိုးတက်လာစေရန် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် လုပ်ငန်းကော်မတီ၊ ဆပ်ကော်မတီတို့က ကာယအား၊ ဉာဏအား၊ စေတနာအားတို့ဖြင့် ကြိုးပမ်းဆောင်ရွက်ခဲ့ခြင်းဖြစ်ပါကြောင်း၊ လက်ရှိအခြေအနေအထိ တိုးတက်ကောင်းမွန်အောင် ကြိုးပမ်းဆောင်ရွက်ခဲ့ကြသော တာဝန်ရှိသူများ၊ ဝန်ထမ်းများနှင့် ပြင်ပအကြံပေးပုဂ္ဂိုလ်အားလုံးကို ကျေးဇူးအထူးတင်ရှိပါကြောင်း ပြောကြားသည်။



ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ရန်ကုန်ဆေးရုံကြီးပင်မဆောင်ရှိ အရိုးနှင့်ထိခိုက်ဒဏ်ရာကုဌာနတွင် ဆေးဝါးကုသမှုခံယူနေကြသည့် ဝေဒနာရှင်ပြည်သူများနှင့်လူနာစောင့်များအား နှုတ်ဆက်အားပေးစကားပြောကြားစဉ်။ (သတင်းစဉ်)

ရန်ကုန်ပြည်သူ့ဆေးရုံကြီး အကြီးစားပြုပြင်မွမ်းမံပြင်ဆင်ရေးလုပ်ငန်းများကို ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်မှစ၍ လုပ်ငန်းကြီး ကိုးခုဖြင့် စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည်။ OT Complex တိုးချဲ့ငါးထပ်ဆောင် တည်ဆောက်ခြင်းလုပ်ငန်း၊ PET-CT/CYCLOTRON CENTER တည်ဆောက်ခြင်းလုပ်ငန်း၊ ဒေါ်ပုဆောင် အကြီးစားပြုပြင်မွမ်းမံပြင်ဆင်ခြင်းလုပ်ငန်း၊ ပင်မဆောင်ဝင်းအတွင်း Car Parking, Land Scaping, Lamp Post ဆိုင်းဘုတ်လုပ်ငန်း၊ ရန်ကုန်ဆေးရုံကြီးဝင်းအတွင်း အဆောင်အချို့ဆေးသုတ်လုပ်ငန်း၊ ရန်ကုန်ဆေးရုံကြီးဝင်း အနော်ရထာလမ်းဘက်ခြမ်းရှိ အုတ်တံတိုင်းလုပ်ငန်းနှင့် ပင်မဆောင်ဝင်း Drain and Apron များ ပြုပြင်ခြင်းလုပ်ငန်း၊ ပင်မဆောင်နှင့် နှလုံးရောဂါကုသဆောင် ရေသန့်လုပ်ငန်းများနှင့် ပန်းဖောင်းလိုင်းများ ဆေးသုတ်လုပ်ငန်း၊ PET-CT/ OT Complex, Imaging Complex တို့အား လျှပ်စစ်သွယ်တန်းခြင်းလုပ်ငန်းတို့မှာ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်ပြီးစီးခဲ့သည်။

၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီးပင်မဆောင် အကြီးစားပြုပြင်မွမ်းမံပြင်ဆင်ခြင်းလုပ်ငန်းကို စတင်ဆောင်ရွက်ခဲ့ပြီး ၆၀ ရာခိုင်နှုန်းပြီးစီးအောင် လျာထားဆောင်ရွက်ခဲ့ရာ အချိန်မီပြီးစီးခဲ့ပြီး ဆေးစတိုအသစ်တည်ဆောက်ခြင်းလုပ်ငန်း၊ အောက်ဆီဂျင်စက်ရုံ အဆောက်အအုံတည်ဆောက်ခြင်းလုပ်ငန်း၊ 1000 KVA Transformer သုံးလုံး တပ်ဆင်ခြင်းလုပ်ငန်းနှင့် အရေးပေါ်ဌာန အကြီးစားပြုပြင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ပင်မဆောင်ပြုပြင်ခြင်းလုပ်ငန်း၏ ကျန်ရှိသော၄၀ရာခိုင်နှုန်းကို ဆက်လက်ဆောင်ရွက်လျက်ရှိရာ ယခုအခါ လုပ်ငန်းတစ်ခုလုံး၏ ၉၉ ရာခိုင်နှုန်းပြီးစီးနေပြီဖြစ်သည်။ ပင်မအလယ်ဆောင်ရှိ Sky Roof မိုးရန် မှန်များမှာယူထားရာ ယနေ့တွင် ရောက်ရှိပြီး မတ် ၁၀ ရက်တွင် တပ်ဆင်ပြီးစီးပါက လုပ်ငန်းတစ်ခုလုံး၏ ၁၀၀ ရာခိုင်နှုန်းပြီးစီးမည်ဖြစ်သည်။ ကင်ဆာငါးထပ်လူနာဆောင်တည်ဆောက်ရေးလုပ်ငန်းမှာလည်း ယခုဘဏ္ဍာရေးနှစ်တွင် ၆၀ရာခိုင်နှုန်းပြီးစီးရန် ဆောင်ရွက်လျက်ရှိရာ ယခုအခါ ၄၅ ရာခိုင်နှုန်းပြီးစီးနေပြီဖြစ်သည်။

ထို့ပြင် တိုးချဲ့ဝင်းအတွင်း တည်ဆောက်လျက်ရှိသော ဝန်ထမ်းအိမ်ရာ ၁၀ ထပ် အဆောက်အအုံတည်ဆောက်ခြင်းလုပ်ငန်းမှာလည်း ယခုဘဏ္ဍာရေးနှစ်တွင် ၅၀ ရာခိုင်နှုန်းပြီးစီးရန် ဆောင်ရွက်လျက်ရှိရာ ယခုအခါ ၂၀ ရာခိုင်နှုန်းပြီးစီးနေပြီဖြစ်သည်။ **(သတင်းစဉ်)**

# သာစည်မြို့နယ်အတွင်းရှိ သောက်သုံးရေပြတ်လပ်နေသောကျေးရွာများသို့ ရေများပေးပို့လှူဒါန်း

**သာစည် မတ် ၇**

၂၀၁၆ ခုနှစ် အယ်နီညို အကျိုးသက်ရောက်မှု ဖြစ်စဉ်ကြောင့် အပူဒဏ်ခံစားရမှုရှိနိုင်သည့်အတွက် မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ်အတွင်းရှိ ရွာပုလဲကြီး၊ ကန်ရှည်၊ သဲပုတ်ကုန်း၊ ဘွဲ့ခြား၊ ကျီတိုင်ကုန်း(မြောက်)ရွာ၊ ကြာဘက်ကုန်း၊ အုတ်ဖို၊ ဉသျှစ်ကုန်း(မြောက်)ရွာတို့တွင် အပူဒဏ်ကြောင့် ရွာတွင်းရှိ ရေတွင်းများမှ ရေများခန်းခြောက်လာမှုကြောင့် သောက်သုံးရေအခက်အခဲနှင့် ကြုံတွေ့နေရသည်ဟု သိရသည်။

အဆိုပါကျေးရွာများသို့ မြို့နယ်စီမံခန့်ခွဲမှုကော်မတီ၏စီစဉ်မှု၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ပံ့ပိုးကူညီမှုတို့ဖြင့် မြို့နယ် "ဇေယျသုခ"ရေလှူအသင်းကြီးက အသင်းပိုင်ရေဂါလန်



၁၆၀၀ ဆံ့ ရေသယ်ယာဉ်ကြီးဖြင့် မတ် ၁ ရက်မှ ယနေ့အထိ သွားရောက်၍ သောက်သုံးရေများကို စနစ်တကျဖြန့်ဝေလှူဒါန်းပေးလျက်ရှိသည်ကို တွေ့ရသည်။ **(အပေါ်ပုံ)**

"ဇေယျသုခ"ရေလှူအသင်းကြီး အနေဖြင့် မတ် ၁ ရက်မှ ယနေ့အထိ သောက်သုံးရေ ဂါလန်ပေါင်း ၁၉၂၀၀ ကို ပေးဝေလှူဒါန်းနိုင်ခဲ့ပြီးဖြစ်ကြောင်းသိရသည်။

**(မောင်ကို-သာစည်)**

❑❑❑

## နိုင်ငံတော်သံစုံတီးဝိုင်း မန္တလေးမြို့ အမျိုးသားဇာတ်ရုံတွင် အခမဲ့ဖျော်ဖြေမည်

**မန္တလေး မတ် ၇**

ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့်ရုပ်မြင်သံကြား နိုင်ငံတော်သံစုံတီးဝိုင်းနှင့် ဂျပန်နိုင်ငံမှ ဂီတစာဆိုတီးဝိုင်းခေါင်းဆောင် Mr. YUNOSUKE YAMAMOTO (Conductor & Composer)နှင့် စန္ဒရားဆရာမ Mrs. KYOKO KOYAMA တို့နှင့် ပူးပေါင်းတင်ဆက်သည့် Myanmar National Symphony Orchestra Concert (2016) ဖျော်ဖြေပွဲကို မတ် ၁၅ ရက် ညနေ ၆ နာရီတွင် မန္တလေးမြို့ အမျိုးသားဇာတ်ရုံ၌ ဖျော်ဖြေတင်ဆက်ပေးမည်ဖြစ်ပြီး မည်သူမဆို အခမဲ့လာရောက်ကြည့်ရှုအားပေးနိုင်သည်။

အဆိုပါ ထူးခြားသည့် ဂန္ထဝင်ဂီတဆည်းဆာဖျော်ဖြေပွဲကို မြန်မာ့အသံနှင့်ရုပ်မြင်သံကြား News Channel မှ တိုက်ရိုက် (Live) ထုတ်လွှင့်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

# အမေရိကန်သမ္မတကတော်ဟောင်း နန်စီရေဂင် ကွယ်လွန်



**လော့စ်အိန်ဂျလိစ် မတ် ၇**

အသက် (၉၄)နှစ်ရှိ အမေရိကန်သမ္မတကတော်ဟောင်း နန်စီရေဂင်သည် မတ် ၆ ရက်တွင် ကွယ်လွန်သွားခဲ့ပြီ ဖြစ်သည်။ နန်စီရေဂင်သည် ကာလီဖိုးနီးယားပြည်နယ်ရှိ ၎င်း၏ နေအိမ်တွင် နှလုံးရောဂါဖြင့် ကွယ်လွန်သွားခဲ့ခြင်းဖြစ်ကြောင်း နီးစပ်သူများက ပြောကြားသည်။

ရုပ်ရှင်သရုပ်ဆောင်တစ်ဦးဖြစ်သည့် နန်စီသည် ၁၉၅၂ ခုနှစ်တွင် ရုပ်ရှင်မင်းသား ရော်နယ်ရေဂင်နှင့် လက်ထပ်ခဲ့သည်။ ခင်ပွန်းဖြစ်သူ ရော်နယ်ရေဂင်သည် ကာလီဖိုးနီးယားပြည်နယ်အုပ်ချုပ်ရေးမှူးအဖြစ် တာဝန်ထမ်းဆောင်ခွင့်ရရှိခဲ့ပြီး ထိုမှတစ်ဆင့် ၁၉၈၁ ခုနှစ်တွင် အမေရိကန်သမ္မတ ဖြစ်လာခဲ့သည်။

နန်စီသည် သမ္မတကတော်အဖြစ်ရှိနေစဉ် လူငယ်ထုအတွင်း မူးယစ်ဆေးဝါးတိုက်ဖျက်ရေးလုပ်ငန်းများကို တက်ကြွစွာ ပါဝင်ဆောင်ရွက်ခဲ့သူဖြစ်သည်။ ထို့ပြင် နန်စီသည် အိမ်ဖြူတော်ပြန်လည်ပြုပြင်တည်ဆောက်ရေးလုပ်ငန်းများတွင် မလိုအပ်ဘဲ အလွန်အကျွံသုံးစွဲမှုများနှင့်ပတ်သက်၍လည်း ဝေဖန်ခဲ့ပြီး ခင်ပွန်းဖြစ်သူသမ္မတ၏ ဆုံးဖြတ်ချက်များတွင်လည်း ပါဝင်ပတ်သက်ခဲ့သည်။

နန်စီသည် တရုတ်နှင့် အမေရိကန်နိုင်ငံအကြား အပြန်အလှန်ချစ်ကြည်ရင်းနှီးမှုအတွက် လုပ်ဆောင်ခဲ့သူဖြစ်ပြီး နှစ်နိုင်ငံအကြား အပြုသဘောဆောင်သော ဆက်ဆံရေးဖြစ်ထွန်းရန် ပါဝင်လုပ်ဆောင်ခဲ့သူဖြစ်ကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ ဟောင်လီက အပတ်စဉ်ပြုလုပ်သည့် သတင်းထုတ်ပြန်ပွဲ၌ ပြောကြားသည်။

နန်စီသည် ခင်ပွန်းဖြစ်သူ နိုင်ငံရေးမှအနားယူသွားခဲ့ချိန်တွင်လည်း ပြုစုစောင့်ရှောက်ခဲ့ပြီး ရော်နယ်ရေဂင် အယ်ဇိုင်းမားရောဂါဖြင့် ၂၀၀၄ ခုနှစ်တွင် ကွယ်လွန်သွားခဲ့ချိန်ထိ ပြုစုစောင့်ရှောက်ပေးခဲ့သည်။ နန်စီသည် အယ်ဇိုင်းမားရောဂါဆိုင်ရာသုတေသနပြုလုပ်ရေးနှင့် ရန်ပုံငွေထူထောင်ပေးသူတစ်ဦးလည်းဖြစ်ခဲ့သည်။ **အင်န်အိတ်ချ်ကေ။**

# နိုင်ငံပိုင်ငွေကြေးများအလွဲသုံးစားပြုလုပ်သူ အီရန်ဘီလျံနာ သေဒဏ်ချမှတ်ခံရ



**တီဟီရန် မတ် ၇**

ဒေသန္တရမီဒီယာများ၏ အဆိုအရ ငွေကြေးအလွဲသုံးစားမှုနှင့် အကျင့်ပျက်ခြစားမှုကြောင့် အီရန်ဘီလျံနာ ဘာဘတ်ခ်ဇန်ဂျာနီအား သေဒဏ်ပြစ်ဒဏ် ချမှတ်လိုက်ကြောင်း သိရသည်။

တရားရုံးတွင် ကာလရှည်အမှုရင်ဆိုင်ပြီးနောက် အသက် (၄၁) နှစ်အရွယ်ရှိ ဇန်ဂျာနီနှင့်အခြားလူနှစ်ဦးအား တရားရုံးက သေဒဏ်ချမှတ်လိုက်ကြောင်း တရားရေးဆိုင်ရာ ပြောရေးဆိုခွင့်ရှိသူ ဂိုလမ်ဟော့စိန်မို့ဆန်နီအီဂျေးက သတင်းထောက်များသို့ ပြောကြားကြောင်း နိုင်ငံပိုင်အသံလွှင့်ဌာနက ပြောကြားသည်။ ဇန်ဂျာနီမှာ တိုင်းပြည်သို့ ပြန်ပေးရမည့် နိုင်ငံပိုင်ငွေကြေးများအား အလွဲသုံးစားပြုခဲ့သည်ဟု စွပ်စွဲခံထားရသည်။

Qeshm လေကြောင်းလိုင်းများပိုင်ဆိုင်သူ ဇန်ဂျာနီမှာ အီရန်နိုင်ငံအပေါ် ချမှတ်ထားသည့် ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ ပိတ်ဆို့မှုများကိုရှောင်ရှားကာ ရေနံများရောင်းချနိုင်မှုကြောင့် ကျော်ကြားလာခဲ့သည်။ "ပိတ်ဆို့ထားတဲ့ကာလအတွင်း အစိုးရအတွက် ကျွန်တော် ရေနံတွေရောင်းချပေးနိုင်ခဲ့ပြီး ဒါကို တိုင်းပြည်က အသိအမှတ်ပြုသင့်ပါတယ်"ဟု တရားရုံးအမှုစစ်ဆေးစဉ်ကာလအတွင်း ဇန်ဂျာနီက ပြောကြားသည်။

အီရန်အကြီးတန်းတာဝန်ရှိသူများ၏အဆိုအရ ဇန်ဂျာနီသည် အီရန်အစိုးရသို့ ယူရိုနှစ်ဘီလီယံ (အမေရိကန်ဒေါ်လာ ၂ ဒသမ ၂၅ ဘီလီယံခန့်) အကြွေးပေးရန်ရှိပြီး ၎င်းအနေဖြင့် စီရင်ချက်ကို အယူခံဝင်နိုင်ကြောင်း သိရသည်။

**ကျိူးဒိုနယူးစ်**

# အိန္ဒိယနိုင်ငံ အနောက်ပိုင်း ဂူဂျာရတ်ပြည်နယ်၌ အကြမ်းဖက်မှု သတိပေးချက်ထုတ်ပြန်

**နယူးဒေလီ မတ် ၇**

အိန္ဒိယနိုင်ငံ အနောက်ပိုင်း ဂူဂျာရတ်ပြည်နယ်အတွင်း အကြမ်းဖက်တိုက်ခိုက်မှုများပြုလုပ်ရန် ပါကစ္စတန်အခြေစိုက်သံသယရှိသူ အကြမ်းဖက်သမား ၁၀ ဦး ဝင်ရောက်လာကြောင်း ထောက်လှမ်းရေးသတင်းများအရသိရပြီးနောက် ပြည်နယ်အာဏာပိုင်များက အကြမ်းဖက်မှုဆိုင်ရာသတိပေးချက် ထုတ်ပြန်လိုက်သည်။

ယင်းသတိပေးချက်ထုတ်ပြန်မှုကြောင့် ဂူဂျာရတ်ပြည်နယ်အတွင်းရှိ ဘတ်စ်ကားဂိတ်များ၊ ရထားဘူတာရုံများ စသည့် အများပြည်သူစုဝေးရာနေရာများ၌ လုံခြုံရေးအရ တင်းကျပ်မှုများ ပြုလုပ်ခဲ့သည်။

ပါကစ္စတန်နိုင်ငံတွင်းမှ အကြမ်းဖက်သမားများသည် ရေကြောင်းခရီးဖြင့် အိန္ဒိယနိုင်ငံအတွင်းသို့ ဝင်ရောက်လာဖွယ်ရှိခြင်းကြောင့် အကြမ်းဖက်သမားများအား ဟန့်တားနိုင်ရေးအတွက် အိန္ဒိယလုံခြုံရေးတပ်ဖွဲ့များအား အဓိက စစ်ဆင်ရေးလုပ်ငန်းများလုပ်ဆောင်ရန် စတင်ဖြန့်ကြက်ထားကြောင်း သတင်းရပ်ကွက်များအရ သိရသည်။ **ဆင်ဟွာ။**



# ဆန်မှောင်ခိုဂိုဏ်းအား တရုတ်အာဏာပိုင်များဖြိုခွင်း၊ သံသယရှိသူ ၃၄ ဦးအားဖမ်းဆီး

**ပေကျင်း မတ် ၇**

တရုတ်နိုင်ငံတောင်ပိုင်း၌ ဆန်မှောင်ခိုကူးသည်ဟု သံသယရှိသည့် ဂိုဏ်းခုနစ်ဂိုဏ်းအား ဖြိုခွင်းလိုက်ကြောင်း အကောက်ခွန်အထွေထွေအုပ်ချုပ်ရေးဌာန (GAC) က မတ်လ ၇ ရက်တွင် ပြောကြားသည်။

အဆိုပါဂိုဏ်းများမှာ ယွမ် ၆၇ သန်း(အမေရိကန်ဒေါ်လာ ၁၀ ဒသမ ၃၁ သန်း) ခန့်တန်ကြေးရှိ ဆန်တန်ချိန် ၁၃၄၀၀ မှောင်ခိုကူးသည်ဟု သံသယရှိထားသည်။ ချုံကျင်း၊ ကူမင်း၊ ချန်းရှာနှင့် ကွိရန်မြို့များမှ အကောက်ခွန်အာဏာပိုင်များက ဒေသန္တရရဲတပ်ဖွဲ့၏ အကူအညီဖြင့် မတ် ၅ ရက်က ပြုလုပ်ခဲ့သော စစ်ဆင်ရေးအတွင်း သံသယရှိသူ ၃၄ ဦးအားဖမ်းဆီးခဲ့ပြီး ဆန်တန်ချိန် ၁၀၀၀ ကျော်အား သိမ်းဆည်းခဲ့သည်။ မြန်မာနှင့် ဗီယက်နမ်နိုင်ငံများမှ ဝယ်ယူခဲ့သော ဆန်များကို တရုတ်နိုင်ငံအနောက်တောင်ပိုင်း ယူနန်ပြည်နယ်သို့မှောင်ခိုကူးကာ ပြန်လည်ထုပ်ပိုး၍ ချုံကျင်းမြို့၊ ဟူနန်နှင့် ကွိကျိုးပြည်နယ်များ အပါအဝင် ဒေသအချို့သို့ ရောင်းချခဲ့ကြောင်း GAC က ဆိုသည်။

ယခုနှစ်စကတည်းက အဆင့်ဆင့်သော အကောက်ခွန်အာဏာပိုင်များက တောင်သူလယ်သမားများ၏ အကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်ရန်နှင့် တိုင်းပြည်၏ လယ်ယာစိုက်ပျိုးရေးလုပ်ငန်း လုံခြုံမှုကို ကာကွယ်ပေးမည့် ဆန်မှောင်ခိုကူးခြင်းအပေါ် ဖြိုခွင်းရန်ကြိုးပမ်းမှုများ မြှင့်တင်လုပ်ဆောင်ခဲ့သည်။ မတ် ၅ ရက်မှစတင်၍ အကောက်ခွန်ဌာနက တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဆန်မှောင်ခိုကူးမှု ၁၇၄ မှုကို ဖြိုခွင်းခဲ့ပြီး ယင်းအမှုများအတွင်း ဆန်တန်ချိန် ၅၀၀၀၀ ကျော်ပါဝင်ခဲ့သည်။ **ဆင်ဟွာ။**



# သီရိလင်္ကာရေပိုင်နက်အတွင်း ငါးဖမ်းမှုဖြင့် အိန္ဒိယရေလုပ်သား ၂၉ ဦးအား ဖမ်းဆီး

**ကိုလံဘို မတ် ၇**

သီရိလင်္ကာနိုင်ငံ၏ ပိုင်နက်ရေပြင်အတွင်း ဝင်ရောက်ငါးဖမ်းမှုဖြင့် အိန္ဒိယနိုင်ငံသား ရေလုပ်သား ၂၉ ဦးအား ယမန်နေ့က ဖမ်းဆီးခဲ့သည်။

သီရိလင်္ကာနိုင်ငံ၏ ပင်လယ်ပြင်ပိုင်နက် အနောက်မြောက်ဘက်နှင့် မြောက်ဘက်ဒေသနှစ်ခုတွင် အိန္ဒိယနိုင်ငံသားများ ငါးဝင်ရောက်ဖမ်းဆီးမှုကို သီရိလင်္ကာကမ်းခြေစောင့်တပ်ဖွဲ့၏ အကူအညီဖြင့် ဖမ်းဆီးခဲ့ခြင်းဖြစ်ကြောင်း သီရိလင်္ကာရေတပ်က ပြောကြားသည်။

သီရိလင်္ကာရေတပ်သည် ငါးဖမ်းစက်လှေတစ်စင်းနှင့် အခြားမော်တော်ဘုတ်ငယ်သုံးစင်းကို ၎င်းရေယာဉ်များပေါ်၌ လိုက်ပါလာသူများနှင့်အတူ ဖမ်းဆီးရမိပြီး ဒေသဆိုင်ရာရေအရင်းအမြစ်နှင့် ငါးလုပ်ငန်းဌာန အာဏာပိုင်များနှင့် ရဲတပ်ဖွဲ့ထံလွှဲအပ်ခဲ့ကြောင်း သတင်းတွင်ဖော်ပြသည်။

လွန်ခဲ့သည့် နှစ်များအတွင်းကလည်း သီရိလင်္ကာရေပိုင်နက်အတွင်း ဝင်ရောက်ငါးဖမ်းမှုဖြင့် အိန္ဒိယရေလုပ်သားများကို ဖမ်းဆီးရမိခဲ့သည်။ အိန္ဒိယနှင့် သီရိလင်္ကာ နှစ်နိုင်ငံအနေဖြင့် ငါးခိုးဖမ်းမှုပြဿနာ အဖြေရှာရေးအတွက် ကြိုးစားအားထုတ်လျက်ရှိသည်။

အိန္ဒိယနိုင်ငံမှ ရေလုပ်သားများအရေးနှင့်ပတ်သက်၍ ၎င်းအနေဖြင့် သီရိလင်္ကာနိုင်ငံ ခေါင်းဆောင်များနှင့် တိုင်ပင်နှီးနှောမှုများ ပြုလုပ်မည်ဟူ၍ အိန္ဒိယနိုင်ငံ ပြည်ပရေးရာဝန်ကြီး ဆူရှမာဆွတ်ရတ်က ရက်သတ္တပတ်အတွင်းက ပြောကြားချက်ကို အိန္ဒိယသတင်းမီဒီယာများက ကောက်နုတ်ဖော်ပြကြသည်။

**ဆင်ဟွာ။**

ပြည်တွင်းရေးရာ

# လာမည့် ဆယ်စုနှစ်ကာလများအတွင်း အပူချိန်မြင့်တက်မှု၊ မိုးရွာသွန်းမှုပုံစံပြောင်းလဲမှု၊ ဆိုင်ကလုန်းမုန်တိုင်းတိုက်ခတ်မှု၊ ရေကြီးမှုများ ပိုမိုဖြစ်ပေါ်လာနိုင်သည့်အတွက် လိုက်လျောညီထွေဖြစ်စေမည့် လုပ်ငန်းစဉ်များကို ဦးစားပေးဆောင်ရွက်

**နေပြည်တော် မတ် ၇**

ယနေ့ဖိုရမ်တွင် အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား ရာသီဥတုပြောင်းလဲမှုနှင့် လိုက်လျောညီထွေဖြစ်စေမည့် ဆောင်ရွက်ချက်များ၊ စားနပ်ရိက္ခာဖူလုံရေးနှင့် အသက်မွေးဝမ်းကျောင်း ဖွံ့ဖြိုးရေးအတွက် အထောက်အပံ့ဖြစ်စေမည့် အစီအစဉ်များ၊ တက္ကသိုလ်များတွင် သင်ရိုးညွှန်းတမ်းရေးဆွဲ ပြဋ္ဌာန်းရေးကိစ္စရပ်များကို ဆွေးနွေးအကြံပြုသွားကြမည်ဖြစ်ပြီး အာဆီယံအသိုက်အဝန်းအတွက် များစွာအကျိုးရှိမည်ဖြစ်ကြောင်း မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်က ယနေ့ကျင်းပသော **ရာသီဥတုပြောင်းလဲမှုဆိုင်ရာ အသိပညာ၊ ကျွမ်းကျင်မှုနှင့် စွမ်းဆောင်ရည်မြင့်မားရေး အာဆီယံဖိုရမ်**တွင် ပြောကြားသည်။ **(ယာပုံ)**




**ရာသီဥတုပြောင်းလဲမှုဆိုင်ရာ အသိပညာ၊ ကျွမ်းကျင်မှုနှင့် စွမ်းဆောင်ရည်မြင့်မားရေး အာဆီယံဖိုရမ်**ကို နေပြည်တော်ရှိ သင်္ဂဟဟိုတယ်တွင် သုံးရက်တာ ကျင်းပသွားမည်ဖြစ်ပြီး ရာသီဥတုပြောင်းလဲမှုအကျိုးဆက်များသည် နိုင်ငံတစ်နိုင်ငံတည်းတွင် ဖြစ်ပေါ်လေ့မရှိဘဲ နိုင်ငံဖြတ်ကျော်ဖြစ်စဉ်များဖြစ်သည့်အတွက် အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား အတွေ့အကြုံများ၊ ဗဟုသုတများ၊ နည်းပညာများမျှဝေရေးနှင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ အသိပညာ၊ ကျွမ်းကျင်မှုနှင့် စွမ်းဆောင်ရည် တိုးတက်မြင့်မားရေးအတွက် ရည်ရွယ်၍ ကျင်းပခြင်းဖြစ်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက လာမည့် ဆယ်စုနှစ်ကာလများအတွင်း မြန်မာနိုင်ငံတွင် အပူချိန်မြင့်တက်မှု၊ မိုးရွာသွန်းမှု ပုံစံပြောင်းလဲမှု၊ ဆိုင်ကလုန်းမုန်တိုင်းတိုက်ခတ်မှု၊ ရေကြီးမှုများ ပိုမိုဖြစ်ပေါ်လာနိုင်သည်ဟု ကျွမ်းကျင်ပညာရှင်များက ခန့်မှန်းတွက်ချက်ထားပါကြောင်း၊ ထို့ကြောင့် နိုင်ငံတော်အစိုးရအနေဖြင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ တုံ့ပြန်ရေးအစီအစဉ်များ၊ လိုက်လျောညီထွေဖြစ်စေမည့် လုပ်ငန်းစဉ်များကို ဦးစားပေးဆောင်ရွက်လျက်ရှိပါကြောင်း။

ကမ္ဘာ့ရာသီဥတု ဘေးအန္တရာယ်ညွှန်းကိန်း ၂၀၁၄ အရ မြန်မာနိုင်ငံသည် ကမ္ဘာပေါ်တွင် ရာသီဥတုပြောင်းလဲမှုကြောင့် ထိခိုက်လွယ်မှု ဒုတိယအများဆုံး နိုင်ငံဖြစ်ပါကြောင်း၊ စိုက်ပျိုးရေးကို အခြေခံသည့် နိုင်ငံတစ်နိုင်ငံဖြစ်ပြီး စိုက်ပျိုးရေးကဏ္ဍသည် နိုင်ငံအသားတင်ထုတ်လုပ်မှု တန်ဖိုး၏ ၃၇ ရာခိုင်နှုန်းရှိကြောင်း၊ လုပ်သား ၈၁ ရာခိုင်နှုန်းသည် စိုက်ပျိုးရေးကဏ္ဍတွင် လုပ်ကိုင်လျက်ရှိပါကြောင်း၊ စိုက်ပျိုးထုတ်လုပ်မှုအပိုင်းတွင် မိုးရေကိုသာ အဓိကအားထားနေရသေးသည့်အတွက် မိုးရွာသွန်းမှုပုံစံနှင့် ကာလပြောင်းလဲမှုတို့ကြောင့် ကြီးမားသောစိန်ခေါ်မှုများကို ရင်ဆိုင်ကြုံတွေ့နေရပါကြောင်း။

လွန်ခဲ့သော ဆယ်စုနှစ်ခြောက်ခုအတွင်း ရာသီဥတုပြောင်းလဲမှုနှင့် ဆက်စပ်သည့် သဘာဝဘေးအန္တရာယ်များဖြစ်သည့် ဆိုင်ကလုန်းမုန်တိုင်းတိုက်ခတ်မှု၊ ရေကြီးနစ်မြုပ်မှု၊ မြေပြိုမှုနှင့် မိုးခေါင်ရေရှားပါးမှုဒဏ်များကို နှစ်စဉ် ရင်ဆိုင်ကြုံတွေ့ခဲ့ရပါကြောင်း၊ ကိန်းဂဏန်းအချက်အလက်များဖြင့် သာဓကပြုတင်ပြရလျှင် မြစ်ဝကျွန်းပေါ်ဒေသတွင် နှစ်နှစ်လျှင် စိုက်ပျိုးမြေဟက်တာ နှစ်သန်းခန့် ရေကြီးနစ်မြုပ်ခဲ့ပြီး ဟက်တာ ၃ ဒသမ ၂၅ သန်းသည် သီးနှံပျက်စီးဆုံးရှုံးမှုနှင့် ကြုံတွေ့နေရပါကြောင်း၊ နာဂစ်မုန်တိုင်းနှင့် ဂီရိမုန်တိုင်းတိုက်ခတ်မှုများကြောင့် ဧရာဝတီတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့တွင် ပျက်စီးဆုံးရှုံးမှုများ ကြီးစွာဖြစ်ပေါ်ခဲ့ပြီး ဆားငန်ရေများ ဝင်ရောက်မှုကြောင့် ရေလုပ်ငန်း ကဏ္ဍဖွံ့ဖြိုးမှုကို များစွာထိခိုက်ခဲ့ရပါကြောင်း၊ ၂၀၁၀ ခုနှစ်နှင့် ၂၀၁၁ ခုနှစ်တွင် အပူလှိုင်းကျရောက်မှုကြောင့် မွေးမြူရေးကဏ္ဍတွင် ကြီးမားသော ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့ရပါကြောင်း။

ယခုလက်ရှိကာလတွင် အယ်နီညိုကျရောက်မှုကြောင့် ကျေးလက်ဒေသများတွင် ရေရှားပါးမှုများ၊ မီးလောင်ဆုံးရှုံးမှုများ ဖြစ်ပေါ်နေသည့်အတွက် တုံ့ပြန်ရေးအစီအစဉ်များ ရေးဆွဲချမှတ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း။

သက်ဆိုင်ရာကဏ္ဍအလိုက် ရာသီဥတုပြောင်းလဲမှုနှင့် လိုက်လျောညီထွေဖြစ်စေမည့် အစီအစဉ်များကို ဆောင်ရွက်နိုင်ရန် အမျိုးသားရာသီဥတုပြောင်းလဲမှု မဟာဗျူဟာနှင့် လုပ်ငန်းအစီအစဉ် ၂၀၃၀ ကို ရေးဆွဲလျက်ရှိပြီး မကြာမီအတည်ပြုထုတ်ပြန်သွားမည်ဖြစ်ကြောင်း၊ ပညာပေးအစီအစဉ်များနှင့် ဇီဝလုံခြုံမှုဆိုင်ရာစီမံချက်များကိုလည်း သက်ဆိုင်ရာအဖွဲ့အစည်းများမှ အကောင်အထည်ဖော်လျက်ရှိပြီး UNEP၊ UN-HABITAT နှင့်ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနတို့၏ ဦးဆောင်မှုဖြင့် မြန်မာနိုင်ငံရာသီဥတုပြောင်းလဲခြင်းဆိုင်ရာ ပူးပေါင်းအဖွဲ့ကို ထူထောင်ဆောင်ရွက်လျက်ရှိပါကြောင်း ပြောကြားသည်။

အဆိုပါဖိုရမ်တွင် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ အတွေ့အကြုံများ၊ အကျိုးသက်ရောက်မှုများနှင့် စပ်လျဉ်း၍ လည်းကောင်း၊ တက္ကသိုလ်များတွင် သင်ရိုးညွှန်းတမ်းရေးဆွဲပြဋ္ဌာန်းရေးနှင့် စပ်လျဉ်း၍ လည်းကောင်း၊ သုတေသနပြုဆောင်ရွက်သွားမည့် အခြေအနေများနှင့် စပ်လျဉ်း၍လည်းကောင်း၊ ဆက်လက်ဆောင်ရွက်သွားမည့် မူဝါဒလမ်းစဉ်များနှင့် စပ်လျဉ်း၍လည်းကောင်း ဆွေးနွေးသွားမည်ဖြစ်ပြီး ဖိုရမ်အတွင်း လေ့လာရေးခရီးစဉ်များလည်း ပါဝင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

နည်းပညာသတင်း

## ဆမ်ဆောင်းနောက်ဆုံးထုတ်ကုန်များ မြန်မာနိုင်ငံသို့ မကြာမီရောက်ရှိမည်

**ရန်ကုန် မတ် ၇**

Samsung Myanmar မှ Galaxy ထုတ်ကုန် series များမှ နောက်ဆုံးထုတ်ကုန်များဖြစ်သည့် Samsung Galaxy S7 နှင့် Galaxy S7 edge ဖုန်းများ မြန်မာနိုင်ငံသို့ မကြာမီရောက်ရှိလာမည်ဖြစ်ကြောင်း သိရသည်။ အဆင့်မြင့်ကင်မရာလုပ်ဆောင်ချက်၊ ချောမွေ့မြန်ဆန်သည့် Software အရည်အသွေး၊ အကောင်းဆုံးချိတ်ဆက်မှုဖြင့် အသုံးပြုသူများ၏ လူနေမှုဘဝများတွင် အသုံးဝင်ရန်ရည်ရွယ်၍ ဖန်တီးခဲ့ခြင်းဖြစ်သည်ဟု သိရသည်။




Samsung Myanmar ၏ Managing Director Mr. Nam Sik Ahn က "ကျွန်တော်တို့က အသုံးပြုသူတွေကို နည်းပညာအကူအညီနဲ့ သူတို့ရဲ့ နေထိုင်မှုဘဝတွေမှာ ပိုမိုအကျိုးရှိလာစေဖို့၊ ဖြစ်နိုင်ခြေရှိတာတွေ အားလုံးကို ရှေ့ဆက်တိုးလုပ်ဆောင်နိုင်ဖို့ ဖန်တီးထားခြင်းဖြစ်ပါတယ်" ဟု ပြောကြားခဲ့သည်။

Galaxy S7 နှင့် Galaxy S7 edge တို့တွင် စမတ်ဖုန်းများအတွက် ပထမဆုံးသော Dual Pixel Camera ကို မိတ်ဆက်ပေးလိုက်ပြီး အလင်းရောင်နည်းပါးသည့် အခြေအနေ၌ပင် တောက်ပကြည်လင်ပြတ်သားသော ရုပ်ပုံများကို ဖန်တီးပေးမည်ဖြစ်သည်။ ပိုမိုကျယ်ဝန်းသည့် Aperture၊ အလင်းရောင်အားမြင့်မှန်ဘီလူး၊ ပိုမိုကြီးမားသည့် Pixel၊ လျင်မြန်သည့် Shutter Speed နှင့် အလင်းရောင်အားနည်းသည့်အချိန်မှာပင် ချိန်ညှိနိုင်သော တိကျသည့် Autofocus စသည့်အရည်အသွေးများ ပေးစွမ်းနိုင်သည့် Dual Pixel Camera နည်းပညာကို ထည့်သွင်းထားသည်။ ကင်မရာ၏ Mode အသစ်တစ်ခုဖြစ်သည့် Motion Panorama သည်လည်း ပုံမှန်မြင်ကွင်းကျယ်ဓာတ်ပုံများဆီသို့ လှုပ်ရှားမှုပုံရိပ်များကို သယ်ဆောင်လာသောကြောင့် အသုံးပြုသူကို အထူးနက်ရှိုင်းသော အမြင်အာရုံအတွေ့အကြုံကို ရရှိစေနိုင်သည်။ ၅ ဒသမ ၁ လက်မအရွယ် Galaxy S7 နှင့် ၅ ဒသမ ၅ လက်မအရွယ် Galaxy S7 edge တို့အား 3D Glass နှင့် သတ္တုကို အသုံးပြု၍ တည်ဆောက်ထားပြီး တာရှည်ခံမှုနှင့်အတူ သက်သောင့်သက်သာ ကိုင်ဆောင်နိုင်စေမည့် ကောက်ကြောင်းများဖြင့် ဖန်တီးထားသည်။ ဖုန်းလက်ခံပြောဆိုမှုများနှင့် အရေးကြီးသော အချက်အလက်ပေးမှုများကို လစ်ဟာသွားခြင်းမရှိစေရန်နှင့် ဖုန်းကို ထိတွေ့ရန်မလိုအပ်သော Always-On Display စနစ်ကြောင့် အသုံးပြုသူများအတွက် ရိုးရှင်းထိရောက်သော စွမ်းဆောင်မှုကိုလည်း ပေးစွမ်းမည်ဖြစ်သည်။

ယင်းပစ္စည်းသည် အလွန်လျင်မြန်သည့် ကြိုးစနစ်နှင့် ကြိုးမဲ့စနစ် အားသွင်းနည်းပညာပါပြီး Hybrid SIM card နေရာတွင် 200GB ပမာဏရှိ Micro SD card ကို ထည့်သွင်းအသုံးပြုနိုင်သည်။

ဂိမ်းကစားရာတွင် စွမ်းဆောင်ရည် ပိုမိုကောင်းမွန်လာစေရန် Hardware နှင့် Software နှစ်ပိုင်းလုံးကို သိသိသာသာ ပြုပြင်မွမ်းမံမှုများ ပြုလုပ်ခဲ့သည်။

အသုံးပြုသူများအနေဖြင့် ၎င်းတို့၏ ဂိမ်းကစားမှုအတွေ့အကြုံများကို မှတ်တမ်းတင်ခြင်းနှင့် အခြားသူငယ်ချင်းများနှင့်အတူ Screen ကို မျှဝေကစားခြင်းများလည်း ပြုလုပ်နိုင်သည်။ Galaxy S7 edge အား မြန်မာနိုင်ငံ၌ မတ် ၂၀ ရက်တွင် ငွေကျပ် ၉၀၀၀၀၀ ဖြင့် စတင်ဝယ်ယူနိုင်မည်ဖြစ်သည်။ **(ကြေးမုံ)**

## ခရီးသည်ချနေသည့် ယာဉ်အား ဘုရားဖူးယာဉ်က ဝင်တိုက်၊ နှစ်ဦး သေဆုံးပြီး ၁၅ ဦးဒဏ်ရာရ

**မိတ္ထီလာ မတ် ၇**

ရန်ကုန်-မန္တလေးအမြန်လမ်း သီးကုန်းအမြန်လမ်းရဲစခန်းအပိုင် မိုင်တိုင်အမှတ်(၃၀၈/၇)တွင် ယနေ့ နံနက် ၆ နာရီခွဲက ခရီးသည်ချနေသည့် ခရီးသည်တင်ယာဉ်အား ဘုရားဖူးယာဉ်က နောက်မှဝင်တိုက်ရာမှ နှစ်ဦးသေဆုံးပြီး ၁၅ ဦး ဒဏ်ရာရရှိခဲ့သည့် ယာဉ်တိုက်မှုတစ်ခုဖြစ်ပွားခဲ့သည်။

ဖြစ်ပွားပုံမှာ ရန်ကုန်-မန္တလေးအမြန်လမ်း မိုင်တိုင်အမှတ်(၃၀၈/၇)တွင် မန္တလေးမြို့ ပြည်ကြီးတံခွန် မြို့နယ် (၆၁)လမ်းနေ ကိုသန်းဝင်းအောင်(၄၂)နှစ် မောင်းနှင်သည့် ရန်ကုန်-မန္တလေး ခရီးသည်တင် မန်းရွှေမြို့တော် ခရီးသည်တင်ယာဉ် 9F/--- ခရီးသည်ချနေစဉ် ရန်ကုန်မြို့ မြောက်ဥက္ကလာ(ည)ရပ်ကွက်နေ ကျော်ခိုင်မိုး(၂၃)နှစ် မောင်းနှင်သည့် BANGO 9G/--- ယာဉ်က နောက်မှဝင်တိုက်ခဲ့သည်။

ဤကဲ့သို့ ဘုရားဖူးယာဉ်က ခရီးသည်တင်ယာဉ်အား နောက်မှ ဝင်ရောက်တိုက်မိသဖြင့် ဘုရားဖူးယာဉ်ပေါ်ပါ ရန်ကုန်မြို့ မြောက်ဥက္ကလာ(ဍ)ရပ်ကွက်နေ ဦးဇော်သန်းဦး (၅၂)နှစ်နှင့် သမီးဖြစ်သူ မမိုးသီတာ(၃၅)နှစ်တို့မှာ နေရာတွင်ပင် သေဆုံးခဲ့သည်။ ယာဉ်မောင်းအပါအဝင် ဘုရားဖူးယာဉ်ပေါ်ပါ သန်းဇော်(၃၀)နှစ်၊ ဦးဝင်းမြင့်(၃၇)နှစ်၊ မသက်မာဦး(၃၀)နှစ်၊ ရဲမင်းထွန်း(၂၄)နှစ်၊ ဒေါ်မြင့်မြင့်စိန်(၅၆)နှစ်၊ မချစ်ပို(၂၄)နှစ်၊ မောင်ထက်ဝေယံကျော်နှစ်နှစ်၊ ဦးဝင်းရွှေ(၆၄)နှစ်၊ မမေသန္တာဇော်(၃၅)နှစ်၊ မမြင့်မြင့်(၅၃)နှစ်၊ ဒေါ်အေးမြင့် (၅၆)နှစ်၊ ကိုဝင်းနိုင်ဦး(၂၄)နှစ်၊ ကိုမျိုးဟိန်း(၃၃)နှစ်၊ မစိမ့်စမ်း(၁ နှစ် ၆ လ) တို့မှာ ဒဏ်ရာများရရှိသဖြင့် မိတ္ထီလာဆေးရုံကြီးတွင် အတွင်းလူနာအဖြစ် တင်ပို့ထားရသည်။

ယာဉ်တိုက်မှုဖြစ်လျှင်ဖြစ်ခြင်း သီးကုန်းအမြန်လမ်းမှ ရဲအုပ် ဌေးအောင်နှင့် ရဲတပ်ဖွဲ့ဝင်များ၊ အမြန်လမ်းကြက်ခြေနီ တပ်ဖွဲ့တပ်ရင်းမှူး ဦးနေဦးတို့က ဒဏ်ရာရရှိသော ခရီးသည်များအား မိတ္ထီလာဆေးရုံသို့ အမြန်ကူညီတင်ပို့ပေးကြသည်။ သီးကုန်းအမြန်လမ်းရဲစခန်းမှ ယာဉ်တိုက်မှုအား စစ်ဆေးဆောင်ရွက်လျက်ရှိသည်။

**တင်လှိုင်(မိတ္ထီလာ)**



# တန်ဖိုးရှိဖို့ တန်ဖိုးသိဖို့

**ဒေါက်တာအေးမြတ်လွင်**

လူတွေဟာ မိမိတို့နဲ့ပတ်သက်တဲ့ အသုံးဝင်တဲ့ ကြိုက်နှစ်သက်တဲ့ ရုပ်ဝတ္ထုပစ္စည်းတွေအပေါ်မှာ ပေါရင်ပေါသလို ရှားရင်ရှားသလို ထားတဲ့တန်ဖိုးတွေက မတူညီကြပါဘူး။ ဒါက လူတွေကပဲ သတ်မှတ်ကြတာပါ။ အပြစ်အနာအဆာ တစ်စုံတစ်ရာ ရှိသွားပြီဆိုရင်တော့ ဘယ်လောက်ပဲ တန်ဖိုးကြီးပါစေ၊ ဘယ်လောက်ပဲ တန်ဖိုးနည်းပါစေ လက်ရှိအခြေအနေထက် တန်ဖိုးက ကျသွားရစမြဲပါ။ ဒါကြောင့် လူတွေက ရုပ်ဝတ္ထုပစ္စည်းတွေအပေါ်မှာ တန်ဖိုးကျအောင် မလုပ်လိုကြသလို၊ လုပ်တဲ့လူကိုလည်း မကျေနပ်ကြသလို အပြစ်တင်တတ်ကြပါတယ်။ သက်မဲ့ရုပ်ဝတ္ထုတွေအပေါ်မှာ တန်ဖိုးသတ်မှတ်တာ၊ တန်ဖိုးဖြတ်တာ အသုံးပြုကြတဲ့လူတွေဖြစ်ပါတယ်။

ငွေကြေးနဲ့ တန်ဖိုးမဖြတ်နိုင်တဲ့ သက်ရှိလူသားတွေကိုရော တန်ဖိုးကို ဘယ်သူတွေက ဘယ်လိုအချိန်မှာ ဘယ်ကဲ့သို့ ဘာကြောင့် ဘယ်လိုသတ်မှတ် တန်ဖိုးထားလဲ ဆိုတာကို ကျွန်မဉာဏ်မီသလောက် လေ့လာစဉ်းစားကြည့်ချင်လာပြန်ပါတယ်။

ကျွန်မလေ့လာမိတဲ့အထဲမှာ Maslaw ဆိုသူ ပညာရှင်ကြီးရဲ့ သီအိုရီကို ကိုးကားကြည့်လိုပါတယ်။ သက်ရှိသတ္တဝါတွေဖြစ်တဲ့ လူသားတွေဟာ အခြေခံအကျဆုံးအဖြစ် နိစ္စဓူဝ မိမိတို့ရဲ့ စားဝတ်နေရေးအတွက် အများဆုံးလှုပ်ရှားဆောင်ရွက်ကြရတယ်လို့ ဆိုပါတယ်။ စားစရာ၊ ဝတ်စရာ၊ နေစရာတွေ ပိုင်ဆိုင်ရရှိလာပြန်တော့ ပျောက်ပျက်မှာစိုးရိမ်ပြီး လုံခြုံအောင်ထားဖို့ ကြိုးစားကြရပြန်ပါတယ်။ ရရှိပိုင်ဆိုင်လုံခြုံနေတဲ့ ပစ္စည်းတွေအပေါ်မှာ စွဲလမ်းနှစ်သက်စွဲမက်တဲ့ အလေ့အထတွေရှိကြပါတယ်။ ဒီထက်ကျော်လွန်လာရင်တော့ လူသားတွေအချင်းချင်း လေးစားမှုတွေ၊ ထင်ပေါ်ကျော်ကြားမှုတွေအတွက် ဆက်ကာဆက်ကာ လှုပ်ရှားဆောင်ရွက်နေကြတာဖြစ်ပါတယ်။

ဒီလိုဆောင်ရွက်နေရင်း Maslaw သီအိုရီမှာပါရှိတဲ့ အဆင့်တိုင်းမှာ လူတွေဟာ ကြိုးစားရင်း မိမိရဲ့တန်ဖိုးတွေက တဖြည်းဖြည်းတက်နေကြတာ ကိုယ်တိုင်ကြိုးပမ်းဆောင်ရွက်နေကြလို့ ဖြစ်ပါတယ်။ အစကတော့ ရိုးသားစွာ ကြိုးစားရင်းကနေ ကန့်သတ်နေတဲ့ အတွေးအခေါ်အယူအဆ၊ ဗဟုသုတ၊ ပတ်ဝန်းကျင်ရဲ့ စေစားချက်၊ မတည်ငြိမ်မရင့်ကျက်တဲ့ စိတ်ခံစားမှုအခံ၊ မတော်လောဘတွေ၊ လိုတာထက် ပိုမိုတပ်မက်တဲ့ စိတ်တွေကြောင့် ရယူပိုင်ဆိုင်လိုစိတ်တွေ ပြင်းပြတဲ့ လူတချို့ဟာ သာမန်လမ်းကြောင်းက သွေဖည်ပြီး ကြိုးစားရင်းနဲ့ပဲ လူတွေဟာ တန်ဖိုးတက်မယောင်ယောင်နဲ့ တန်ဖိုးတွေက ကျလာကြရပါတယ်။

ပစ္စည်းတွေအပေါ်မှာ တန်ဖိုးဖြတ်ကြတာလည်း လူတွေဖြစ်သလို လူတွေကို တန်ဖိုးဖြတ်တာလည်း လူတွေပါပဲ။ မိမိတန်ဖိုးတက်အောင်၊ မိမိတန်ဖိုးကျအောင် ဖြစ်ရတဲ့အခြေအနေတွေက မိမိနဲ့ပဲဆိုင်ပါတယ်။ မိမိကိုယ်တိုင်လည်း တန်ဖိုးမကျအောင် ထိန်းသိမ်းစောင့်ရှောက်တတ်ရမှာဖြစ်သလို မိမိနေထိုင်တဲ့ လူ့ဘောင်အသိုင်းအဝိုင်းကိုလည်း မိမိကြောင့် တန်ဖိုးမကျအောင် ထိန်းသိမ်းတတ်ဖို့ တာဝန်ယူကြရပါမှ ပြီးပြည့်စုံတဲ့ တန်ဖိုးရှိမှုတစ်ခုဖြစ်လာမှာဖြစ်ပါတယ်။

လူ့ဘောင်အသိုင်းအဝိုင်းရဲ့ နယ်ပယ်စုံမှာ လူတွေရဲ့ မိမိတို့ကိုယ်တိုင် မိမိတို့သတ်မှတ်ထားတဲ့တန်ဖိုးနဲ့ ဝင်ရောက်ထိတွေ့ရင်း နယ်ပယ်စုံကဏ္ဍစုံမှာ အချိန်တိုကာလတိုမှာပဲဖြစ်ဖြစ်၊ အချိန်ရှည် ကာလရှည်မှာပဲဖြစ်ဖြစ် နာမည်ပျက်ခြင်း၊ နာမည်တက်ခြင်းတွေအဖြစ် ထင်ဟပ်ခံရပါတယ်။

ကိုယ်တိုင်တန်ဖိုးရှိအောင် ဗဟုသုတပြည့်စုံဖို့ လေ့လာသင်ယူကြိုးစားမှတ်သားနိုင်ရပါမယ်၊ ကိုယ်တိုင်လိုက်နာကျင့်သုံးရပါမယ်၊ လောကနီတိ၊ ပြည်သူ့နီတိတွေကို လေ့လာလိုက်စား လိုက်နာကျင့်သုံးရပါမယ်၊ မိမိတို့ရဲ့ယဉ်ကျေးမှုတွေကို နားလည်တန်ဖိုးထားလိုက်နာရပါမယ်။

ကိုယ်တိုင် ကိုယ်ရည်ကိုယ်သွေးကောင်းပါမှ၊ ကိုယ်တိုင်ခံယူတတ်ပါမှ၊ ကိုယ်တိုင်ကျင့်ကြံနိုင်ပါမှ၊ ကောင်းသောအကျင့်အကြံ၊ အပြောအဆို၊ အမူအရာများကို အများလက်ခံနိုင်ပါမှ တန်ဖိုးတစ်ခုရှိလာမှာပါ။

ဥပမာ လူတွေကို တရားဥပဒေနဲ့ အကာအကွယ်ပေးရမယ့်ကဏ္ဍတွေ၊ ကျန်းမာရေးစောင့်ရှောက်ရမယ့်ကဏ္ဍတွေ၊ ပညာရေးဖွံ့ဖြိုးအောင်၊ စီးပွားရေးဖွံ့ဖြိုးအောင် ဆောင်ရွက်တဲ့ကဏ္ဍတွေမှာ ရှေ့ဆောင်ပေးရမယ့်သူတွေ၊ တာဝန်ယူဆောင်ရွက်ပေးသူတွေကလည်း မိမိရဲ့ လုပ်ဆောင်မှုတွေကို အားထည့်ပြီး နည်းစနစ်ကျနမှု၊ ကျွမ်းကျင်နိုင်နင်းစွာ ကိုင်တွယ်စီမံနိုင်မှု၊ စည်းကမ်းနဲ့ ကျင့်ဝတ်ကျင့်ထုံးတွေနဲ့အညီ လိုက်နာဆောင်ရွက်နိုင်မှု၊ သဘောထားခံယူချက် မှန်ကန်မှုတွေကို ရှေ့တန်းတင်ပြီး လုပ်ဆောင်ပေးကြရင် တန်ဖိုးရှိတဲ့သူတွေရဲ့ တန်ဖိုးကြီးသောလုပ်ငန်းတွေကို လုပ်ဆောင်နေတာဖြစ်ပါတယ်။

လိုက်နာရမယ့်သူတွေကလည်း တန်ဖိုးရှိသောသူများအဖြစ် လိုက်နာဆောင်ရွက်ရင် တန်ဖိုးကြီးသော ရလဒ်ကို ပိုင်ဆိုင်လာမှာဖြစ်ပါတယ်။ ဒီလိုတန်ဖိုးရှိမှု၊ တန်ဖိုးသိမှုတွေကြောင့် တန်ဖိုးရှိသော လူ့ဘောင်အသိုင်းအဝိုင်းတစ်ခုကို ထူထောင်ပြီးသားဖြစ်လာမှာ ဖြစ်ပါတယ်။

အမျိုးသမီးတွေရဲ့တန်ဖိုးကို လေ့လာကြည့်ရင် ဒီနေ့ အမျိုးသမီးတွေဟာ ကဏ္ဍစုံနယ်ပယ်စုံမှာ ပါဝင်လှုပ်ရှားနေကြတာကို ကမ္ဘာနဲ့အဝှမ်း တွေ့မြင်နိုင်ကြပါတယ်။ စိတ်အားထက်သန်စွာနဲ့ ဆောင်ရွက်ကြတဲ့ အမျိုးသမီးတော်တော်များများဟာ နယ်ပယ်စုံမှာ ဦးဆောင်နိုင်လာတယ်၊ ဆုံးဖြတ်ချက်တွေ ချလာနိုင်ကြပါတယ်။ လူမှုရေးအခက်အခဲအပါအဝင် ပြဿနာတွေရင်ဆိုင်နေရသူ အမျိုးသမီးတွေကိုလည်း ဝိုင်းဝန်းအဖြေရှာ ကူညီဖြေရှင်းပေးနေကြပါတယ်။ မိမိရဲ့တန်ဖိုးကိုမြှင့်ရင်း အခက်အခဲရင်ဆိုင်ရသူ အမျိုးသမီးတွေကိုလည်း ဝိုင်းဝန်းဖေးမစောင့်ရှောက်ရင်း တန်ဖိုးကိုမြှင့်တင်နေကြပါတယ်။

တစ်ခါတစ်ရံမှာ အလုပ်လောဘကြီးပြီး ဖြစ်ချင်တာတွေက တားဆီးလို့မရနိုင်လောက်အောင်၊ ထိန်းချုပ်လို့မရနိုင်လောက်အောင် ရှေ့တန်းတင် ဆောင်ရွက်တာတွေလည်း လူတွေရဲ့သဘောသဘာဝအရ တွေ့ကြုံရတတ်ပါတယ်။ ကောင်းသောရလဒ်အတွက် တွန်းတိုက်လုပ်မိရင်း စေတနာမှားဖြစ်တတ်ကြပါတယ်။ ဒါကိုလည်း အချင်းချင်းညှိနှိုင်းဆောင်ရွက်နိုင်ခဲ့ရင် တန်ဖိုးရှိတဲ့ ရလဒ်တစ်ခုကို ရရှိလာမှာဖြစ်ပါတယ်။

ကျွန်မလည်း အမျိုးသမီးတွေနဲ့ပတ်သက်တဲ့အလုပ်ရုံဆွေးနွေးပွဲတွေ၊ သင်တန်းတွေ၊ အစည်းအဝေးတွေ တက်ရောက်တဲ့အခါ အမျိုးသမီးတွေရဲ့ ကဏ္ဍစုံကို အမျိုးသမီးတွေ ဆွေးနွေးကြပါတယ်။ ထို့အတူ အမျိုးသမီးတွေရဲ့ ရင်ဆိုင်နေရတဲ့ ပြဿနာမျိုးစုံကို တိုင်တန်းလာတဲ့ တိုင်စာများကို စိစစ်စီမံဆောင်ရွက်ခြင်းနဲ့ ကိုယ်တိုင်လာရောက် ဆွေးနွေးသူတွေကို နှစ်သိမ့် ဆွေးနွေးခြင်းစသည်တို့ ဆောင်ရွက်ဖြစ်ပါတယ်။ တွေ့ရှိရတဲ့ အကြောင်းအရာတွေကို လေ့လာသိရှိရသလောက်က အကြောင်းအရာ တော်တော်များများဟာ လူတွေအချင်းချင်းတန်ဖိုးထားမှု၊ မိမိကိုယ်မိမိ တန်ဖိုးထားမှုတွေနဲ့ပတ်သက်နေတာကို တွေ့ရပါတယ်။ ကျွန်မလည်း လေ့လာဆောင်ရွက်ရင်း မိမိကိုယ်မိမိတန်ဖိုးရှိအောင် နေတတ်ဖို့ဆိုတာ မိမိတာဝန်သာဖြစ်တယ်၊ တာဝန်ယူသူအဖြစ် အမြဲသတိရှိရှိ ဆောင်ရွက်ရမယ်ဆိုတာကို နားလည်ရပါတယ်။

အမျိုးသမီးများရဲ့ စွမ်းအားတွေမြှင့်တင်နိုင်ဖို့ ဝိုင်းဝန်းလုပ်ဆောင်တဲ့အခါမှာ မြန်မာအမျိုးသမီးတိုင်း ကိုယ်တိုင်တန်ဖိုးရှိအောင်ကြိုးစားရင်း လှပသော ပတ်ဝန်းကျင်ကို ဖန်တီးကြပါစို့လို့ တိုက်တွန်းရင်း မတ်လ ၈ ရက်နေ့မှာ ကျရောက်သော နိုင်ငံတကာ အမျိုးသမီးနေ့ကို ကြိုဆိုဂုဏ်ပြုလိုက်ပါတယ်။ ။

တစ်ခါတစ်ရံမှာ အလုပ်လောဘကြီးပြီး ဖြစ်ချင်တာတွေက တားဆီးလို့ မရနိုင်လောက်အောင်၊ ထိန်းချုပ်လို့ မရနိုင်လောက်အောင် ရှေ့တန်းတင် ဆောင်ရွက်တာတွေလည်း လူတွေရဲ့သဘောသဘာဝအရ တွေ့ကြုံရတတ်ပါတယ်။ ကောင်းသောရလဒ်အတွက် တွန်းတိုက်လုပ်မိရင်း စေတနာမှား ဖြစ်တတ်ကြပါတယ်။ ဒါကိုလည်း အချင်းချင်းညှိနှိုင်းဆောင်ရွက်နိုင်ခဲ့ရင် တန်ဖိုးရှိတဲ့ ရလဒ်တစ်ခုကို ရရှိလာမှာဖြစ်ပါတယ်။

# ယခုနှစ်မင်းသင်္ကြန်တွင် ရေသုံးစွဲမှုပမာဏ ထက်ဝက်လျှော့ချမည်

**မန္တလေး မတ် ၇**

မန္တလေးအတာသင်္ကြန် ပွဲတော်ကာလ ကျုံးပတ်လည်ရေကစားမဏ္ဍပ်များ နှစ်စဉ်ရေသုံးစွဲမှုပမာဏများပြားနေခြင်းကြောင့် ယခုနှစ်သင်္ကြန်တွင် ယခင်နှစ်၏ထက်ဝက်နှုန်းဖြစ်သည့် ရေဂါလန်သန်း ၃၀ သာ သုံးစွဲခွင့်ပြုသွားမည်ဖြစ်ကြောင်း မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီထံမှ သိရသည်။

“ကျုံးပတ်လည်ရေကစားမဏ္ဍပ်တွေအနေနဲ့ နှစ်စဉ်ရေသုံးစွဲမှုပမာဏက များပြားလွန်းပါတယ်။ ဒီနှစ်မှာတော့ ရေသုံးစွဲမှုပမာဏကို အရင်နှစ်ရဲ့ထက်ဝက်လောက် လျှော့ချသုံးစွဲသွားဖို့ စီမံထားပါတယ်။ ဒီနှစ်သင်္ကြန်က ငါးရက်ဆိုတော့ အရင်လိုသုံးစွဲမှုမျိုးနဲ့ဆိုရင် ကျုံးရေပြင် ခန်းခြောက်သွားနိုင်တယ်။ ဒါကြောင့် အခုလိုရေဂါလန်ကို လျှော့ချသုံးစွဲသွားဖို့ စီစဉ်ခြင်းဖြစ်ပါတယ်”ဟု မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ ရေနှင့်သန့်ရှင်းမှုဌာနမှ ဌာနမှူး ဦးထွန်းဝင်းက ပြောသည်။

မန္တလေးအတာသင်္ကြန်ပွဲတော်ကာလ ကျုံးဘေးပတ်လည်ရေကစားမဏ္ဍပ်များအနေဖြင့် နှစ်စဉ်ရေသုံးစွဲမှုပမာဏမှာ သန်း ၆၀ နီးပါးရှိနေခဲ့သည့်အတွက် ယခုနှစ်တွင် ရေဂါလန်သန်း ၃၀ သာ သုံးစွဲခွင့်ပေးသွားမည်ဖြစ်သည်။ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီက ရေကစားမဏ္ဍပ်များ ရေသုံးစွဲမှုလျှော့ချနိုင်ရန်အတွက် ကျုံးပတ်လည်ရေကစားမဏ္ဍပ်များအား အချင်း လေးလက်မအရွယ်အစားရှိ ရေစုပ်စက်တပ်ဆင်၍ အချင်း ၃/၈- အရွယ်အစားထက်မကြီးသော Nozzle ခေါင်း အခု ၁၀၀ အသုံးပြုသွားရန် သတ်မှတ်ထားပြီး ခွင့်ပြုချက်မရရှိဘဲ မြို့ရေပေးရေးမီးသတ်ပိုက်ခေါင်းများမှ ရေထုတ်ယူ၍ ရေကစားခြင်းမပြုလုပ်ရန်နှင့် လေအိုးသုံးရေပိုက် (Fire Hydrant) မီးသတ်ပိုက်ခေါင်းများဖြင့် ရေပက်ခြင်းမပြုရန်လည်း တားမြစ်ထားသည်။

၂၀၁၅ ခုနှစ် မန္တလေးအတာသင်္ကြန်ပွဲတော်ကာလ ကျုံးဘေးပတ်လည်ရေကစားမဏ္ဍပ် စုစုပေါင်း ၂၄ ခု ရှိခဲ့ပြီး ရေသုံးစွဲမှုပမာဏမှာ ရေဂါလန် ၅၉ သန်းကျော်သုံးစွဲခဲ့ကြောင်း၊ ယခုနှစ်အတွက် ကျုံးဘေးပတ်လည်တွင် တစ်ဖက်လျှင် ရေကစားမဏ္ဍပ် ၁၀ ခုစီ ချထားပေးသွားမည်ဖြစ်ကြောင်း၊ ရေကစားမဏ္ဍပ်များအား ရေသုံးစွဲမှုပမာဏလျှော့နည်းနိုင်ရန် ရေစုပ်စက်၊ ပိုက်ခေါင်းနှင့် ရေပိုက်အရွယ်အစားများကို စိစစ်သတ်မှတ်ထားရာ လိုက်နာမှုမရှိသော ရေကစားမဏ္ဍပ်များကို စစ်ဆေးအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**



# ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန လိုင်းနှုန်းစဉ်ဆိုင်ရာ နည်းဥပဒေများထုတ်ပြန်

**နေပြည်တော် မတ် ၇**

ဆက်သွယ်ရေးဥပဒေကို ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် (၃၁) ဖြင့် ၂၀၁၃ ခုနှစ် အောက်တိုဘာ ၈ ရက်တွင် ပြဋ္ဌာန်းခဲ့သည်။

အဆိုပါဆက်သွယ်ရေးဥပဒေပုဒ်မ ၈၈၊ ပုဒ်မခွဲ(က)အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် လိုင်းနှုန်းစဉ်ဆိုင်ရာနည်းဥပဒေများကို မတ် ၇ ရက်တွင်အမိန့်ကြော်ငြာစာအမှတ် (၁၀/၂၀၁၆)ဖြင့် ထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

အဆိုပါလိုင်းနှုန်းစဉ်ဆိုင်ရာနည်းဥပဒေများကို အများပြည်သူဖတ်ရှုလေ့လာနိုင်ရန်အတွက် မြန်မာနိုင်ငံပြန်တမ်းတွင်လည်းကောင်း၊ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန Website(www.mcit.gov.mm) တွင်လည်းကောင်း၊ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန Website(http;//www.mcit.gov.mm /content law-regulation.html) တွင်လည်းကောင်း လွှင့်တင်ပေးထားမည်ဖြစ်သည်။ **(သတင်းစဉ်)**

# မသန်စွမ်းသူများ ဂေါက်သီးရိုက်ပြိုင်ပွဲ ကျင်းပမည်

**ရန်ကုန် မတ် ၇**

အားကစားဝန်ကြီးဌာန မြန်မာနိုင်ငံ မသန်စွမ်းအားကစားအဖွဲ့ချုပ်က စီစဉ်ကျင်းပမည့် (၂၆)ကြိမ်မြောက် မြန်မာနိုင်ငံလုံးဆိုင်ရာ မသန်စွမ်းသူများ ဂေါက်သီးရိုက်ပြိုင်ပွဲကို တပ်မတော်ဂေါက်ကွင်း(မင်္ဂလာဒုံ)၌ မတ် ၁၃ ရက် (တနင်္ဂနွေနေ့) နံနက် ၆ နာရီတွင် ကျင်းပမည်ဖြစ်သည်။

မသန်စွမ်းဂေါက်သီးရိုက် အားကစားသမားများအနေဖြင့် ဦးစိန်ဝှက် ဖုန်း ၀၉-၄၅၀၀၁၅၇၉၄၊ ဦးမင်းနိုင်ဦး ဖုန်း ၀၉-၅၅၄၅၉၆၆၆၊ မသန်စွမ်းအားကစားအဖွဲ့ချုပ်ရုံး မ/ဒဂုံ ဖုန်း ၀၁-၅၈၃၆၉ တို့သို့ဆက်သွယ်စာရင်းပေးပို့ကြပါရန်နှင့် ယင်းနေ့ နံနက် ၅ နာရီခွဲအရောက် တပ်မတော် ဂေါက်ကွင်း (မင်္ဂလာဒုံ)သို့ အရောက်လာကြပါရန်ဖြစ်ကြောင်းသိရသည်။ **(ကြေးမုံ)**

ပြည်သူ့လွှတ်တော်အစည်းအဝေး

# ပြည်သူ့လွှတ်တော် ကော်မတီများဖွဲ့စည်းရခြင်းနှင့်စပ်လျဉ်း၍ ဆွေးနွေး

**နေပြည်တော် မတ် ၇**

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး (၁၄) ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌထံသို့ ပေးပို့လာသည့် သဝဏ်လွှာများကို မှတ်တမ်းတင်ခြင်း၊ ကော်မတီအမည်ပြင်ဆင်ခြင်း၊ ကော်မတီအဖွဲ့ဝင်များ ပြင်ဆင်ဖွဲ့စည်းခြင်း၊ ကော်မရှင်တစ်ခုရုပ်သိမ်းခြင်း၊ ကော်မတီများဖွဲ့စည်းရခြင်းနှင့်စပ်လျဉ်း၍ ဆွေးနွေးခြင်းတို့ကို ဆောင်ရွက်ကြသည်။



အစည်းအဝေးတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ဂျပန်နိုင်ငံ အောက်လွှတ်တော်ဥက္ကဋ္ဌ၊ အယ်လ်ဂျီးရီးယားပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၊ ဆလိုဗက်သမ္မတနိုင်ငံ အမျိုးသားကောင်စီဥက္ကဋ္ဌ၊ ပြင်သစ်နိုင်ငံ အောက်လွှတ်တော်ဥက္ကဋ္ဌနှင့် ပိုလန်သမ္မတနိုင်ငံ အောက်လွှတ်တော်ဥက္ကဋ္ဌတို့ကပေးပို့သည့် ဂုဏ်ယူဝမ်းမြောက်ကြောင်း သဝဏ်လွှာများကို လွှတ်တော်က မှတ်တမ်းတင်ကြောင်း ကြေညာသည်။

ဆက်လက်၍ တောင်သူလယ်သမား၊ အလုပ်သမားနှင့် လူငယ်ရေးရာကော်မတီကို တောင်သူလယ်သမားနှင့် အလုပ်သမားရေးရာကော်မတီဟူ၍ ကော်မတီအမည်ပြင်ဆင်ခြင်းကိုလည်းကောင်း၊ ကော်မတီအဖွဲ့ဝင်များ အစားထိုးပြင်ဆင်ဖွဲ့စည်းခြင်းတွင် ပြည်သူ့ငွေစာရင်းကော်မတီမှအဖွဲ့ဝင် ကျောက်ဆည်မဲဆန္ဒနယ်မှ ဒေါက်တာတင်အောင် အစား တပ်ကုန်းမဲဆန္ဒနယ်မှ ဦးကျော်တင့်အားလည်းကောင်း၊ သယ်န်းကျွန်းမဲဆန္ဒနယ်မှ ဦးရွှေလှ (ခ)ဦးရွှေလှဝင်း အစား လှည်းကူးမဲဆန္ဒနယ်မှ ဦးသိန်းတန်အားလည်းကောင်း၊ ပြင်ဦးလွင်မဲဆန္ဒနယ်မှ ဒေါက်တာဦးအောင်ခင် အစား မော်ဘီမဲဆန္ဒနယ်မှ ဦးအောင်ဝင်းအားလည်းကောင်း၊ ဟုမ္မလင်းမဲဆန္ဒနယ်မှ ဦးမျိုးညွန့် အစား ကသာမဲဆန္ဒနယ်မှ ဦးမြင့်ကြည်တို့အားလည်းကောင်း၊ လွှတ်တော်အခွင့်အရေးကော်မတီမှ အဖွဲ့ဝင် ပင်လောင်းမဲဆန္ဒနယ်မှ ဦးခွန်မောင်သောင်း အစား ပုသိမ်ကြီးမဲဆန္ဒနယ်မှ ဦးသောင်းဌေးလင်းအားလည်းကောင်း၊ တိုင်းရင်းသားရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်မှုကော်မတီမှ အဖွဲ့ဝင် ရွှေတောင်မဲဆန္ဒနယ်မှ ဒေါ်မြခွာညိုဦး အစား လက်ပံတန်းမဲဆန္ဒနယ်မှ ဦးကျော်မင်းအားလည်းကောင်း၊ ဘဏ်များနှင့် ငွေကြေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီမှ အဖွဲ့ဝင် ပင်းတယမဲဆန္ဒနယ်မှ ဦးစိုးမြင့် အစား ယင်းမာပင်မဲဆန္ဒနယ်မှ ဦးအောင်စိုးအားလည်းကောင်း၊ သရက်မဲဆန္ဒနယ်မှ ဦးကံမြင့် အစား ပေါက်မဲဆန္ဒနယ်မှ ဦးရဲထွန်းဝင်းအား လည်းကောင်း၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကော်မတီမှ အဖွဲ့ဝင် ထီးလင်းမဲဆန္ဒနယ်မှ ဦးမြတ်လေးဦး အစား ကလေးမဲဆန္ဒနယ်မှ ဒေါ်အေးအေးမူ(ခ) ဒေါ်ရှားမီးအားလည်းကောင်း၊ ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆိုင်ရာကော်မတီမှ အဖွဲ့ဝင် ရေတာရှည်မဲဆန္ဒနယ်မှ ဦးကြည်မိုးနိုင် အစား ရွှေကျင်မဲဆန္ဒနယ်မှ ဦးစောသလေးစောအားလည်းကောင်း၊ ထန်းတပင်မဲဆန္ဒနယ်မှ ဦးဇော်ဝင်း အစား ဒဂုံမြို့သစ်(မြောက်ပိုင်း) မဲဆန္ဒနယ်မှ ဒေါက်တာ ဦးခင်မောင်မောင်အား လည်းကောင်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီမှအဖွဲ့ဝင် မိုးညိုမဲဆန္ဒနယ်မှ ဦးကျော်မျိုးမင်း အစား ဖြူးမဲဆန္ဒနယ်မှ ဦးသန်းညွှန့်အားလည်းကောင်း၊ သရက်ချောင်းမဲဆန္ဒနယ်မှ ဦးအောင်စိုး အစား ဘုတ်ပြင်းမဲဆန္ဒနယ်မှ ဦးနေလင်းထွန်းအားလည်းကောင်း၊ ခန္တီးမဲဆန္ဒနယ်မှ ဦးအောင်သန်းစိန် အစား ဗန်းမောက်မဲဆန္ဒနယ်မှ ဦးကျော်စိုးအားလည်းကောင်း၊ အလုံမဲဆန္ဒနယ်မှ ဦးရဲလွင် အစား ဒက္ခိဏသီရိမဲဆန္ဒနယ်မှ ဦးသန့်ဇင်ထွန်းအားလည်းကောင်း၊ စီးပွားရေးနှင့် ဘဏ္ဍာရေးဖွံ့ဖြိုးတိုးတက်ရေးကော်မတီမှ အဖွဲ့ဝင် ဝိုင်းမော်မဲဆန္ဒနယ်မှ ဦးလဂန်ဇယ်ဂျုံး အစား ဥတ္တရသီရိမဲဆန္ဒနယ်မှ ဦးကျော်မင်းလှိုင်အားလည်းကောင်း၊ ချောက်မဲဆန္ဒနယ်မှ ဦးဘိုကြီး အစား ခရမ်းမဲဆန္ဒနယ်မှ ဒေါက်တာဦးအေးမင်းအား လည်းကောင်း၊ လှိုင်းဘွဲ့မဲဆန္ဒနယ်မှ ဦးခင်ချို အစား သာပေါင်းမဲဆန္ဒနယ်မှ ဦးသိန်းထွန်းအားလည်းကောင်း၊ ပြည်သူ့ရေးရာ စီမံခန့်ခွဲမှုကော်မတီမှအဖွဲ့ဝင် မော်လိုက်မဲဆန္ဒနယ်မှ ဒေါ်ချိုချိုဝင်း အစား အင်းတော်မဲဆန္ဒနယ်မှ ဒေါက်တာဒေါ်ပြုံးတို့ဖြင့် အစားထိုးပြင်ဆင်ဖွဲ့စည်းကြောင်း လွှတ်တော်က အတည်ပြုကြေညာသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်ကို ရုပ်သိမ်းကြောင်း လွှတ်တော်သို့အသိပေးတင်ပြသည်။

ယင်းနောက် ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးတီခွန်မြတ်က ကော်မတီများဖွဲ့စည်းရခြင်းနှင့် စပ်လျဉ်း၍ ဆွေးနွေးတင်ပြသည်။

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၅) ရက်မြောက်နေ့ အစည်းအဝေးကို မတ် ၈ ရက် နံနက် ၁၀ နာရီတွင် ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမ၌ ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

# မန္တလေးမြို့ ရောဝတီမြစ်ကမ်းတစ်လျှောက် ယာယီတဲများဖြင့်နေထိုင်သူများအား အငှားအိမ်ရာများ မဲစနစ်ဖြင့်ချထားပေး

**မန္တလေး မတ် ၇**

မန္တလေးမြို့ ဧရာဝတီမြစ်ကမ်းနံဘေးတစ်လျှောက်တွင် ယာယီတဲများဖြင့်နေထိုင်၍ ကာယလုပ်အားဖြင့် ရပ်တည်နေကြသော မိသားစုများဘဝ လုံခြုံစိတ်ချအဆင့်မြင့်စွာ နေထိုင်နိုင်ရေးအတွက် မန္တလေးတိုင်းဒေသကြီးအစိုးရ၏ လမ်းညွှန်မှုဖြင့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီမှ အောင်မြေသာစံမြို့နယ် မြို့ပတ်ကမ်းနားလမ်းတွင် တာဝန်ယူတည်ဆောက်ပေးခဲ့သော အငှားအိမ်ရာ လျှောက်ထားသူများအား မတ် ၇ ရက် နံနက် ၉ နာရီတွင် ကိုယ်တိုင်မဲနှိုက်စနစ်ဖြင့် တိုက်ခန်းနေရာများ ချထားပေးခဲ့ကြောင်း သိရသည်။

အဆိုပါတိုက်ခန်းများမှာ အာရ်စီ ၁၂ ခန်းတွဲ ခြောက်ထပ်အဆောက်အအုံ ၂၂ လုံး စုစုပေါင်း အခန်း ၁၅၈၄ ခန်း တည်ဆောက်ပေးခဲ့ပြီး လာရောက်လျှောက်ထားသူ ၁၂၀၆ ဦးအတွက် အားလုံးနေထိုင်ခွင့်ရရှိမည်ဖြစ်သော်လည်း အခန်းနေရာများကို ပွင့်လင်းမြင်သာစွာ မဲစနစ်ဖြင့် နေရာချထားပေးခြင်းဖြစ်ကြောင်း သိရှိရသည့်အတွက် အကောင်အထည်ဖော်ဆောင်ရွက်ပေးသူများနှင့် နေထိုင်ခွင့်ရရှိသူများ၏ ရင်တွင်းစကားသံများကို ယခုလို ကြားသိခဲ့ရပါသည်။

**မဂျမ်းစိန်**

ညောင်ကွဲမြစ်ဆိပ်မှာ နေပါတယ်။ မိသားစုလေးယောက် ရှိပါတယ်။ တိုက်ခန်းရဲ့ သုံးထပ်မြောက်မှာ နေရမှာပါ။ အများနေရသလို ကျွန်မတို့လည်း တန်းတူနေရတဲ့အတွက် ဝမ်းသာပါတယ်။ နေရာအတွက် မဲနှိုက်တာကလည်း ရှင်းရှင်းလင်းလင်းနဲ့ ကျေနပ်မှုရှိပါတယ်။

**မကြည်သာမင်း**

အမျိုးသားက သဲလုပ်ငန်းလုပ်တဲ့အတွက် ကမ်းနားလမ်း သဲဆိပ်မှာ နေပါတယ်။ မိသားစုလေးယောက်နဲ့ ကြုံသလို လုပ်ကိုင်စားသောက်နေတာပါ။ ပထမအထပ် မဲပေါက်ပါတယ်။ အားလုံးလျှောက်ထားကြလို့ သူများတွေလိုနေချင်လို့ လျှောက်တာပါ။ ကိုယ့်နေရာကို နေချင်ပေမယ့် အခုလို တိုက်ကြီးနဲ့ နေရတော့မယ်ဆိုတော့လည်း စိတ်ထဲမှာ ပျော်နေပါတယ်။ ကလေးတွေအတွက်တော့ လုံခြုံမှုရှိသွားတာပေ့ါ။

**ကိုနိုင်လင်းဦး**

လင်မယား နှစ်ယောက်ထဲရှိပါတယ်။ မြေညီထပ်ထောင့်စွန်းမှာ မဲပေါက်တဲ့အတွက် ကံထူးသူလို့ ပြောနေကြပါတယ်။ အရင်က တဲနဲ့ဖြစ်သလိုနေရပြီး အခုလိုတိုက်နဲ့နေရတော့မယ်ဆိုတော့ နည်းနည်းတော့ ဘဝမြင့်ချင်သွားပါတယ်။ မဲနှိုက်တဲ့စနစ်ကလည်း ပွင့်လင်းမြင်သာမှုရှိတဲ့အတွက် ကျေနပ်ပါတယ်။

**ဒေါ်ရီ**

ဒီမြစ်ဘေးက မရမ်းခြံဆိပ်ကမ်းမှာ တဲထိုးပြီးနေပါတယ်။ သားအမိနှစ်ယောက်ထဲရှိပါတယ်။ သားက ထင်းပေါက်ပြီး လုပ်ကျွေးနေတာပါ။ အခုလိုနေနိုင်အောင် လုပ်ပေးတဲ့အတွက် ဝမ်းသာပါတယ်။ ကျေးဇူးလည်း တင်ပါတယ်။ လခအတွက်တော့ ပိုက်ဆံတော့ စုရမှာပေ့ါလေ။ အသက်ကြီးလို့ အောက်ထပ်မှာ နေချင်ပေမယ့် မဲနှိုက်တာ သုံးထပ်မှာ ပေါက်တယ်။ ဒါပေမယ့် အခုလို အသက်ကြီးတဲ့အချိန် လုံလုံခြုံခြုံနဲ့ နေခွင့်ရတဲ့အတွက် အဒေါ်ဝမ်းသာလွန်းလို့ မျက်ရည်တောင် လည်မိပါတယ်။

**ဦးဆန်းလွင်**

မိသားစုသုံးဦး မရမ်းခြံဆိပ်ကမ်းမှာ တဲနဲ့နေပါတယ်။ သဲထုတ်လုပ်ငန်းလုပ်ပါတယ်။ အရင်တဲနဲ့ဖြစ်သလို မိုးမလုံ လေမလုံနေရပြီး အခုလိုတိုက်နဲ့ နေရတော့ လုံခြုံစိတ်ချသွားတဲ့အတွက် ပျော်ပါတယ်။ ဘဝတူတွေ အခုလိုတိုက်ခန်းတွေနဲ့ အဆင့်မြင့်မြင့် နေခွင့်ရတာမြင်ရတော့ ဝမ်းသာရပါတယ်။ ဒီအစီအစဉ်ကို ဆောင်ရွက်ပေးတဲ့သူတွေကိုလည်း ကျေးဇူးတင်ပါတယ်။

**ဦးခင်မောင်တင်(မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ အတွင်းရေးမှူး)**

အဓိက ရည်ရွယ်ချက်ကတော့ ဧရာဝတီ မြစ်ကမ်းတစ်လျှောက် သာယာလှပပြီး အခြေခံလူတန်းစားတွေ လူနေမှုဘဝမြင့်မားစေဖို့ စေတနာထား လုပ်ပေးတာဖြစ်ပါတယ်။ တိုင်းဒေသကြီးအစိုးရအဖွဲ့က ငါးဘီလီယံနဲ့ မန္တလေးမြို့တော်စည်ပင်က ခြောက်ဘီလီယံ အကုန်အကျခံပြီး တည်ဆောက်ပေးထားတာဖြစ်ပါတယ်။ ဒီအငှားအိမ်ရာအတွက် အခန်းပေါင်း ၁၅၈၄ ခန်း ဆောက်လုပ်ထားပြီး နေထိုင်ခွင့်လျှောက်ဖို့ လျှောက်လွှာတွေအခမဲ့ ဖြန့်ဝေပေးခဲ့တာဖြစ်ပါတယ်။ ဒီနေ့မှာ လျှောက်ထားသူတွေကိုယ်တိုင် မဲစနစ်နဲ့ အခန်းနေရာတွေကို ချထားပေးတာပါ။ လျှောက်ထားတဲ့အချိန်မှာ အိမ်ထောင်စုစာရင်းနဲ့ မှတ်ပုံတင်ပါရမယ်။ အဲဒီလို မပြည့်စုံသေးတဲ့သူတွေနဲ့ နောက်ထပ်လျှောက်ထားလိုသူတွေအတွက် နောက်လမှာ ဒုတိယအသုတ်အနေနဲ့ လျှောက်ထားဖို့ ကြေညာထားပါတယ်။ ငှားရမ်းခကိုတော့ ဘယ်အထပ်မှာ နေနေ တစ်လကို တစ်ကြိမ် ကျပ် ၃၀၀၀၀ သွင်းပြီး နေထိုင်ဖို့ သတ်မှတ်ထားပါတယ်။ နောက်အပတ်မှာ စာချုပ်ချုပ်ပြီး ငွေသွင်းတဲ့နေ့မှာ အခန်းအပ်မှာပါ။ ဧပြီ ၁ ရက်မှာ စတင်နေထိုင်ခွင့်ရတော့မှာ ဖြစ်ပါတယ်။ နောက်ထပ်လျှောက်ထားနိုင်တဲ့သူတွေကလည်း ယခင်ထုတ်ပြန်သတ်မှတ်ထားတဲ့အတိုင်း ဒီဧရာဝတီမြစ်ကမ်းနံဘေးမှာ နေထိုင်ကြတဲ့သူတွေပဲ လျှောက်ထားလို့ရမှာ ဖြစ်ပါတယ်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**



မန္တလေးမြို့ ဧရာဝတီမြစ်ကမ်းနံဘေးတစ်လျှောက်တွင် ယာယီတဲများဖြင့် နေထိုင်သူများအား ကိုယ်တိုင်မဲနှိုက်စနစ်ဖြင့် တိုက်ခန်းနေရာများ ချထားပေးစဉ်။

❒ **ရွှေဖုံးမှ**

သီဟာသနပလ္လင်ကို ပြန်လည်ရရှိခဲ့ပြီးနောက် အများပြည်သူတို့လေ့လာနိုင်ရန် ၁၉၅၉ ခုနှစ် စက်တင်ဘာ ၁၂ ရက်တွင် သမ္မတအိမ်တော်မှ အမျိုးသားပြတိုက်သို့ ပို့ဆောင်ခဲ့၏။

## ပလ္လင်ဟူသည်

"ပလ္လင်"ဟူသော မြန်မာဝေါဟာရသည် "ပလ္လက်" ဟူသော ပါဠိစကားမှ ဆင်းသက်လာပြီး မြင့်မြတ်သော ပုဂ္ဂိုလ်တို့ထိုင်ရန် ပြုလုပ်ထားသည့် ခုံမြင့်ဟူ၍ မြန်မာအဘိဓာန်ကျမ်း၌ အဓိပ္ပာယ်ဖွင့်ဆိုထားသည်။ ဇေယသင်္ချာပြုစုသော ရွှေဘုံနိဒါန်းအလိုအရ ပလ္လင်အရွယ် သုံးမျိုးရှိသည်။ ယင်းတို့မှာ (၁)မဟာပလ္လင် (၁၆ တောင်မြင့်သည်)၊ (၂) မဇ္ဈိမပလ္လင် (ရှစ်တောင်မြင့်သည်)၊ (၃) စူဠပလ္လင် (လေးတောင်မြင့်သည်) တို့ဖြစ်သည်။ မြန်မာမင်းတို့ သုံးတော်မူခဲ့သော ပလ္လင် ရှစ်ခန်းနှင့်ပတ်သက်၍ ဦးတင်၏ မြန်မာမင်းအုပ်ချုပ်ပုံစာတမ်းနှင့် ဘိုးတော်ဘုရား၏ ရာဇသတ်ခေါ်သော အမိန့်တော်တမ်းကြီး၌ ဤသို့ဖော်ပြထားသည်။

(၁) သီဟာသနပလ္လင် - ခြင်္သေ့ရုပ်ခံပလ္လင် (ယမနေသားဖြင့်ပြုလုပ်သည်။ နန်းဦးပြာသာဒ်ဆောင်တွင် မင်းတို့အပူဇော်ခံရန်အတွက် ထားသည်။)

(၂) ဟံသာသနပလ္လင် - ဟင်္သာရုပ်ခံပလ္လင် (သက်န်းသားဖြင့် ပြုလုပ်သည်။ ဇေတဝန်ဆောင်တွင်ထား၍ ရတနာသုံးပါး ပူဇော်ရန် အသုံးပြုသည်။)

(၃) သင်္ခါသနပလ္လင် - ခရုသင်းရုပ်ခံပလ္လင် (သရက်သားဖြင့် ပြုလုပ်သည်။ ဗောင်းတော်ဆောင်တွင်ထား၍ တရားစကားနာခံရန် အသုံးပြုသည်။)

(၄) ဘမရာသနပလ္လင် - ပိတုန်းရုပ်ခံပလ္လင် (ကရဝေးသားဖြင့် ပြုလုပ်သည်။ မှန်နန်းဆောင်တွင်ထား၍ စက်တော်ခေါ်ရန် အသုံးပြုသည်။)

(၅) ဂဇာသနပလ္လင် - ဆင်ရုပ်ခံပလ္လင် (စံကားသားဖြင့် ပြုလုပ်သည်။ ဖြတိုက်ဆောင်တွင်ထား၍ မင်းတို့က ချီးမြှင့်ရန်၊ နှိမ့်ချရန်အတွက် အသုံးပြုသည်။)

(၆) မယုရာသနပလ္လင် - ဥဒေါင်းရုပ်ခံပလ္လင် (ပေါက်သားဖြင့် ပြုလုပ်သည်။ မြောက်စမုခ်ဆောင်တွင်ထား၍ ဆင်၊ မြင်း သိမ်းရန် အသုံးပြုသည်။)

(၇) မိဂါသနပလ္လင် - သမင်ရုပ်ခံပလ္လင် (ရေသဖန်းသားဖြင့် ပြုလုပ်သည်။ တောင်စမုခ်ဆောင်တွင်ထား၍ မင်းတို့ တိုင်ပင်ဆွေးနွေးရန် အသုံးပြုသည်။)

(၈) ပဒုမာသနပလ္လင် - ကြာပွင့်ခံပလ္လင် (ပိန္နဲသားဖြင့် ပြုလုပ်သည်။ အနောက်ပွဲတက်ဆောင်တွင်ထား၍ မင်းမိန်းမတို့ ပူဇော်ခံရန် အသုံးပြုသည်။)

သို့သော် သီဟာသနပလ္လင်ကို မြေနန်းပြာသာဒ်ဆောင် (နန်းဦးပြာသာဒ်ဆောင်)၌သာ ထားသည်မဟုတ်ဘဲ ဘုရင်မင်းမြတ်ကိုယ်တော်တိုင် လွှတ်တက်သည့်အခါ၌လည်း စံမြန်းရန်အတွက် လွှတ်တော်တွင်လည်း ထားရသောကြောင့် "ပလ္လင်ရှစ်ခန်း ရွှေနန်းကိုးဆောင်"ဟူ၍ ဝေါဟာရပေါ်ထွက်လာသည်။ ပလ္လင်ရှစ်ခန်းကို မြဝတီမင်းကြီးဦးစက သီချင်းဖြင့် ဖွဲ့ဆိုသီကုံးထားခဲ့သည်။

## သီဟာသနရွှေပလ္လင်

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ် ပြည်လမ်းပေါ်ရှိ အမှတ်-၆၆/၇၄ ၌ တည်ဆောက်ထားသော အမျိုးသားပြတိုက်တွင် ပြသထားသည့် ရွှေပလ္လင်သည် ရွှေခြင်္သေ့ရုပ်ခံသော "သီဟာသနရွှေပလ္လင်"ဖြစ်သည်။ မြန်မာ့ရွှေနန်းနှင့် တကွ နိုင်ငံအဝန်းကို နယ်ချဲ့တို့ ၁၈၈၅ ခုနှစ် နိုဝင်ဘာ ၂၈ ရက်တွင် လက်နက်အားကိုးဖြင့် တိုက်ခိုက်သိမ်းပိုက်ပြီးနောက် ၁၈၉၂ ခုနှစ်တွင် သီဟာသနရွှေပလ္လင်ကို အိန္ဒိယသို့သယ်ယူကာ ကိုးလ်ကတ္တားရှိ အိန္ဒိယပြတိုက်တွင် ခင်းကျင်းပြသခဲ့သည်။

မြန်မာတို့ လွတ်လပ်ရေးရပြီးနောက် ရှစ်လအကြာ ၁၉၄၈ ခုနှစ် စက်တင်ဘာလတွင် မြန်မာအကျိုးကို လိုလားသော အဂ္ဂမဟာ သီရိသုဓမ္မလော့ဒ်မောင့်ဘက်တန်က မြန်မာပြည်သူများအတွက် သီဟာသနပလ္လင်ကို မြန်မာနိုင်ငံသို့ ပြန်ပို့ပေးခဲ့သည်။ သီဟာသနပလ္လင်သည် မြန်မာ့လွတ်လပ်ရေးအထိမ်းအမှတ်လည်း ဖြစ်သည်။ မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိလာသောအခါ သီဟာသနရွှေပလ္လင်ကို ဦးစွာ အလုံလမ်းရှိ သမ္မတအိမ်တော်တွင် ထားရှိခဲ့သည်။

၁၉၅၅ ခုနှစ် စက်တင်ဘာလတွင် ဂျူဗလီဟော၌ ဖွင့်လှစ်ထားသော အမျိုးသားပြတိုက်သို့ ပြောင်းရွှေ့ကာ ပြည်သူလူထုအား ဆင်ယင်ပြသခဲ့သည်။ အမျိုးသားပြတိုက်ကို ဂျူဗလီဟောမှ ပန်းဆိုးတန်းရှိ ယခင် ဂရင်းလေးဘဏ်ဟောင်း အဆောက်အအုံ (နောင်စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေးဘဏ်)သို့ ပြောင်းရွှေ့သောအခါ သီဟာသနပလ္လင်ကို ၁၉၆၈ ခုနှစ်တွင် ပန်းဆိုးတန်းရှိ အမျိုးသားပြတိုက်သို့သယ်ယူ၍ ဆင်ယင်ခဲ့ပြီး ၁၉၇၀ ပြည့်နှစ် ဖေဖော်ဝါရီလမှစ၍ ဖွင့်လှစ်ပြသခဲ့ရာ ၁၉၉၄ ခုနှစ်ကုန်ပိုင်းအထိ ဖြစ်သည်။ ထို့နောက် အမျိုးသားပြတိုက်ကို ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ် ပြည်လမ်းမပေါ်ရှိ အမှတ်-၆၆/၇၄ နေရာ၌ နဝတ လက်ထက် ၁၉၉၀ ပြည့်နှစ်တွင် စတင် အုတ်မြစ်ချတည်ဆောက်ခဲ့ရာ ၁၉၉၆ ခုနှစ် စက်တင်ဘာလ ၁၀ ရက်နေ့တွင် အခမ်းအနားဖြင့် ဖွင့်လှစ်နိုင်ခဲ့သည်။ ယင်းအသစ် တည်ဆောက်ထားသော အမျိုးသားပြတိုက် အဆောက်အအုံကြီး၌ ပြခန်းပေါင်း ၁၃ ခန်းကို ပြသထားရာ သီဟာသနရွှေပလ္လင်ကြီးကို ပြခန်းအမှတ်(၁)မြေညီထပ်၌ ခမ်းနားထည်ဝါစွာ ခင်းကျင်းပြသထားသည်မှာ ယနေ့တိုင်အောင် ဖြစ်သည်။



သမ္မတကြီး ဒေါက်တာဘဦးနှင့် ဝန်ကြီးများ ရန်ကုန်မြို့ သမ္မတအိမ်တော်ရှိ သီဟာသနပလ္လင်ရှေ့တွင် စုပေါင်းမှတ်တမ်းတင်ရိုက်ထားသည့် ဓာတ်ပုံ။ *(ရှေ့တန်း ဝဲမှယာ-ဝန်ကြီး ဒေါ်ကလယ်ရီဘမောင်ချိန်၊ ဝန်ကြီး စဝ်ခွန်ချို၊ ဝန်ကြီးချုပ် ဦးနု၊ သမ္မတ ဒေါက်တာဘဦး၊ ဝန်ကြီး ဦးဗဆွေ၊ ဝန်ကြီး ဦးတင်၊ ဦးဝင်း)*

**ပဒေသရာဇ်ခေတ်တွင် စလွယ်ဆင်မြန်းခဲ့ကြသော်လည်း ကိုလိုနီခေတ်တွင် စလွယ်ဆင်မြန်းခြင်းမျိုးပြုလုပ်ကြသည်ကို မတွေ့ရပေ။ သို့သော် ဂျပန်ခေတ် (၁၉၄၂-၁၉၄၅)တွင် အဓိပတိ ဒေါက်တာဘမော်အား ဘိသိက်သွန်းအခမ်းအနား ပြုလုပ်ရာတွင် စလွယ်ဆင်မြန်းသည်ကို တွေ့ရသည်။ လွတ်လပ်ရေးရပြီးနောက် သမ္မတစဝ်ရွှေသိုက်၊ သမ္မတမန်းဝင်းမောင်မှအစပြု၍ ဘိသိက်သွန်းအခမ်းအနားများဖြင့် စလွယ်ဆင်မြန်းလာကြသည်မှာ ယနေ့တိုင်အထိပင်**



အဆောင်အယောင်စလွယ်ဆင်မြန်းထားသော နိုင်ငံတော်သမ္မတကြီး မန်းဝင်းမောင်၊ အိမ်စောင့်အစိုးရဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးနေဝင်းနှင့် ဝန်ကြီးများ၏ စုပေါင်းမှတ်တမ်းဓာတ်ပုံအား တွေ့ရစဉ်။

အမျိုးသားပြတိုက် မြေညီထပ်ရှိ သီဟာသနပလ္လင်ပြခန်းရှိ ရွှေပလ္လင်သည် မြန်မာတို့၏ နောက်ဆုံးမင်းဆက်ဖြစ်သည့် ကုန်းဘောင်မင်းဆက်နှောင်းပိုင်း၌ ဘုရင်မင်းမြတ်တို့ စံမြန်းခဲ့သည့် ရွှေပလ္လင်ဖြစ်သည်။ ရတနာပုံ (မန္တလေး)နန်းမြို့တွင်း၌ ထားရှိခဲ့သော ပလ္လင်လည်းဖြစ်သည်။ ဤသီဟာသနရွှေပလ္လင်နှင့်အတူ ပလ္လင်နှစ်ခုကို မြန်မာတို့၏ နောက်ဆုံးဧကရာဇ် သီပေါမင်းတရား ပိုင်ဆိုင်ခဲ့သည်။

## စလွယ်ဟူသည်

'ပလ္လင်'သည် မြန်မာတို့၏ အချုပ်အခြာအာဏာ ပိုင်စိုးမှုကို လေးလေးနက်နက်ဖော်ကျူးနေသကဲ့သို့ 'စလွယ်'သည် ထီးသုံးနန်းသုံး ရာထူးဌာနန္တရ အမှတ်သင်္ကေတဖြစ်သည်။

လူတို့၏ အဓိပတိဖြစ်သော ရေမြေသခင် ဘဝရှင်မင်းတရား ဧကရာဇ်မှစ၍ မင်းညီမင်းသား မှူးတော်မတ်တော်တို့ ဆင်ယင်ဆောင်ရွက်သည့် မင်းခမ်းမင်းနားများတွင် စလွယ်ကို ဆင်မြန်းကြသည်။ ဂုဏ်ထူးဆောင်သော အထိမ်းအမှတ်ဖြင့် လက်ဝဲပခုံးစွန်းမှ လက်ယာနံပါးသို့ သွယ်ချဆင်မြန်းရသော ကြိုးကို စလွယ်ဟုခေါ်သည်။ စလွယ်တွင် ဆင်မြန်းထားသော ကြိုးကို ချည်မျှင်ဖြင့်ဖြစ်စေ၊ ငွေဖြင့်ဖြစ်စေ၊ ရွှေဖြင့်ဖြစ်စေ ပြုလုပ်ကြသည်။ မြန်မာမင်းတို့လက်ထက်တွင် စလွယ်ကို ဗောင်း၊ နားတောင်း စသည်တို့ကဲ့သို့ မင်းညီမင်းသား၊ မှူးမတ်၊ ပုဏ္ဏားတို့သည် ရာထူးဌာနန္တရအလိုက် ဆင်မြန်းကြသည်။ မြန်မာမင်းတို့ကား စလွယ်ကို လက်ဝဲပခုံးမှသာမက လက်ယာပခုံးမှလည်း သွယ်ချ၍ ဆင်မြန်းကြသည်။

စလွယ်နှင့်ပတ်သက်၍ ပဒုမုတ္တရာဘုရားရှင်လက်ထက် ဝက္ကလိမထေရ်အလောင်း လုလင်သည် စလွယ်တင်လျက် အလှူပေးကြောင်းကို အပဒါန်တွင် ဟောကြားတော်မူသည်ကို ကြည့်ခြင်းအားဖြင့် ရှေးနှစ်ပေါင်းများစွာကတည်းကပင် ဆင်ယင်သုံးစွဲပြီဟု သိနိုင်ပေသည်။

တစ်ဖန် သီရိဓမ္မာသောကမင်းတရားကြီး(၂၈၉-၃၂၆ဘီစီ)သည် သီဟိုဠ်ကျွန်း၌ ဒေဝါနံ ပိယတိဿမင်းသို့ သားမြီးယပ်၊ သင်းကျစ်၊ ထီး၊ သန်လျက်၊ ခြေနင်း၊ ဦးပေါင်း၊ မြတ်သောရတနာဖြင့် ပြီးသော စလွယ်၊ ကရား၊ ရွှေဖြင့်ပြီးသော ကျီးခြေသဏ္ဌာန်စသည့် မင်းခမ်းမင်းနားများကို ပေးသနားတော်မူရာတွင် ယင်း၌ စလွယ်ဟူသော စကားရပ်ပါသည်ကို ကြည့်ခြင်းအားဖြင့် (၂၈၉-၃၂၆ဘီစီ) ကတည်းကပင် စတင်ဆင်မြန်းနေပြီဖြစ်ကြောင်း သိရှိနိုင်ပေသည်။

မြန်မာနိုင်ငံတွင် ပြည်မြို့ မှော်ဇာမြို့ဟောင်းမှ အလေးချိန် ၂၅ ကျပ်သားရှိ ရွှေစလွယ်အား တူးဖော်တွေ့ရှိရခြင်းကို ကြည့်ခြင်းအားဖြင့် ပျူခေတ်(၂ရာစု-၉ရာစု)၌ ပျူမင်းတို့ စလွယ်ဆင်မြန်းသည့် အလေ့ရှိခဲ့ပြီဖြစ်ကြောင်း ခိုင်မာစွာပြောနိုင်ပေသည်။ စလွယ်ကို ပျူခေတ်မင်းများမှ အစပြု၍ ယနေ့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အထိတိုင် စလွယ်ကို ဆင်မြန်းလာကြသည်။ မြန်မာအကြီးအကဲတို့ စလွယ်ကို ဆင်မြန်းခြင်းသည် အတင့်အတယ်ပြုခြင်းမျှသာ မဟုတ်ပေ။လေးနက်သော သဘောပါရှိလေသည်။

အမျိုးအကျင့်ကို ဆောက်တည်လို၍ စလွယ်တင်သည်ကို အဘိဓာန်ဋီကာလာသည့် နည်းနှင့်အညီ အကျင့်ကို အဓိဋ္ဌာန်ဆောက်တည်လိုသောကြောင့် မင်းဧကရာဇ်မှစ၍ မင်းညီမင်းသား မှူးတော်မတ်တော်တို့သည် စလွယ်ကို ဆင်ယင်ထုံးစံ ရှိခဲ့ကြသည်။

သက္ကဋကျမ်းများ အလိုအရ စလွယ်ကို ဆင်မြန်းကြရသည့် မင်းဧကရာဇ်မှစ၍ စလွယ်တင် မှူးမတ် ပုဏ္ဏားတို့သည် -

(က) ကိုယ်နှုတ်ငြိမ်သက်ခြင်း၊
(ခ) ကိုယ်နှုတ်ဆုံးမခြင်း၊
(ဂ) ကိလေသာကို ခေါင်းပါးအောင် ခြိုးခြံခြင်း၊
(ဃ) စင်ကြယ်ခြင်း၊
(င) ရောင့်ရဲခြင်း၊
(စ) သည်းခံခြင်း၊
(ဆ) သဘောဖြောင့်မတ်ခြင်း၊
(ဇ) ရတနာသုံးပါး၌ဆည်းကပ်ခြင်း၊
(ဈ) သူတစ်ပါးကို သနားလေ့ရှိခြင်း၊
(ည) အမှန်အကန်ကို ပြောဆိုလေ့ရှိခြင်းစသည့် ကျင့်ဝတ်(၁၀)ပါးကို လိုက်နာကြရသည်။

ညောင်ရမ်းခေတ်(ခရစ်နှစ် ၁၆၀၀-၁၇၅၂)တွင် ထီးသုံးနန်းသုံးစလွယ်ကို သာမန်ပုဂ္ဂိုလ်တို့၏ ရှင်ပြုပွဲများတွင် ရှင်လောင်းများအား ဝတ်ဆင်စေခြင်း အလေ့ရှိနေပြီဟု "အင်ရုံစာတမ်း" (လောကဗျူဟာကျမ်း)တွင် တွေ့ရလေသည်။ ယင်းသို့ ညောင်ရမ်းခေတ် ဟံသာဝတီရောက်မင်းတရားလက်ထက်(ခရစ်နှစ် ၁၇၃၃-၁၇၅၂)ရှင်လောင်းများကို စလွယ်သင်းကျစ်ဆင်၍ သာကီဝင်မင်းမျိုးသို့ သွတ်သွင်းတော်မူခြင်းမှအစပြုကာ ယနေ့တိုင် ကျင့်သုံးလျက် ရှိနေသည်ကို တွေ့ရပေသည်။

ပဒေသရာဇ်ခေတ်တွင် စလွယ်ဆင်မြန်းခဲ့ကြသော်လည်း ကိုလိုနီခေတ်တွင် စလွယ်ဆင်မြန်းခြင်းမျိုး ပြုလုပ်ကြသည်ကို မတွေ့ရပေ။ သို့သော် ဂျပန်ခေတ် (၁၉၄၂-၁၉၄၅) တွင် အဓိပတိ ဒေါက်တာဘမော်အား ဘိသိက်သွန်းအခမ်းအနားပြုလုပ်ရာတွင် စလွယ်ဆင်မြန်းသည်ကို တွေ့ရသည်။ လွတ်လပ်ရေးရပြီးနောက် သမ္မတစဝ်ရွှေသိုက်၊ သမ္မတမန်းဝင်းမောင်မှ အစပြု၍ ဘိသိက်သွန်းအခမ်းအနားများဖြင့် စလွယ်ဆင်မြန်းလာကြသည်မှာ ယနေ့တိုင် အထိပင် ဖြစ်သည်။

## ကျက်သရေပြည့်ဝလှ

ပလ္လင်နှင့်ပတ်သက်၍ မဃဒေဝလင်္ကာ ဘုန်းတော်ဘွဲ့ခန်း၌ ဖွင့်ဆိုထားသည်။

ပလ္လင်သည် မြတ်စွာဘုရားသခင်၊ ဓမ္မကထိက၊ ဗြဟ္မာမင်း၊ နတ်မင်း၊ လူမင်းတို့ထိုင်သည့် နေရာဖြစ်ပေရာ ဘုန်းကျက်သရေအပေါင်းနှင့် ပြည့်ဝလှသည်။

ရာဇပလ္လင်(ခေါ်)လူမင်းတို့ ထိုင်ရာနေရာဟူသည် မြင့်မြတ်သည့်နေရာ တစ်နေရာအဖြစ် ပြည်သူတို့က ရှုမြင်ကြသည်။

နိုင်ငံတော်အကြီးအကဲ တာဝန်လွှဲပြောင်းသည့် အခမ်းအနားကို နိုင်ငံတော်သမ္မတအိမ်တော်တွင် ကျင်းပနိုင်ရေးအတွက် လျာထားချက်ကို နိုင်ငံတော်အကြီးအကဲ

**စာမျက်နှာ ၉ ကော်လံ ၁ သို့ ◆**

## ပြည်တွင်းရေးရာ

◆ စာမျက်နှာ ၈ မှ

တာဝန်လွှဲပြောင်းမှု အထောက်အကူပြုကော်မတီက အဆိုပြုခဲ့သည်ဟု တို့နိုင်ငံသားများ ကြားသိခဲ့ရသဖြင့် ဝမ်းမြောက်ဝမ်းသာ ရှိခဲ့ကြရသည်။

သမ္မတတာဝန်လွှဲပြောင်းရာတွင် အစိုးရအဖွဲ့က သမ္မတအိမ်တော်တွင် 'ပလ္လင်' နှင့် 'စလွယ်' အဆောင်အယောင်များနှင့်တကွ အခမ်းအနားပြုလုပ်ရန် ကောင်းမွန်စွာ တလေးတစား စီမံထားရှိခြင်းမှာ လက်ရှိအစိုးရအဖွဲ့၏ စိတ်စေတနာအမှန်အဖြစ် တို့နိုင်ငံသားတို့က ရှုမြင်ကြသည်။

ပလ္လင်နှင့် စလွယ်တို့သည် ကိုယ့်ထီး ကိုယ့်နန်း ကိုယ့်ကြငှန်း၏ အတိတ်နိမိတ်၊ နိုင်ငံတော်ကြီး အေးချမ်းသာယာကာ ကမ္ဘာ့အလယ် တင့်တယ်ဝင့်ထည်မည့် အတိတ်နိမိတ်အဖြစ် ရိုးရာယဉ်ကျေးမှုအရ အတိတ်၊ နိမိတ်၊ တဘောင်၊ စနည်း၊ ဘဝေါတို့ကို လက်ခံကြသော တို့နိုင်ငံသားတို့က အလေးအနက်မှတ်ယူကြ၏။

တို့နိုင်ငံတွင် ဒီမိုကရေစီအသွင်ကူးပြောင်းရေးအတွက် အဓိကကျသည့် အဆင့်တစ်ခုဖြစ်သော ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲကြီးကို တည်ငြိမ်အေးချမ်းစွာ ကျင်းပနိုင်ခဲ့ခြင်းအတွက် တို့နိုင်ငံသားများအားလုံး ဝှဲချီးထိုက်စွာ မုဒိတာပွားခဲ့ကြရပြီး ဖြစ်သည်။

"ဇမ္ဗူဒိပ်နိမိတ်ထွန်း"စကားနှင့်အညီ ပလ္လင်နှင့် စလွယ်တို့သည် ကျက်သရေမင်္ဂလာအပေါင်းနှင့်ပြည့်စုံလှသည့် အမှတ်သင်္ကေတများ ဖြစ်ကြသည်။ ဧကန်မုကား ပလ္လင်နှင့်စလွယ်တို့သည် ရွှေနန်းတော်ကို ရည်ညွှန်းခြင်း မဟုတ်မူ၍ လွတ်လပ်ခြင်း၊ အချုပ်အခြာအာဏာ ပိုင်စိုးခြင်း၊ မြင့်မြတ်ခြင်း၊ ခံ့ညားခြင်း၊ ကျက်သရေမင်္ဂလာအပေါင်းနှင့် ပြည့်စုံခြင်းတို့၏ သင်္ကေတများဖြစ်ကြသည်။

တို့နိုင်ငံတော် လွတ်လပ်ရေးရပြီးနောက် ပထမဦးဆုံးသော နိုင်ငံတော်သမ္မတ စဝ်ရွှေသိုက်လက်ထက်မှစ၍ အစဉ်အဆက် နိုင်ငံတော်သမ္မတများက သီဟာသနပလ္လင်ကို နောက်ခံထားပြီး တွေ့ဆုံမှုများ ပြုလုပ်ခဲ့ကြသည်။

အချုပ်အခြာအာဏာပိုင်စိုးမှု၊ ကိုယ့်ထီးကိုယ်နန်း ကိုယ့်ကြငှန်းကို ကိုယ်စားပြုမှု စသည့် အမှတ်သင်္ကေတများနှင့် ပြည့်စုံပြီး အနက်အဓိပ္ပာယ်နက်ရှိုင်းလှသည့် ပလ္လင်နှင့် စလွယ်တို့ကို တို့နိုင်ငံသားများ တစ်ရပ်လုံးက ရှေးပဝေသဏီကာလမှစ၍ ကျင့်သုံးလာခဲ့သော ဓလေ့ထုံးစံများအဖြစ် အမွန်အမြတ်ထား ထိန်းသိမ်းစောင့်ရှောက်ကြရပါမည်။

ပလ္လင်နှင့်စလွယ်တို့သည် တို့နိုင်ငံတော်၏ အမြင့်မြတ်ဆုံး အမှတ်သင်္ကေတများဖြစ်ပေရာ မည်သူပင် သမ္မတဖြစ်လာစေကာမူ အမြဲထာဝရ ကျင့်သုံးအပ်သော သမိုင်းအစဉ်အလာအဖြစ် ရှိနေသင့်ပေသည်။

ထို့အတူပင် လွှတ်တော်အဆောင်အယောင်များ ဆောင်ရွက်ရာတွင်လည်း အတိတ်သမိုင်း ထုံးဓလေ့များကို မမေ့မပျောက်ကြဘဲ ဆက်လက်၍ ဂရုဓမ္မတရားဖြင့် တန်ဖိုးထားရပေလိမ့်မည်။

တို့နိုင်ငံတော် လွတ်လပ်ရေးရပြီးချိန်မှစ၍ ရှေးလူကြီးသူမတို့က ဘိုးစဉ်ဘောင်ဆက် အမွန်အမြတ် သတ်မှတ်ထားသော ယဉ်ကျေးမှုထုံးဓလေ့များကို ခေတ်လူတို့မှသည် မျိုးဆက်သစ်တို့အထိတိုင်အောင် သင့်တင့်လျော်ကန်စွာ တန်ဖိုးထားကြဖို့ ဂါရဝတရားဖြင့် လေးစားစွာ တင်ပြအပ်ပါသည်။ ။


### ကျမ်းကိုး

၁။ မြန်မာ့စွယ်စုံကျမ်း၊ အတွဲ-၃၊ (၁၉၅၆)

၂။ အမရပူရ ပဌမ မြို့တည် နန်းတည် ဘိုးတော်ဗဒုံမင်းတရားမေးလျှောက်၍ ပဌမမောင်းထောင်သာသနာပိုင် ဆရာတော်ဘုရားကြီး ဖြေဆိုတော်မူအပ်သော အမေးတော်ဖြေ၊ ရန်ကုန်၊ ပဒေသာပိဋကတ်ပုံနှိပ်တိုက်၊ ၁၉၆၁။

၃။ ဇေယသင်္ခယာ၊ ရွှေဘုံနိဒါန်း၊ ရန်ကုန်ဟံသာဝတီပုံနှိပ်တိုက်၊ ဒုကြိမ် ၁၉၆၀။

၄။ ဦးမင်းနိုင်၊ သီဟာသနပလ္လင်နှင့် သိမှတ်ဖွယ်ရာများ၊ ဒေါင်းမြန်မာဂျာနယ်၊ (၁၂-၈၈)၊ စာ ၁၅၊ ၁၇။

၅။ ခင်မောင်ဖြူ(ယဉ်ကျေးမှု)၊ သီဟာသနရွှေပလ္လင်၊ ငွေတာရီမဂ္ဂဇင်း (၁၉၈၂၊ နိုဝင်ဘာ)၊ စာ ၅၅၊ ၅၉။

၆။ Yi Yi' The Thrones of the Burmese Kings', JBRS, XLIII, II Dec 1960, PP.97-123.

၇။ မြန်မာ့ပလ္လင်၊ သန်းဝင်းလှိုင်၊ ၂၀-၇-၂၀၁၃ (blog.moemaka.com )

၈။ ဆရာတိုက်စိုး၊ ဝသုန္ဓရီနှင့် ရိုးရာအထိမ်းအမှတ်များစာအုပ်မှ ကောက်နုတ်ချက်။


# တပ်မတော်လေယာဉ်တစ်စင်း နေပြည်တော်လေဆိပ်သို့ဆင်းသက်စဉ် အရှိန်ထိန်းလေထီးကြိုးပြုတ်ထွက်ကာ ပြေးလမ်းကျော်ထွက်ပြီးရပ်တန့်ခဲ့



**နေပြည်တော် မတ် ၇**

တပ်မတော်လေယာဉ်များ အုပ်ဖွဲ့ပျံသန်းလေ့ကျင့်ခန်းဆောင်ရွက်ရန်အတွက် လေယာဉ်များကို တောင်ငူလေတပ်စခန်းဌာနချုပ်မှ နေပြည်တော်သို့ ရွှေ့ပြောင်းရာ ယနေ့နံနက် ၁၁ နာရီ ၅၄ မိနစ်ခန့်တွင် တပ်မတော်လေယာဉ်တစ်စင်းသည် နေပြည်တော်လေဆိပ် လေယာဉ်ပြေးလမ်းသို့ တောင်ဘက်မှ မြောက်ဘက်အတိုင်း ဆင်းသက်စဉ် စက်မှုဆိုင်ရာချွတ်ယွင်းမှုကြောင့် အရှိန်ထိန်းလေထီးကြိုးပြုတ်ထွက်ခဲ့ပြီး လေယာဉ်ပြေးလမ်း၏ မြောက်ဘက်ထိပ်မှ ပေ ၃၃၀ ခန့်ကျော်ထွက်၍ ပြေးလမ်းမီးတိုင် ၃ တိုင်အား တိုက်မိပြီးရပ်တန့်ခဲ့သည်။

လေယာဉ်ပြေးလမ်း အရှိန်လွန်မှုကြောင့် လေသူရဲထိခိုက်ဒဏ်ရာရရှိမှုမရှိဘဲ လေယာဉ်၏ ဘီးများ၊ ဆီတိုင်ကီနှင့် လေယာဉ်ဦးပိုင်းတို့ ပျက်စီးခဲ့ကြောင်း သတင်းရရှိသည်။

**(မြဝတီ)**

**❖ ရန်ကုန်ဘူတာကြီးမှ**

မြန်မာ့မီးရထားမှ အထွေထွေမန်နေဂျာ ဦးထွန်းအောင်သင်း (အောက်မြန်မာပြည်)က "ကျွန်တော်တို့ မြန်မာ့မီးရထားအနေနဲ့ ရန်ကုန်ဘူတာကြီးနယ်မြေ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းအတွက် ပြည်တွင်း၊ ပြည်ပက စီးပွားရေးလုပ်ငန်းရှင်ကုမ္ပဏီကြီးတွေကို တင်ဒါခေါ်ယူခဲ့ပါတယ်။ အဲ့ဒီမှာ ပုဂ္ဂလိကကုမ္ပဏီအဖွဲ့အစည်း ၁၈ ဖွဲ့ ဖြစ်တဲ့ နိုင်ငံပေါင်း ၁၄ နိုင်ငံက အဆိုပြုလွှာတွေကိုရရှိခဲ့ပါတယ်။ ဒါကို မြန်မာ့မီးရထားက စိစစ်အကဲဖြတ်ပြီး စံချိန်စံညွှန်းများနဲ့ညီတဲ့အတွက် ပုဂ္ဂလိကကုမ္ပဏီအဖွဲ့အစည်း ၁၅ ဖွဲ့ ဖြစ်တဲ့ နိုင်ငံပေါင်း ၁၀ နိုင်ငံကို ရွေးချယ်ခဲ့ပါတယ်။ တင်ဒါလုပ်ငန်းစဉ် ဒုတိယအဆင့် ဝင်ရောက်ယှဉ်ပြိုင်ခွင့် (Request for Proposal RFP) အဆိုတင်ပြခွင့်ရရှိခဲ့လို့ ယခုနှစ် မတ် ၆ ရက်မှာပဲ ဒီကုမ္ပဏီ ၁၅ ဖွဲ့ကို ကျွန်တော်တို့ မြန်မာ့မီးရထားရဲ့ စီမံကိန်းလိုလားချက်၊ စံနှုန်းသတ်မှတ်ချက်တွေပါဝင်တဲ့ စာအုပ်နဲ့ စီဒီပြားများကို ရောင်းချပေးခဲ့ပါတယ်။ ဒီတော့ လုပ်ငန်းရှင်တွေအနေနဲ့ကလည်း ဒါကို လေ့လာပြီး ခြောက်လအတွင်း မြန်မာ့မီးရထားနဲ့လိုက်လျောညီထွေတဲ့ စီမံကိန်းအဆိုပြုလွှာများကို တင်ကြရမှာပါ။ စံနှုန်းသတ်မှတ်ချက်တွေပါဝင်တဲ့ စာအုပ်များကိုလည်း မေ ၃၁ ရက်အထိ မြန်မာ့မီးရထားက ရောင်းချပေးသွားပါ့မယ်။ ဒီအထဲကမှ အကောင်းဆုံး ဒီဇိုင်းပုံစံတွေနဲ့အတူ တင်ပြလာမယ့် အကောင်းဆုံးကုမ္ပဏီကို ရွေးချယ်ပြီး ၂၀၁၇ ခုနှစ် မေလမှာ စီမံကိန်းလုပ်ငန်းများစတင်တော့မှာ ဖြစ်ပါတယ်"ဟုပြောကြားသည်။

အဆိုပါ တင်ဒါအောင်ကုမ္ပဏီသည် ရန်ကုန်ဘူတာကြီးနယ်မြေ စီမံကိန်းဧရိယာဖြစ်သော ၂၅ ဒသမ ၇၄၆ ဟက်တာပေါ်၌ ရထားလုပ်ငန်းများနှင့်စပ်လျဉ်းသည့် စီးပွားရေးလုပ်ငန်းများ၊ အထပ်မြင့် အဆောက်အအုံများ၊ ရထားပို့ဆောင်ရေးစနစ်များ၊ ရထားသံလမ်းဆက်သွယ်ရေးစနစ်များနှင့် အခြားဘက်စုံဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ပါဝင်သောလုပ်ငန်းစဉ်များအားအဆင့်ဆင့် ဆောင်ရွက်သွားရမည်ဖြစ်သည်။

လက်ရှိအနေအထားအရ နိုင်ငံတော်အစိုးရအနေဖြင့် ရန်ကုန်ဘူတာကြီးနယ်မြေဘက်စုံဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း ပေါ်ပေါက်လာစေရန်အတွက် စီမံကိန်းဖြစ်မြောက်ရေး ဦးစီးကော်မတီ၊ တင်ဒါခေါ်ယူရေးနှင့် စိစစ်ရေးလုပ်ငန်းကော်မတီတို့အား ဖွဲ့စည်းပြီးဖြစ်ကြောင်းနှင့် ထိုအဖွဲ့များမှ ဒီဇိုင်းပုံထုတ်ခြင်း၊ တည်ဆောက်ခြင်းလုပ်ငန်း လွှဲပြောင်းခြင်းတို့အား သတ်မှတ်ကာလများအလိုက် အဆင့်ဆင့် အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရထားပို့ဆောင်ရေးဝန်ကြီးဌာနမှ သိရသည်။

**သတင်းနှင့်ဓာတ်ပုံ(စိုးဝင်း-MLA)**

၀၀၀

**✱ ကျောဖုံးမှ**

အားအသင့်အတင့်ရှိသည့် အယ်နီညိုအဆင့်သို့ လျော့ကျလာခဲ့ကြောင်းနှင့် ၂၀၁၆ ခုနှစ် ဇွန်လတွင် အယ်လ်နီညိုဖြစ်စဉ် ပြီးဆုံးနိုင်ပြီး ပုံမှန်ဖြစ်စဉ်သို့ ပြောင်းလဲသွားနိုင်ကြောင်း အယ်နီညိုဖြစ်စဉ်ကို စောင့်ကြည့်လျက်ရှိသည့် နိုင်ငံတကာမိုးလေဝသနှင့် ရာသီဥတုခန့်မှန်းရေး ဗဟိုဌာနများမှ ထုတ်ပြန်ထားကြောင်း ထုတ်ပြန်အသိပေးထားသည်။

နွေရာသီကာလ မိုးရေချိန်နှင့် အပူချိန်ခန့်မှန်းချက်တွင် ၂၀၁၆ ခုနှစ် နွေရာသီကာလ(မတ်၊ ဧပြီ၊ မေ)သုံးလအတွက် ယေဘုယျခန့်မှန်းချက်များအရ မိုးရွာသွန်းမှုများအနေဖြင့် ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီး(အထက်ပိုင်း)တို့တွင် ရွာသွန်းမြဲထက် မိုးပိုမိုရရှိနိုင်ပြီး ၄၀ ရာခိုင်နှုန်းမှ ၆၀ ရာခိုင်နှုန်းအထိ သေချာကြောင်း၊ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် ရွာသွန်းမြဲအောက် မိုးလျော့နည်းရရှိနိုင်ကြောင်း၊ မိုးလျော့နည်းမှု ၄၀ ရာခိုင်နှုန်းမှ ၅၀ ရာခိုင်နှုန်းအထိ သေချာသည့်ဒေသမှာ ရှမ်းပြည်နယ်(မြောက်ပိုင်း)ဖြစ်ကြောင်း၊ ၅၀ ရာခိုင်နှုန်းမှ ၆၀ ရာခိုင်နှုန်းအထိ သေချာသည့်ဒေသများမှာ နေပြည်တော်၊ ရှမ်းပြည်နယ်(တောင်ပိုင်း)နှင့် အရှေ့ပိုင်း၊ ကယားပြည်နယ်၊ ရခိုင်ပြည်နယ်၊ မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့ ဖြစ်ကြကြောင်း၊ ၆၀ ရာခိုင်နှုန်းမှ ၈၀ ရာခိုင်နှုန်းအထိ သေချာသည့် ဒေသများမှာ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးတို့ ဖြစ်ကြကြောင်း သတင်းထုတ်ပြန်ထားသည်။ **(ကြေးမုံ)**



# ရေပိုက်လိုင်းပြုပြင်နေစဉ် ရန်ကုန်မြို့ရှိ မြို့နယ်အချို့ ရေပြတ်တောက်မည်

**ရန်ကုန် မတ် ၇**

လှော်ကားရေကန်မှ ရန်ကုန်မြို့တွင်းသို့ ရေပေးဝေသည့် ၆၆လက်မ ကွန်ကရစ်ရေပို့ပိုက်လိုင်းမှာ မတ် ၇ ရက် ညနေ ၄ နာရီက ချွတ်ယွင်းမှုဖြစ်ပေါ်၍ အမြန်ပြန်လည်ပြုပြင်ရန် လှော်ကားရေတွန်းစက်ရုံရှိ ရေတွန်းစက်များ မောင်းနှင်မှုရပ်ဆိုင်းခဲ့သည်။

ပိုက်လိုင်းချွတ်ယွင်းမှုအား အမြန်ဆုံး ပြုပြင်ပြီးစီးရန် နေ့ည ဆောင်ရွက်သွားမည်ဖြစ်၍ ရေပြန်လည်ပေးဝေနိုင်မည်ဖြစ်သည်။ ပိုက်လိုင်းပြုပြင်နေစဉ် ကာလအတွင်း မင်္ဂလာဒုံ၊ ရွှေပြည်သာ၊ အင်းစိန်၊ လှိုင်သာယာ၊ မရမ်းကုန်း၊ ရန်ကင်း၊ ဗဟန်း၊ တာမွေ၊ မင်္ဂလာတောင်ညွန့်၊ သာကေတ၊ ပုဇွန်တောင်၊ ဗိုလ်တထောင်၊ ပန်းဘဲတန်း၊ လှိုင်၊ ကမာရွတ်မြို့နယ်တို့၏ နေရာအချို့တွင် ရေပြတ်တောက်မည်ဖြစ်သည်။

လှော်ကားကန်မှ ရေပေးဝေခြင်းသာ ခေတ္တရပ်ဆိုင်းခြင်းဖြစ်ပြီး ဂျိုးဖြူ ဖူးကြီးနှင့် ငမိုးရိပ်ရေလှောင်ကန်များမှ ရေပေးဝေသည့် နေရာများတွင် ပုံမှန်အတိုင်း ရေပေးဝေလျက်ရှိပါကြောင်းနှင့် ပိုက်လိုင်းပြုပြင်နေစဉ် ကာလအတွင်း ရေချွေတာသုံးစွဲနိုင်ရန် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန(ရေနှင့် သန့်ရှင်းမှု) က အသိပေးနှိုးဆော်ထားသည်။

**(ကြေးမုံ)**

# လူငယ်ဖွံ့ဖြိုးရေးသင်တန်းကျောင်း (စစ်တွေ)မှ ကျောင်းသား ကျောင်းသူများ မြောက်ဦးမြို့သို့လေ့လာရေးခရီး ရောက်ရှိ

**မြောက်ဦး မတ် ၇**

ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း (စစ်တွေ)မှ ကျောင်းသား ကျောင်းသူများသည် စာတွေ့နှင့်လက်တွေ့ ထင်ဟပ်မိစေရန်နှင့် ပြည်ထောင်စု စိတ်ဓာတ်ဘာသာရပ် သင်ကြားရေး အထောက်အကူပြုစေရေးအတွက် ဆရာ ဆရာမများ ဦးဆောင်၍ ကျောင်းသား ကျောင်းသူ ၁၃၀ တို့သည် မတ် ၃ ရက်က မြောက်ဦးမြို့သို့ လေ့လာရေးခရီးရောက်ရှိကြသည်။

အဆိုပါ ကျောင်းသား ကျောင်းသူများသည် တစ်နှစ်တာကာလပတ်လုံး ကျောင်းစာများကို သင်ကြားပြီးဖြစ်၍ ယခုကဲ့သို့ ပြင်ပလေ့လာရေးခရီး လည်ပတ်ခြင်းအားဖြင့် အသိပညာ ဗဟုသုတများ တိုးပွားလာစေရန် အတွက် မြောက်ဦးမြို့သို့ ရောက်ရှိပြီး ရခိုင်ပြည်နယ်၏ ရှေးဟောင်းသမိုင်းဝင်ဘုရားများဖြစ်သော ရန်အောင်ဇေယျာ(ခေါ်) သျှစ်သောင်းပုထိုးတော်ကြီးနှင့် ဝေသာလီခေတ် အနန္ဒစန္ဒြား ကျောက်စာများကို လေ့လာခဲ့ပြီး ထုက္ကန့်သိမ်၊ အံတော်သိမ်၊ လေးမျက်နှာပုထိုးတော်၊ ရတနာပုံစေတီ၊ လောင်ပွန်းပြောက်စေတီ၊ ခြင်ကိုက်(ခေါ်) ချိန်ကိုက်နှင့် ထူပါရုံသို့ ရောက်ရှိပြီး ဘုရားဖူးကာ ကျောက်စာများ လေ့လာကြသည်။ ထိုမှတစ်ဆင့် စန္ဒမုနိဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသို့ရောက်ရှိ၍ ဖူးမြော်ကြည်ညိုကန်တော့ခဲ့ကြသည်။

ဆက်လက်၍ မြောက်ဦးမြို့၌ ရှေးဟောင်းသမိုင်းဝင်ဘုရားများဖြစ်ကြသော ကိုးသောင်းပုထိုးတော်ကြီးနှင့် မာရ်ငါးပါးဖြစ်သော လောကမာရ်အောင်၊ ရတနာမာရ်အောင်၊ ဇိနမာရ်အောင်၊ မင်္ဂလာမာရ်အောင်၊ သကျမာရ်အောင်ဘုရားတို့အား ဖူးမြော်ကြပြီး မတ် ၄ ရက်တွင် မြောက်ဦးမြို့နယ်မှ စစ်တွေမြို့သို့ ပြန်လည်ထွက်ခဲ့ကြောင်း သတင်းရရှိသည်။

**(ခရိုင်ပြန်/ဆက်)**





# မကွေးတိုင်းဒေသကြီး ရေစကြိုမြို့တွင် ဗိုလ်ချုပ်ကြေးရုပ်စိုက်ထူရန် မန္တလေးတမ္ပဝတီရပ်ကွက်တွင်အကြမ်းထည်ပြုလုပ်ပြီး ကြေးသွန်းလောင်းမည်

**ရေစကြို မတ် ၇**

မျိုးဆက်သစ်လူငယ်များ လွတ်လပ်ရေးဗိသုကာအမျိုးသားခေါင်းဆောင်ကြီးအား သိရှိစေရန်နှင့် ဂါရဝပြုနိုင်ရန်ရည်ရွယ်၍ ရေစကြိုမြို့ ဗိုလ်ချုပ်ကြေးရုပ်ဖြစ်မြောက်ရေးကော်မတီက မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ် တမ္ပဝတီရပ်ကွက် ဆင်တဲတိုက်အနီးရှိ ကြေးသွန်းပညာရှင် ဦးသိန်းဇော်၏ ကြေးသွန်းလုပ်ငန်းတွင် လုပ်ငန်းအပ်နှံထားပြီး ပဏာမအဆင့် ပန်းချီပညာရှင် ဇင်မင်းထွန်း ပုံဖော်ပေးထားသည့် ဗိုလ်ချုပ်အောင်ဆန်း ဂျပန်ပြည်တွင် စစ်ပညာသင်ကြားစဉ် စစ်ဝတ်စုံအပြည့်ဖြင့် ဓားထောက်ရပ်နေသောပုံအား အကြမ်းထည်ပုံဖော်ပြီးစီးလျက်ရှိသည်။

ရေစကြိုမြို့ ဗိုလ်ချုပ်ကြေးရုပ်ဖြစ်မြောက်ရေး ကော်မတီဝင်များအားပြသပြီး ဖယောင်းပုံဖော်ကြေးသွန်းလောင်းသွားမည်ဖြစ်သည်။ဗိုလ်ချုပ်ကြေးရုပ်သည် အမြင့် ကိုးပေခွဲရှိပြီး ကြေးပိဿာချိန်၂၀၀ ခန့် သုံးစွဲသွားမည်ဖြစ်ရာ ကာလတန်ဖိုးကျပ်သိန်း ၁၂၀ ခန့်ကုန်ကျမည်ဖြစ်သည်။ မတည်ငွေ ကျပ် ၈၅ သိန်းဖြင့် အကောင်အထည်ဖော်လျက်ရှိရာ ငွေကြေးလိုအပ်လျက်ရှိသည်။ ဗိုလ်ချုပ်ကြေးရုပ်ပြီးစီးပါက ရေစကြိုမြို့ လွတ်လပ်ရေးကျောက်တိုင်ရှေ့ ရေစကြိုမြို့အဝင်လမ်းဆုံနှင့် မြို့တောင်ဘက်ပန်းခြံတို့တွင် စိုက်ထူရန်လျာထားကြကြောင်း သိရသည်။

**မောင်ပြည်သူ(မန္တလေး)**

# နမ့်စန်တွင် အပူဒဏ်အန္တရာယ် ကြိုတင်ကာကွယ်ရေးအတွက် အသိပညာပေးဟောပြော

**နမ့်စန် မတ် ၇။** ။ ရှမ်းပြည်နယ်တောင်ပိုင်း လွိုင်လင်ခရိုင် နမ့်စန်မြို့နယ်တွင် အပူဒဏ်အန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောပွဲကို မတ် ၇ ရက် နံနက် ၉ နာရီက မြို့နယ်ခန်းမတွင်ကျင်းပခဲ့ရာ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးရဲလွင်ဦးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ပြည်သူများ တက်ရောက်ခဲ့ကြသည်။

ဟောပြောပွဲတွင် မြို့နယ်ကျန်းမာရေးဦးစီးဌာန ကျန်းမာရေးဦးစီးမှူး ဒေါက်တာမြတ်မိုးဆန်းက ကမ္ဘာ့ရာသီဥတုပြောင်းလဲလာခြင်းနှင့် ၂၀၁၆ ခုနှစ်တွင် အယ်နီညိုအကျိုးသက်ရောက်မှုကြောင့် ဖြစ်ပေါ်လာနိုင်မည့် သဘာဝဘေးအန္တရာယ်များအနက် အပူဒဏ်အန္တရာယ်နှင့်ပတ်သက်သည့် ဆောင်ရန်၊ ရှောင်ရန်များနှင့် ကြိုတင်ကာကွယ်ရေးဆိုင်ရာများကို အသိပညာပေးဟောပြောခဲ့ကြောင်း သိရသည်။

**သူရအောင်(ပြန်/ဆက်)**

# ရွှေစာရံဘုရားပွဲနှင့်အတူ မြန်မာမှုထန်းရွက်ပုတီးနှင့် ထန်းရွက်ငါးပြုလုပ်ခြင်းအနုပညာကို လေ့လာနိုင်

**မန္တလေး မတ် ၇**

နွေဦးရာသီ တပေါင်းလဆန်းနီးသည်နှင့် မန္တလေးမြို့တွင် သင်္ကြန်တေးသံနှင့်အတူ ကြားနေရသောသီချင်းမှာ ထန်းရွက်ပုတီးသီချင်းပင်ဖြစ်သည်။ "ဟေဝန်စုံမြိုင် တောဂနိုင်စမ်းကျယ် မမောနိုင်လှမ်းမယ်. မောင်ရယ်လိုက်ခဲ့ပါလားလို့ ညိုညိုစန်းက ခေါ်ပါတယ်. . မန္တလေးရွှေမြို့ရဲ့အရှေ့ဆီ မျှော်မှန်းရွယ် နွားကြန်စုံခြေကုန်မောင်းလို့ မြေတုန်စောင်းတော့. . လှည်းဘီးကလေးက ချာချာလည်-မှ အစ အသက်မကြီးသေးပါမောင်ရယ် ထန်းရွက်ပုတီးလေးဆွဲဖို့ ရွှေစာရံကို အရောက်သွားလို့ဝယ်" တေးစာသားသည် မန္တလေးမြို့အနီးတစ်ဝိုက်တွင် နွေဦးတေးအဖြစ် နှစ်စဉ်ကြားနေရပေသည်။

ရွှေစာရံဘုရားပွဲသည် ရွှေမန်းမြို့သူမြို့သားများသာမက ရှမ်းပြည်နယ်ကပင်လာရောက်နွှဲသော နာမည်ကျော်ဘုရားပွဲပင်ဖြစ်သည်။ အရှေ့ ရွှေစာရံ. . အနောက်ပုဂံ ရွှေစည်းခုံဘုရား၊ တောင်မိတ္ထီလာ ရွှေရင်မျှော်ဘုရား မြောက် အညာသီဟတောဘုရားတို့သည်တန်ခိုးကြီးသည်ဟုပင် ဆိုထားသည်။ ရွှေစာရံဘုရားပွဲကို တပေါင်းလပြည့်နေ့မှ တပေါင်းလပြည့်ကျော် ၉ ရက်အထိ စည်ကားသိုက်မြိုက်စွာကျင်းပပြီး ရက်ရှည်ပွဲဟု ဆိုနိုင်သည်။

ဘုရားပွဲတွင် လက်ဆောင်အဖြစ် ထန်းရွက်ပုတီး၊ ထန်းရွက်ငါးရုပ်ကလေးများ ရှမ်းပြည်နယ်ထွက် ဘူးခါးသီးရေဘူးများနှင့် ရှမ်းရိုးရာမုန့်များသည် ရွှေစာရံဘုရားပွဲတွင်သာ ရောင်းချလေ့ရှိသည်။ ဘုရားပွဲသွားသူတိုင်း ထန်းရွက်ပုတီးဆွဲကာ ငါးရုပ်ကလေးများကို ဝယ်လာလေ့ရှိသည်။ ထန်းရွက်ပုတီးနှင့် ငါးရုပ်အား ကျောက်ဆည်မြို့နယ် ညောရွှေညောင်ချပ်ရွာမှ ဘိုးဘေးဘီဘင် လက်ထက်ကတည်းက ပြုလုပ်ရောင်းချခဲ့သည်။ ရွှေစာရံဘုရားပွဲအတွက် သီးသန့်ပြုလုပ်ရောင်းချကြခြင်းဖြစ်သည်။ ယခုအခါ ရွှေစာရံရွာတွင်လည်း ပြုလုပ်နေပြီဖြစ်သည်။

ထန်းရွက်ပုတီးပြုလုပ်ရန်အတွက် ထန်းရွက်နုကို ပထမဦးစွာ ရေစိမ်ထားပြီးမှ ထန်းရွက်ပုတီးပြုလုပ်ကြသည်။ ထန်းရွက်ပုတီးကို လက်ခစားရာရေများဖြင့် ပြုလုပ်ကြသည်။ ထန်းရွက်ပုတီးဒိုင်မှ ထန်းရွက်ပေးပြီးထိုးခိုင်းသလို ကိုယ့်ထန်းရွက်နှင့် ကိုယ်ထိုးကာ ဒိုင်သွင်းသည်လည်းရှိသည်။ ရွာရှိ ကလေး၊ လူကြီးထန်းရွက်ပုတီးထိုးတတ်ကြသည်။ ထန်းရွက်ပုတီးဆေးဆိုးခြင်းလုပ်ငန်းကို ဒိုင်က ပြုလုပ်သည်။ ထန်းရွက်ပုတီးကို တပို့တွဲလမကုန်ခင် အပြီးပြုလုပ်ကြပြီး ရွှေစာရံဘုရားပွဲမစမီ တစ်ပတ်ခန့် ကြိုတင်ဆိုင်ခင်းကြသည်။ ထန်းရွက်ပုတီးနှင့်အတူ လူကြိုက်များသော ပစ္စည်းမှာ ထန်းရွက်ငါးရုပ်ကလေးများပင်ဖြစ်သည်။

ထန်းရွက်ငါးကိုမူ ကျွမ်းကျင်သူများကို အပ်လေ့ရှိသည်။ ထန်းရွက်ငါးမှာ နှစ်လက်မအရွယ်မှ နှစ်တောင်အထိ အမျိုးမျိုးရှိသည်။ ထန်းရွက်ငါးကို ပြုလုပ်ပြီးမှ ဆေးဆိုးရောင်းလေ့ရှိသည်။ ရွှေစာရံလာ ဘုရားဖူးငါးများကို ကိုယ်စားပြုသည်ဟုလည်း သိရသည်။

ထူးခြားသည်မှာ ထန်းရွက်ပုတီးနှင့် ထန်းရွက်ငါးသည် ရွှေစာရံသင်္ကေတဖြစ်ပြီး မည်သည့်ဘုရားပွဲမှ ရောင်းချခြင်းမရှိပေ။ ရှေးကာလကပင် ရွှေစာရံဘုရားကို စောမွန်လှရဲ့ အလွမ်းဘွဲ့ ဇာတ်လမ်းနှင့်အတူ လူသိများကြသည်။ ယခုအခါ ရွှေစာရံပွဲမစမီကပင် ထန်းရွက်ငါး၊ ထန်းရွက်ပုတီးနှင့် အခြား အမှတ်တရပစ္စည်းများကို ရောင်းချလျက်ရှိသည်။ ရွှေစာရံဘုရားသွားရင်း မြန်မာမှုထန်းရွက်ပုတီးနှင့် ထန်းရွက်ငါးပြုလုပ်ခြင်း အနုပညာကို လေ့လာနိုင်သည်။ **(တိမ်တမန်)**



# ၂၀၁၅-၂၀၁၆ ခုနှစ် ဧပြီလမှ ဇန်နဝါရီလအတွင်း မြန်မာနိုင်ငံ၏ ပို့ကုန်၊ သွင်းကုန် အခြေအနေ

**နေပြည်တော် မတ် ၇**

၂၀၁၅-၂၀၁၆ ခုနှစ် ဇန်နဝါရီလအတွင်း မြန်မာနိုင်ငံ၏ ပုံမှန်ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၄၄၆ ဒသမ ၇၅ သန်း၊ နယ်စပ်ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၄၁၂ ဒသမ ၆၄ သန်းနှင့် စုစုပေါင်း ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၈၅၉ ဒသမ ၃၉ သန်းဖြစ်ပြီး ပုံမှန်သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၀၉၈ ဒသမ ၄၇ သန်း၊ နယ်စပ်သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၂၁၁ ဒသမ ၇၉ သန်းနှင့် စုစုပေါင်း သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၃၁၀ ဒသမ ၂၆ သန်းဖြစ်သဖြင့် ၂၀၁၅-၂၀၁၆ ခုနှစ် ဇန်နဝါရီလအတွင်း စုစုပေါင်း ကုန်သွယ်မှုလိုငွေမှာ အမေရိကန်ဒေါ်လာ ၄၅၀ ဒသမ ၈၇ သန်းဖြစ်ပေါ်ခဲ့သည်။

၂၀၁၅-၂၀၁၆ ခုနှစ် ဧပြီလမှ ဇန်နဝါရီလအတွင်း မြန်မာနိုင်ငံ၏ ပုံမှန် ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၅၁၆၃ ဒသမ ၉၃ သန်း၊ နယ်စပ်ပို့ကုန် တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၃၇၆၀ ဒသမ ၇၉ သန်းနှင့် စုစုပေါင်းပို့ကုန် တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၈၉၂၄ ဒသမ ၇၂ သန်းဖြစ်ပြီး ပုံမှန်သွင်းကုန် တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၁၅၀၉ ဒသမ ၀၂ သန်း၊ နယ်စပ်သွင်းကုန် တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၂၂၂၈ ဒသမ ၈၀ သန်းနှင့် စုစုပေါင်းသွင်းကုန် တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၃၇၃၇ ဒသမ ၈၂ သန်းဖြစ်သဖြင့် ၂၀၁၅-၂၀၁၆ ခုနှစ် ဧပြီလမှ ဇန်နဝါရီလအတွင်း စုစုပေါင်းကုန်သွယ်မှုပမာဏမှာ အမေရိကန်ဒေါ်လာ ၂၂၆၆၂ ဒသမ ၅၄ သန်းဖြစ်ပြီး စုစုပေါင်းကုန်သွယ်မှု လိုငွေမှာ အမေရိကန်ဒေါ်လာ ၄၈၁၃ ဒသမ ၁၀ သန်းဖြစ်ပေါ်ခဲ့ကြောင်း ဗဟိုစာရင်းအင်းအဖွဲ့မှ လစဉ်တင်ပြသော ပို့ကုန်၊ သွင်းကုန်အခြေအနေအစီရင်ခံစာအရ သိရသည်။

**(သတင်းစဉ်)**

# အနုစိတ်ခြယ်မှုန်းထားသည့် စက္ကူပန်းပုရုပ်လေးများ လက်မှုအနုပညာပြပွဲများတွင် ဝင်ရောက်ပြသသွားမည်

**ရန်ကုန် မတ် ၇**

မြန်မာတို့၏ လက်မှုအနုပညာဖြစ်သည့် စက္ကူအရုပ်ချိုးပညာကို ပန်းချီအနုပညာခံစားမှုအာရုံနှင့်ပေါင်းစပ်ကာ ဆန်းသစ်သော စိတ်ကူးဖြင့်ပြုလုပ်ထားသည့် ရုပ်လုံး ရုပ်ကြွ စက္ကူပန်းပုရုပ်လေးများကို



လက်မှုအနုပညာပြပွဲများတွင် ဝင်ရောက်ပြသသွားမည်ဖြစ်ကြောင်း စက္ကူပန်းပုအနုပညာရှင် ပန်းချီဦးအောင်သန်းထံမှ သိရသည်။

“ဆင်ရုပ်ချိုးတဲ့ပညာနဲ့တူသလိုလိုရှိပေမယ့် မတူဘူး။ ပန်းပုထုသလို အနုပိုစိတ်တယ်။ ပန်းချီအငွေ့အသက်တွေလည်း ပါနေပြန်တယ်။ တချို့က စက္ကူရုပ်ဆို ကလေးကစားစရာအရုပ်လောက်ပဲ ပြေးမြင်ကြတာ။ မြန်မာ့လက်မှုပညာနဲ့ ပန်းချီစိတ်ကူးပေါင်းစပ်ပြီး သဘာဝအတိုင်းခြယ်မှုန်းထားတဲ့ ဒီအရုပ်လေးတွေကို အိမ်ဧည့်ခန်းမှာ၊ ဟိုတယ်လို နေရာမျိုးတွေမှာ အလှပြပစ္စည်းအဖြစ် ထားလို့ရတဲ့အဆင့်အထိ ရောက်အောင် ဖန်တီးပြုလုပ်ထားတာပါ။ တချို့က ရောင်းမလားလို့ မေးနေကြတယ်။ ရောင်းဖို့ဆိုတာက နောက်မှပါ။ လောလောဆယ်တော့ ပြပွဲတွေမှာ ဝင်ပြဖို့အတွက် စီစဉ်နေပါတယ်”ဟု ၎င်းက ပြောသည်။

အထူးသဖြင့် အမျိုးအစားစုံလင်သည့် ရုပ်လုံးကြွစက္ကူပန်းပုရုပ်များ ဖန်တီးပြုလုပ်ရာတွင် အရောင်အသွေးစုံလင်သော်လည်း အဆိုပါအရောင်များအတွက် သီးသန့်ဆေးခြယ်ထားခြင်းမရှိကြောင်း သိရသည်။

“အရောင်တွေက သီးသန့်ခြယ်ထားတာမဟုတ်ဘူး။ ရုပ်လုံးဖော်တဲ့အခါ ကာလာအတွက် ဆေးမခြယ်ဘဲ ပုံနှိပ်ပြီးသား စွန့်ပစ်ရမယ့် စက္ကူတွေကိုပဲ သူ့နေရာနဲ့သူသုံးသွားတာ။ အလင်းအမှောင်က အစ ပေါ့” ဟု ဦးအောင်သန်းက ပြောသည်။

အထူးသဖြင့် ကြက်ဖနှစ်ကောင် ခွပ်နေဟန်၊ ဒေါင်းကဟန်၊ မင်းသမီး၊ မင်းသား စုံတွဲနှစ်ပါးသွားကဟန် အစရှိသည့် စက္ကူပန်းပုအရုပ်ကလေးများပြုလုပ်ရာတွင် အနုစိတ်ပြုလုပ်ရသည့်အတွက် အချိန်အားဖြင့် လေးရက် ငါးရက်ခန့်ကြာမြင့်ကြောင်းနှင့် အရုပ်အမျိုးအစားအပေါ် မူတည်၍ အချိန်ကြာမြင့်ချိန် မတူညီနိုင်ကြောင်း သိရသည်။ **(သတင်း-သီသီမင်း၊ ဓာတ်ပုံ-စိမ်းခက်)**

# မိုးရှာမြို့၏ မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌကို ဒေသခံများ ရွေးချယ်တင်မြှောက်

**မိုးရှာ မတ် ၇**

စစ်ကိုင်းတိုင်းဒေသကြီး၏မြို့တော် မိုးရှာမြို့ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ရွေးချယ်တင်မြှောက်ပွဲကို မိုးရှာမြို့ဒေသခံများ စိတ်ဝင်စားမှုအပြည့်ဖြင့် မတ် ၆ ရက် နံနက် ၁၀ နာရီက မဲပေးစနစ်ဖြင့် ပွင့်လင်းမြင်သာစွာ ဆောင်ရွက်ခဲ့ကြရာ မိုးရှာမြို့ ဆူးလေကုန်းရပ်ကွက် ဒို့ဗမာဆီစက်ပိုင်ရှင် ဦးကျော်မျိုးဝင်းကို ၂၅ မဲဖြင့် ရွေးချယ်တင်မြှောက်ခဲ့သည်။

“မိုးရှာမြို့ကို စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌအနေနဲ့ အရင်ဆုံး အမှိုက်စနစ်ကို နိုင်နိုင်နင်းနင်းကိုင်တွယ်နိုင်အောင် ဆောင်ရွက်သွားမှာပါ။ ဒုတိယအဆင့်အနေနဲ့ မြို့ရေစီးရေလာ ကောင်းမွန်အောင် ဆောင်ရွက်ဖို့ရည်ရွယ်ထားပြီး တတိယအနေနဲ့ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်ဖို့ ဆောင်ရွက်သွားပါ့မယ်။ အခုလိုဝင်ရောက်အရွေးခံတယ်ဆိုတာ ပထမဦးဆုံးဖြစ်ပါတယ်။ ဒါကလည်း ပြောင်းလဲလာပြီဖြစ်တဲ့ ခေတ်စနစ်အရ ပြည်သူတွေလိုလားတဲ့ပုံသဏ္ဌာန်နဲ့သွားချင်လို့ရယ်၊ အသက်အရွယ်အရ ကိုယ့်ဒေသဖွံ့ဖြိုးတိုးတက်ဖို့အတွက် ကိုယ်တတ်နိုင်တဲ့ဘက်က တာဝန်ထမ်းချင်လို့ပါ”ဟု မိုးရှာမြို့နယ်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ ဦးကျော်မျိုးဝင်းက ပြောသည်။

ဒုတိယငါးနှစ်သက်တမ်းအတွက် မိုးရှာမြို့နယ်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ ရွေးချယ်ပွဲကို စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်မှ တာဝန်ရှိသူများဦးဆောင်၍ မိုးရှာခရိုင် အုပ်ချုပ်ရေးမှူးကြီးမှူးကာ မိုးရှာမြို့နယ်စီမံခန့်ခွဲမှုကော်မတီများ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့်အဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများပူးပေါင်း၍ ပြည်သူတို့၏ဆန္ဒအမှန်ဖြင့် ရွေးချယ်ခဲ့ကြခြင်းဖြစ်ကြောင်း တွေ့ရသည်။

ယခုရွေးချယ်ပွဲသည် ပြီးခဲ့သည့်ငါးနှစ်တာကာလက ရွေးချယ်ပွဲထက် အဓိပ္ပာယ်ပိုမိုလေးနက်ပြီး လူစိတ်ဝင်စားမှုပိုမိုခဲ့သောပွဲဖြစ်ခဲ့သလို အမှန်တကယ်လုပ်နိုင်မည့်သူနှင့်အဖွဲ့ကို အများရှေ့တွင် ရွေးချယ်ခွင့်ရကြသည့်အတွက် အများစုမှာ ကျေနပ်အားရမှုရှိကြောင်း သိရသည်။

အဆိုပါ ရွေးကောက်တင်မြှောက်ပွဲတွင် မိုးရှာမြို့နယ်ရှိ ၃၁ ရပ်ကွက်မှ ရွေးချယ်ခံကိုယ်စားလှယ် ၉၃ ဦးအနက် ရှစ်ဦးကို အဆိုပြုတင်မြှောက်ခဲ့ပြီး တက်ရောက်သူ ၉၁ ဦးက မဲစနစ်ဖြင့် ရွေးချယ်ကြရာ ဦးကျော်မျိုးဝင်းသည် ၂၅ မဲဖြင့် ရွေးချယ်တင်မြှောက်ခံရခြင်းဖြစ်ကြောင်း သိရသည်။

**မျိုးဝင်းထွန်း(မိုးရှာ)**

# သိမ်းဆည်းခံလယ်ယာမြေများအား မူလတောင်သူများထံ ပြန်လည်ပေးအပ်ပြီး ယာယီလုပ်ကိုင်ခွင့်ပုံစံထုတ်ပေး

**သာစည် မတ် ၇**

မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ်မြေအသုံးချမှု စီမံခန့်ခွဲရေးကော်မတီမှ သိမ်းဆည်းခံလယ်ယာမြေများအား မူလတောင်သူများထံ ပြန်လည်ပေးအပ်ပြီး ယာယီစိုက်ပျိုးလုပ်ကိုင်ခွင့်ပုံစံ(၃)ထုတ်ပေးပွဲကို မတ် ၆ ရက် နံနက်ပိုင်းက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညွန့်ငွေက အမှာစကားပြောကြားပြီး ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်နှင့် မြို့နယ်မြေအသုံးချမှုစီမံခန့်ခွဲရေး ကော်မတီအတွင်းရေးမှူး ဦးထွန်းမင်းနိုင်တို့က သာစည်မြို့နယ် အင်တိုင်းသာစိုက်ခြံမှ ပြန်လည်စွန့်လွှတ်မြေ ၁၄၉၉ ဒသမ ၄၂ ဧကအတွင်း ပုံစံ(၃) လျှောက်ထားသည့် တောင်သူများအား ပေးအပ်ရာတွင် အုတ်တွင်းကျေးရွာမှ ဦးဝင်းလှိုင်ပါ တောင်သူ ၉၇ ဦး၊ ဧရိယာ ၆၉၇ ဒသမ ၂၅ ဧက၊ အလယ်ကန်ကျေးရွာအုပ်စုမှ ဦးစံမြင့်ပါတောင်သူ ၉၈ ဦး၊ ဧရိယာ ၇၀၅ ဒသမ ၅၀ ဧက စုစုပေါင်းဧရိယာ ၁၄၀၂ ဒသမ ၇၅ ဧကနှင့် ရွာကြီးကျေးရွာအုပ်စုရှိ မင်းဘုရားကန် အဆိုပြုကာကွယ်တောအဖြစ်မှ ပယ်ဖျက်သည့် ဧရိယာအတွင်းပုံစံ(၃) လျှောက်ထားသည့် တောင်သူများအား ပေးအပ်ရာတွင် ရွာကြီးကျေးရွာအုပ်စုမှ ဦးညွန့်နိုင်ပါ တောင်သူ ၂၇ ဦး၊ ဧရိယာ ၁၁၇ ဒသမ ၄၂ ဧကတို့အား ယာယီစိုက်ပျိုးလုပ်ကိုင်ခွင့်ပုံစံ(၃)များ ပေးအပ်သည်။

ထို့နောက် တက်ရောက်လာသော တောင်သူများကိုယ်စား ဦးညွန့်နိုင်က ကျေးဇူးတင်စကားပြောကြားခဲ့ကြောင်း သိရသည်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန်းစိုး၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးစံထွန်း၊ မြို့နယ်မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ ဦးညွန့်ငွေနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ အုတ်တွင်းကျေးရွာအုပ်စု၊ အလယ်ကန်ကျေးရွာအုပ်စုနှင့် ရွာကြီးကျေးရွာအုပ်စုတို့မှ မြေအသုံးချမှုစီမံခန့်ခွဲရေး ကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များနှင့် သိမ်းဆည်းခံလယ်ယာမြေပိုင်ရှင် တောင်သူများ တက်ရောက်ကြသည်။ **ထွန်းထွန်း(သာစည်)**



# တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုကြတော့မယ်

၂၀၁၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုကြပါတော့မယ်။ ဖြေဆိုခွင့်တင်ထားကြတဲ့ ကျောင်းသား ကျောင်းသူတွေကို စာမေးပွဲဝင်ခွင့်ကတ်ပြားတွေ သက်ဆိုင်ရာ ကျောင်းအုပ်ကြီးတွေ၊ စာစစ်ဌာနကြီးကြပ်ရေးမှူးတွေက ထုတ်ပေးပြီးဖြစ်ပါတယ်။ အခုနှစ်မှာ တစ်နိုင်ငံလုံး (နိုင်ငံခြားစာစစ်ဌာနအပါအဝင်)မှာ ကျောင်းသား ကျောင်းသူ ၆၇၁၄၃၁ ဦး ဖြေဆိုရန် စာရင်းပေးသွင်းထားပါတယ်။ ယခင်နှစ် ၂၀၁၅ ခုနှစ်က ကျောင်းသား ကျောင်းသူ ၅၉၇၉၄၆ ဖြေဆိုကြပြီး ၂၂၄၈၃၇ ဦး (၃၇ ဒသမ ၆ ရာခိုင်နှုန်း) အောင်မြင်ခဲ့ပါတယ်။

ပြီးခဲ့သည့်နှစ် စာမေးပွဲဖြေဆိုသည့်ရက်တွင် တွေ့မြင်ခဲ့ရတဲ့ အတွေ့အကြုံအရ အခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုကြမယ့် ကျောင်းသား ကျောင်းသူတွေ၊ မိဘသားချင်းများအား ဆောင်ရန်၊ ရှောင်ရန်တွေကို သတိပေး၊ အသိပေးလိုက်ပါတယ်။

**ကျန်းမာရေးဂရုစိုက်ပါ**

အစားအသောက်၊ အနေအထိုင် အထူးဂရုစိုက်ဖို့လိုပါတယ်။ ပုံမှန်စာကြည့်၊ ပုံမှန်စား၊ ပုံမှန်အိပ်ပါ။ အိပ်ရေးဝပါမှ ဦးနှောက်ကြည်ကြည်လင်လင်နဲ့ စာမေးပွဲဖြေဆိုနိုင်မှာပါ။

**စာဖြေဌာန မမှားပါစေနှင့်**

စာဖြေဌာနမှားပြီးရောက်လာတတ်တဲ့ မြင်ကွင်းမျိုး နှစ်စဉ်တွေ့မြင်ရပါတယ်။ အထူးသဖြင့် အလွတ်ဖြေသူတွေ ဖြစ်တတ်ကြပါတယ်။ ဒါကို စာမေးပွဲဖြေဆိုခွင့်ကတ်ပြား ထုတ်ယူကတည်းက သေချာစွာမေးမြန်းထားကြဖို့ လိုအပ်ပါတယ်။

**စာမေးပွဲဝင်ခွင့်မှုရင်းကတ် (သို့မဟုတ်)ယာယီဖြေဆိုခွင့်ကတ်နေ့စဉ်ယူလာရန်**

စာမေးပွဲဝင်ခွင့်မူရင်းကတ် (သို့မဟုတ်)မူရင်းကတ် ပျောက်ဆုံး၊ မေ့ကျန်ခြင်း မဖြစ်ရလေအောင် စာစစ်ဌာနကြီးကြပ်ရေးမှူးလက်မှတ်နဲ့ ထုတ်ပေးထားတဲ့ ယာယီဖြေဆိုခွင့်ကတ်တစ်ခုခုကို နေ့စဉ်ယူလာရပါမယ်။ လူစားဖြေဆိုခြင်း၊ ဖြေဆိုခွင့်မူရင်းကတ် သို့မဟုတ် ယာယီဖြေဆိုခွင့်ကတ်မပါဘဲ ဖြေဆိုခွင့်မပြုပါ။

**ဖြေဆိုချိန်နောက်မကျပါစေနှင့်**

နေ့စဉ်စာမေးပွဲစချိန်က နံနက်(၉) နာရီပါ။ ယာဉ်၊ ရထား၊ ဆိုက္ကား. . စသည်တို့နဲ့လာကြတဲ့ ကျောင်းသားအများစုက ဖြေဆိုချိန် နောက်ကျခြင်း ဖြစ်တတ်ကြပါတယ်။ အိမ်နဲ့စာစစ်ဌာန အကွာအဝေး၊ ယာဉ်ရထားကျပ်ချိန်၊ ပိတ်ချိန်တွေကို အထူးသတိမူပြီး ဖြေဆိုချိန်နောက်မကျအောင် သတိမူပါ။ အားလုံးက ဝိုင်းဝန်းကူညီပေးကြပါ။

**စာရေးကိရိယာပြည့်စုံစွာ ယူသွားပါ**

စာမေးပွဲဖြေဆိုရာမှာ အသုံးပြုကြရမယ့် ဘောပင်၊ ခဲတံ၊ ပေတံ. . .စတဲ့ စာရေးကိရိယာတွေကို ပြည့်စုံစွာယူသွားပါ။ စိတ်အနှောင့်အယှက်ဖြစ်ခြင်းမှ ကင်းပါမယ်။

**ဖြေဆိုရမည့်နေ့ရက်၊ ဘာသာ၊ ဖြေဆိုချိန် မမှားပါစေနှင့်**

ဖြေဆိုရမည့်နေ့ရက်နဲ့ ဘာသာရပ်မမှားပါစေနှင့်။ မတ်(၉)ရက် မြန်မာစာ၊ မတ်(၁၀)ရက် အင်္ဂလိပ်စာ၊ မတ်(၁၁)ရက် သင်္ချာ၊ မတ်(၁၂)ရက် စိတ်ကြိုက်မြန်မာစာ၊ မတ်(၁၄)ရက် ဓာတုဗေဒ၊ မတ်(၁၅)ရက် ရူပဗေဒ၊ မတ်(၁၆)ရက် ဇီဝဗေဒ၊ ဘောဂဗေဒ၊ မတ်(၁၇)ရက် ပထဝီဝင်နှင့် မတ်(၁၈)သမိုင်းဘာသာတို့ကို နေ့စဉ်နံနက်(၉)နာရီမှ မွန်းတည့်(၁၂)နာရီထိ ဖြေဆိုရပါမယ်။

**စည်းကမ်းချက်များ လိုက်နာပါ**

စာဖြေသူများ လိုက်နာရမည့်စည်းကမ်းချက်များကို စာမေးပွဲမဖြေဆိုမီ တာဝန်ရှိ ဆရာ၊ ဆရာမတွေက နေ့စဉ် အစအဆုံးဖတ်ပြ၊ ရှင်းပြပါမယ်။ တိတိကျကျ လိုက်နာဖြေဆိုဖို့လိုပါတယ်။

**မေးခွန်းရဲ့ ညွှန်ကြားချက်အတိုင်း ဖြေဆိုပါ**

မေးခွန်းရဲ့ ထိပ်ပိုင်းမှာ မေးခွန်းကို ဘယ်လိုဖြေရမယ်။ ဘယ်အပိုင်းက ဘယ်နှပုဒ်ဖြေရမယ်။ စုစုပေါင်း ဘယ်နှပုဒ်ဖြေရမယ်. . . စတဲ့ ညွှန်ကြားချက်ပါပါတယ်။ ညွှန်ကြားတဲ့အတိုင်း တိတိကျကျ လိုက်နာဖြေဆိုဖို့လိုပါတယ်။

**မေးခွန်းကို အဆုံးထိသေချာဖတ်ဖြေပါ**

မေးခွန်းကို အစ အဆုံး သဘောပေါက်အောင် သေချာစွာဖတ်ပါ။ ဆိုလိုရင်းရောက်အောင်ဖြေပါ။ မေးခွန်းနဲ့ဘောင်ဝင်အောင်၊ ဆီလျော်အောင်ဖြေပါ။ မေးခွန်းကို အစပိုင်းသာဖတ်ပြီး ထင်ရာမြင်ရာဖြေရင် အချိန်ကုန်ရကျိုးမနပ်ဖြစ်သွားနိုင်ပါတယ်။

**ဖြေဆိုချိန် သတိပြုပါ**

(၃)နာရီမေးခွန်းပါ၊ (၃)နာရီဖြေဆိုချိန်ကို မေးခွန်းပုဒ်ရေ၊ ဖြေဆိုရမယ့်ပုဒ်ရေ ချိန်ဆပါ။ ဖြေဆိုရမယ့် ပုဒ်ရေနဲ့ ပေးမှတ်ကို ကြည့်ပါ။ (၁၀)မှတ်တန်မေးခွန်းကို နာရီဝက်လောက်ဖြေတာမျိုး၊ အမှတ်(၂၀)မေးခွန်းကို (၅)မိနစ်လောက်ဖြေတာမျိုး မဖြစ်စေချင်ပါ။ ဖြေရမယ့်ပုဒ်ရေ၊ ပေးမှတ်၊အချိန်စသည်တို့ကို သတိမူဖြေဆိုပါ။

**အဖြေလွှာ ပြန်စိစစ်ပါ**

စာဖြေသူကျောင်းသားကျောင်းသူတွေ အဖြေလွှာရဲ့ ဒုတိယစာမျက်နှာက စဖြေဖို့ ဒီနှစ်မှ စတင်သတ်မှတ်ထားပါတယ်။ ပထမစာမျက်နှာမှာ မိမိရဲ့ခုံနံပါတ် ပီပီသသအမှန်ပါရဲ့လား၊ ညွှန်ကြားတဲ့အတိုင်း ဖြေရဲ့လား၊ ဖြေဆိုရမယ့် ပုဒ်ရေပြည့်ရဲ့လား၊ ပုဒ်ခွဲအက္ခရာစဉ်တပ်တာ မှန်ရဲ့လား၊ အဖြေလွှာတစ်အုပ်ထက်မက ဖြေထားရင်လည်း သေချာစွာပြန်စစ်ပါ။ ပြီးမှ စာမေးပွဲခန်းကြီးကြပ်သူထံ အဖြေလွှာကို အပ်နှံပါ။

ဖော်ပြပါရှောင်ရန်ဆောင်ရန်များနှင့်အညီ အစီအစဉ်တကျ ဖြေဆိုပါက စိတ်ပူပင်သောကမရောက်ရဘဲ ဖြေဆိုနိုင်လိမ့်မည်ဟု ယုံကြည်ပါတယ်။

မိဘမောင်နှမများသို့-----

မိဘမောင်နှမများ၊ သက်ဆိုင်သူများကိုလည်း အသိပေးလိုပါတယ်။ စာမေးပွဲအောင်ချင်လွန်းလို့ စာကိုအတင်းဖတ်၊ အတင်းမှတ်၊ မအိပ်မနေ ဖိအားပေးတာမျိုး မပြုမိဖို့လိုပါတယ်။ သူတို့လေးတွေ စိတ်ကြည်လင်အေးချမ်းပျော်ရွှင်စွာနဲ့ စာမေးပွဲဖြေနိုင်ပါမှ သူတို့ရဲ့ ဘဝအောင်မြင်မှု အတက်ခြေလှမ်းများ တစ်ဆင့်ချင်း ရှေ့ဆက်လျှောက်လှမ်းနိုင်မှာဖြစ်ပါတယ်။သတိမူရမည့် ရှောင်ရန်၊ ဆောင်ရန်၊ လိုက်နာရန် လိုအပ်တာတွေကို အသိနဲ့ယှဉ်ပြီး ဝိုင်းဝန်းပူးပေါင်းလုပ်ဆောင်ပေးကြပါလို့ အသိပေးလိုပါတယ်။

ရိုးရိုးသားသား၊ စည်းကမ်းနှင့်အညီ ကြိုးစားဖြေဆိုကြတဲ့ ကျောင်းသား ကျောင်းသူအားလုံး အောင်မြင်မှုပန်းတိုင် တက်လှမ်းနိုင်ကြမှာဖြစ်ပါတယ်။ ။

**(ဘကြီးအောင်)**

## ဝင်ငွေအကောင်းဆုံးရုပ်ရှင်ဖြစ်လာတဲ့ "Zootopia"

ယခုသီတင်းပတ်အတွင်း မြောက်အမေရိကန်မှာ ရုံတင်ပြသလျက်ရှိတဲ့ ရုပ်ရှင်တွေအနက် ရုပ်သံဖန်တီးမှုစွန့်စားခန်းရုပ်ရှင် “Zootopia”ဟာ ဝင်ငွေအကောင်းဆုံးရုပ်ရှင်အဖြစ် ထိပ်ဆုံးကနေရပ်တည်လျက်ရှိကြောင်း ယူပီအိုင်ဒေ့ါကွန်းက ဖော်ပြခဲ့ပါတယ်။

ယင်းရုပ်ရှင်ဟာ အမေရိကန်နိုင်ငံတစ်ဝန်းမှာ ပြီးခဲ့တဲ့ မတ် ၄ ရက်က စတင်ရုံတင်ပြသခဲ့တဲ့ ရုပ်ရှင်ဖြစ်ကာ တနင်္ဂနွေနေ့က ထုတ်ပြန်ခဲ့တဲ့ အချက်အလက်တွေအရ ယင်းရုပ်ရှင်ဟာ ယခုသီတင်းပတ်အတွင်း ဝင်ငွေ အမေရိကန်ဒေါ်လာ ၇၃ ဒသမ ၇ သန်းရရှိခဲ့ကြောင်း သိရပါတယ်။ ရဲတပ်ဖွဲ့ဝင်တွေနဲ့ ဆက်သွယ်ကာ ရာဇဝတ်ကောင်တွေကို တိုက်ဖျက်နိုင်ဖို့ကြိုးစားနေတဲ့ ယုန်လေးတစ်ကောင်ရဲ့ အကြောင်းကို အဓိကဇာတ်လမ်းဆင်ရိုက်ကူးထားတဲ့ ယင်းရုပ်ရှင်မှာ နာမည်ကျော်အဆိုတော်တစ်ဦးဖြစ်တဲ့ ရှာကီရာက အသံနဲ့ ပါဝင်သရုပ်ဆောင်ပေးထားပါတယ်။ အဆိုပါရုပ်ရှင်မှာ အသံနဲ့ ပါဝင်သရုပ်ဆောင်ထားတဲ့ အခြားသော အနုပညာရှင်တွေကတော့ ဂျက်ဆန် ဘက်တီမန်၊ အိုင်းဒရစ်အယ်လ်ဘာ၊ ဂင်နီဖာဂွတ်ဒ်ဝင်းနဲ့ ဂျေကေဆိုင်မွန်စ်တို့ပဲ ဖြစ်ပါတယ်။

ယခုသီတင်းပတ်အတွင်း ဒုတိယဝင်ငွေအကောင်းဆုံးရုပ်ရှင်ကတော့ “London Has Fallen” ဖြစ်ပြီး လက်မှတ်ရောင်းရငွေ အမေရိကန် ဒေါ်လာ ၂၁ ဒသမ ၇ သန်း ရရှိခဲ့ပါတယ်။ တတိယနေရာမှာတော့ သီတင်းပတ်သုံးပတ်ခန့် ဝင်ငွေအကောင်းဆုံးဖြစ်ခဲ့တဲ့ရုပ်ရှင် “ Deadpool”က ဝင်ငွေ အမေရိကန်ဒေါ်လာ ၁၆ ဒသမ ၄ သန်းနဲ့ ရပ်တည်လျက်ရှိကြောင်း သိရပါတယ်။





## လူသိရှင်ကြားတွဲလာတဲ့ လီယမ်ပိန်း နဲ့ ချယ်ရီကိုးလ်

ဗြိတိန်အမျိုးသားပေ့ါပ်တေးဂီတအဖွဲ့ “One Direction”မှ အဖွဲ့ဝင်တစ်ဦးဖြစ်တဲ့ လီယမ်ပိန်းနဲ့ ဗြိတိန်အဆိုတော်တစ်ဦးဖြစ်တဲ့ ချယ်ရီကိုးလ်တို့ရဲ့ အချစ်ဇာတ်လမ်းဟာ ပြီးခဲ့တဲ့ ဖေဖော်ဝါရီလကုန်ပိုင်းက အွန်လိုင်းမီဒီယာပေါ်မှာ ပျံ့နှံ့လာခဲ့ပြီး ဟောလိဝုဒ်မီဒီယာတွေအကြား သို့လောသို့လော ဝေဖန်မှုတွေဖြစ်စေခဲ့ပါတယ်။ ပြီးခဲ့တဲ့ မတ် ၅ ရက် (တနင်္ဂနွေနေ့)မှာတော့ သူတို့နှစ်ဦးဟာ လန်ဒန်မှာရှိတဲ့ ကာစီနိုဝိုင်းတစ်ခုမှာ နှစ်ယောက်အတူအချိန်ကုန်ကြရင်း လူအများရှေ့မှောက် ပေါ်ထွက်လာခဲ့ကာ သူတို့နှစ်ဦး လက်တွဲနေပြီဖြစ်ကြောင်းကို လှစ်ဟပြခဲ့ကြောင်း အေ့စ်ရှိုးဘစ်ဇ်ဒေ့ါကွန်းက ဖော်ပြခဲ့ပါတယ်။

အသက်အရွယ်အားဖြင့် ၁၀ နှစ်ခန့် ခြားနားတဲ့ လီယမ်နဲ့ ချယ်ရီတို့စုံတွဲဟာ လန်ဒန်မှာရှိတဲ့ ခရော့ဒ်ဖို့ဒ်ကာစီနိုကို အတူလာရောက်ခဲ့ခြင်းဖြစ်ကာ သူတို့ကြားက ဆက်ဆံရေးဟာလည်း ပိုမိုခိုင်မာလာခဲ့ပြီဖြစ်ကြောင်း လီယမ်နဲ့ ရင်းနှီးသူတစ်ဦးက ပြောကြားခဲ့ပါတယ်။

အသက် (၂၂)နှစ်ရှိပြီဖြစ်တဲ့ လီယမ်နဲ့(၃၂)နှစ်အရွယ်ချယ်ရီကိုးလ်တို့ဟာ ဖေဖော်ဝါရီလအတွင်းက သူတို့နှစ်ဦးတွဲရိုက်ထားတဲ့ဓာတ်ပုံကို လီယမ်ရဲ့အင်စတာဂရမ်စာမျက်နှာပေါ်ကနေတစ်ဆင့် ထုတ်ဖော်ပြသခဲ့ပါတယ်။ အဲဒီနောက်မှာတော့ သူတို့နှစ်ဦး ချစ်သူတွေအဖြစ် လက်တွဲခဲ့ပြီဖြစ်ကြောင်း တရားဝင်ထုတ်ဖော်ပြောကြားခဲ့တာပါ။ ဒါပေမယ့် လူအများရှေ့မှောက် တွဲသွားတွဲလာမရှိခဲ့ဘဲ မတ် ၅ ရက်ကမှ ပထမဦးဆုံးအကြိမ်အဖြစ် တရားဝင်ချိန်းဆိုတွေ့ဆုံမှုမျိုး ပြုလုပ်လာခဲ့ကြတာပဲ ဖြစ်ပါတယ်။

ချယ်ရီကိုးလ်ဟာ အင်္ဂလန်ဘောလုံးကစားသမား အက်ရှ်လေကိုးလ်နဲ့ ၂၀၀၆ ခုနှစ်မှာ တရားဝင်လက်ထပ်ခဲ့ပြီး ၂၀၁၀ မှာ ကွာရှင်းပြတ်စဲခဲ့ပါတယ်။ အဲဒီနောက်မှာတော့ ချယ်ရီကိုးလ်ဟာ ပြင်သစ်စီးပွားရေးလုပ်ငန်းရှင်တစ်ဦးဖြစ်တဲ့ ဂျန်ဘားနက်ဒ်ဖာနန်ဒက်ဇ်ဗာစီနီနဲ့ ၂၀၁၄ ခုနှစ်အတွင်းမှာ လက်ထပ်ခဲ့ပါတယ်။ လတ်တလောမှာတော့ သူတို့နှစ်ဦးဟာ ကွာရှင်းပြတ်စဲဖို့ စီစဉ်နေပါတယ်။ လီယမ်ကတော့ သူရဲ့ချစ်သူဟောင်း ဆိုဖီယာစမစ်သ်နဲ့ ပြီးခဲ့တဲ့ ၂၀၁၅ နိုဝင်ဘာလအတွင်းက လမ်းခွဲခဲ့တာဖြစ်ပါတယ်။

## ချစ်သူသက်တမ်းတစ်နှစ်ပြည့် အထိမ်းအမှတ်ပါတီပွဲ ပြုလုပ်ခဲ့တဲ့ တေလာဆွစ်နဲ့ ကယ်လ်ဗင်ဟဲရစ်

အမေရိကန် ပေ့ါပ်အဆိုတော် တေလာဆွစ်နဲ့ ဒီဂျေပညာရှင် ကယ်လ်ဗင်ဟဲရစ်တို့ဟာ သူတို့ရဲ့ ချစ်သူသက်တမ်း တစ်နှစ်ပြည့်အထိမ်းအမှတ်အဖြစ် ပါတီပွဲတစ်ခုကို ကျင်းပခဲ့ပါတယ်။ ဒ့ါအပြင် ဟဲရစ်က တေလာအတွက် အမှတ်တရလက်ဆောင်တွေကိုလည်း ပေးအပ်ခဲ့ကြောင်း အီးအွန်လိုင်းဒေ့ါကွန်းက ဖော်ပြခဲ့ပါတယ်။

ကယ်လ်ဗင်နဲ့ တေလာတို့နှစ်ဦးဟာ ချစ်သူအဖြစ် လက်တွဲခဲ့ပြီဖြစ်ကြောင်း တရားဝင်ထုတ်ဖော်ပြောကြားခဲ့သည်မှာ ပြီးခဲ့တဲ့ မတ် ၆ရက်က တစ်နှစ်ပြည့်ခဲ့ပြီဖြစ်ပါတယ်။ သူတို့နှစ်ဦးရဲ့ နှစ်ပတ်လည်နေ့အတွက် ကယ်လ်ဗင်က သူကိုယ်တိုင်ပြုလုပ်ခဲ့တဲ့ ကိတ်မုန့်နဲ့အတူ တေလာ့အတွက် အသည်းပုံရွှေဆွဲသီးတစ်ခုကိုပါ လက်ဆောင်အဖြစ်ပေးခဲ့ကြောင်း သိရပါတယ်။

တေလာက နှစ်ပတ်လည်နေ့မှာ ကယ်လ်ဗင်ဆီက ရရှိခဲ့တဲ့ လက်ဆောင်တွေရဲ့ဓာတ်ပုံတွေကို သူ့ရဲ့ အင်စတာဂရမ်စာမျက်နှာပေါ်ကနေတစ်ဆင့် ပရိသတ်တွေကို ထုတ်ဖော် ပြသခဲ့ပါတယ်။



## ပရိသတ်တွေကို သူနဲ့အတူကပြဖျော်ဖြေခွင့်ပြုမယ့် ဂျက်စတင်ဘီဘာ

အမေရိကန်ပေ့ါပ်အဆိုတော် ဂျက်စတင်ဘီဘာက သူ့ရဲ့နောက်ဆုံးထွက်ရှိထားတဲ့တေးအယ်လ်ဘမ် “Purpose”အတွက် နယ်လှည့်ဖျော်ဖြေပွဲတွေ ပြုလုပ်လျက်ရှိရာ ယင်းခရီးစဉ်တွေအနက်ကတစ်ခုဖြစ်တဲ့ ဝါရှင်တန်ပြည်နယ် စီတယ်လ်မြို့မှာ ဖျော်ဖြေမယ့် နယ်လှည့်ဖျော်ဖြေပွဲမှာတော့ သူ့ရဲ့ပရိသတ်တွေထဲက လေးဦးကိုရွေးချယ်ကာ သူနဲ့အတူ စင်မြင့်ပေါ်မှာ ဖျော်ဖြေတင်ဆက်သွားစေမှာဖြစ်ကြောင်း အမ်တီဗွီနယူးစ်ဒေ့ါကွန်းက ဖော်ပြခဲ့ပါတယ်။

ပြီးခဲ့တဲ့ သောကြာနေ့က ဂျက်စတင်ဘီဘာက စီတယ်လ်မြို့မှ ပရိသတ်များကို ပြိုင်ပွဲတစ်ခုကျင်းပပေးသွားမည်ဖြစ်ကာ ယင်းပြိုင်ပွဲ၌ အရွေးချယ်ခံခဲ့ရသောပြိုင်ပွဲဝင်လေးဦးကို သူနဲ့အတူ ဖျော်ဖြေရေးစင်မြင့်ပေါ်မှာ အတူပါဝင်ဖျော်ဖြေစေမှာ ဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့ပါတယ်။

ဂျက်စတင်ဘီဘာဟာ ၂၀၁၂ နဲ့ ၂၀၁၃ ခုနှစ်တွေမှာ ကျင်းပခဲ့တဲ့ “Believe” တေးအယ်လ်ဘမ်အတွက် နယ်လှည့်ဖျော်ဖြေပွဲမှာလည်း ယခုလို ပြိုင်ပွဲတွေပြုလုပ်ပြီး ပရိသတ်တွေကို သူနဲ့အတူ ဖျော်ဖြေခွင့်ပြုခဲ့ပါတယ်။ ဒီနှစ်မှာလည်း ဂျက်စတင်နဲ့အတူ ကပြဖျော်ဖြေဖို့အခွင့်အရေးကို စောင့်ဆိုင်းနေခဲ့တဲ့ ပရိသတ်တွေရဲ့ ဆန္ဒတွေဟာ ယခုဖျော်ဖြေပွဲနဲ့အတူ ပြည့်ဝတော့မှာ ဖြစ်ပါတယ်။

ဂျက်စတင်ဘီဘာဟာ အဆိုပါမြို့မှာ ယခုလ ၉ ရက်က စတင်ပြီး ဖျော်ဖြေပွဲတွေ ပြုလုပ်သွားမှာဖြစ်ကြောင်းလည်း သိရပါတယ်။

**အေးပြည့်**

**စုစည်းသည်**

## ရုပ်မြင်သံကြားအစီအစဉ်များ

[၈ - ၃ -၂၀၁၆ (အင်္ဂါနေ့)]

### မြန်မာ့ရုပ်မြင်သံကြား Entertainment Channel

၆း၀၀ -အဖွင့်
-တေးဂီတအစီအစဉ်
၆း၂၀ ပြည်သူ့နီတိ “အမွေ”
၆း၄၀ တေးဂီတအစီအစဉ်
၇း၀၀ ကိုရီးယားဇာတ်လမ်းတွဲ “မကြွေတဲ့နှင်းဆီ” (အပိုင်း-၇၈)
၇း၅၀ ကိုရီးယားဇာတ်လမ်းတွဲ “ရွှေထီးဆောင်းမိသားစု” (အပိုင်း-၂၄)
၈း၄၀ ကာတွန်းအစီအစဉ် “BEN 10 ALIEN FORCE (Part-VI)"
၉း၀၀ ထူးခြားဖွယ်ရာအင်ဒိုနီးရှားခရီးစဉ်
၉း၄၀ မြန်မာဂန္ထဝင်သီချင်းကြီးများ
၁၀း၀၀ မြန်မာဗီဒီယိုဇာတ်လမ်း “စွန့်စားခန်း” (မင်းမော်ကွန်း၊ အိန္ဒြာကျော်ဇင်)
၁၂း၀၀ အစီအစဉ်ပြီး၏။

**တစ်နေ့(၆)နာရီစာ (၄)ကြိမ်ပြသပါမည်။**

### MRTV- 4

၅း၀၀ ပဌာန်းပါဠိတော်+ မေတ္တာသုတ်
၅း၄၀ “မြတ်ဗုဒ္ဓ၏အာမခံစကားများအကြောင်း” တရားဒေသနာတော် (ပါမောက္ခချုပ်ဆရာတော် ဒေါက်တာ ဘဒ္ဒန္တ နန္ဒမာလာဘိဝံသ)
၇း၅၀ ရန်ကုန်မြင်ကွင်းကျယ် (Goon Baby Diaper မိတ်ဆက်ပွဲအခမ်းအနား)
၈း၀၀ “မင်္ဂလာပါ” The Morning Show
၁၀း၁၀ ခေတ်သစ်ပျိုမေ
၁၀း၅၅ အနုပညာမိုးကောင်းကင်
၁၁း၁၅ သွားမယ် စားမယ် (The Tahj)
၁၁း၄၀ Forever Music Tribute ထူးအိမ်သင် (အပိုင်း-၂) (ဒုတိယပိုင်း)
၁၂း၀၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “ဂန္ထဝင်ကုန်သည်” (အပိုင်း-၂၈)
၁၂း၄၀ ရန်ကုန်မြင်ကွင်းကျယ် (Seminar on Building Myanmar's Financial Architecture)
၂း၂၀ မြန်မာရုပ်သံဇာတ်လမ်းတွဲ “မေတ္တာအသည်းမြွှာ” (အပိုင်း-၃၅)
၂း၅၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “အကြင်နာလက်ကလေး” (အပိုင်း-၁၂၅)
၃း၅၅ Cartoon Series (Welcome To Sky Ville)
၆း၁၀ Health Fix
၆း၁၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “အကြင်နာလက်ကလေး” (အပိုင်း-၁၂၆)
၇း၂၅ မြန်မာရုပ်သံဇာတ်လမ်းတွဲ “မေတ္တာအသည်းမြွှာ” (အပိုင်း-၃၆)
၈း၂၀ ရသစုံညွှန်းတမ်းများ
၈း၄၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “အိမ်ရှင်မတို့ချစ်စကား” (အပိုင်း-၄၅)
၉း၂၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “ဂန္ထဝင်ကုန်သည်” (အပိုင်း-၂၉)
၉း၅၅ အနုပညာမိုးကောင်းကင်
၁၀း၁၅ MRTV-4 Stage
၁၀း၄၅ World of Knowledge (Dog Whisperer : Cray Swimmer)

### မြဝတီရုပ်မြင်သံကြား

၆း၀၃ တရားတော်
၆း၁၅ မေတ္တာပို့
၆း၂၀ ဓမ္မပူဇာတေး
၆း၂၅ ကိုယ်လက်လှုပ်ရှားအားကစား
၆း၃၅ မျိုးချစ်တပ်မတော်
၆း၄၅ မှတ်တမ်း
၆း၅၅ မြန်မာသံစဉ်ချိုနားဝင်
၇း၁၀ အမျိုးသားရေးတေးကဗျာ
၇း၂၅ သင့်အတွက်တစ်နေ့တာ
၈း၀၀ မြဝတီရုပ်မြင်သံကြားသတင်း
၈း၀၄ အမျိုးသားရေးတေးကဗျာ
၈း၁၀ စိုက်ပျိုးသုတ
၈း၂၅ မြတ်နိုးစရာရိုးရာလက်မှုပညာ
၈း၃၅ ခရီးလည်းသွားစကားလည်းဆို
၈း၄၅ မြဝတီနေ့စဉ်သတင်း
၉း၀၀ တည်ဆောက်ပြုပြင်မြို့တော်တစ်ခွင်
၄း၀၈ တစ်ပတ်အတွင်းစိုက်ပျိုးရေးသတင်း
၄း၁၅ အမျိုးသားရေးတေးကဗျာ
၄း၂၀ မျိုးချစ်တပ်မတော်
၄း၂၅ အလွမ်းတေးပန်းချီချစ်သူဆီ
၄း၃၅ အင်္ဂလိပ်စာသုတ
၄း၄၅ မြန်မာသံစဉ်ချိုနားဝင်
၅း၀၀ သာယာဦးကြွေးခေတ်ဆန်းတေး
၅း၁၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - မင်းသမီးနဲ့ကျွန်တော် အပိုင်း(၂)
၅း၃၅ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - အရုဏ်ဦးရဲ့ချစ်ပန်းသခင် အပိုင်း(၁)
၆း၀၀ မြဝတီရုပ်မြင်သံကြားသတင်း
၆း၀၅ အမျိုးသားရေးတေးကဗျာ
၆း၁၀ Let's Go
၆း၃၅ Dream Team
၇း၀၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - ချစ်သောဧကရီ အပိုင်း(၇)
မြဝတီရုပ်မြင်သံကြားသတင်း
အမျိုးသားရေးတေးကဗျာ
ဒို့တာဝန်အရေး(၃)ပါး
နိုင်ငံတကာသတင်း
မိုးလေဝသသတင်း
VOA အင်္ဂလိပ်စာသင်ခန်းစာ
ဟာသရုပ်စုံ
ယနေ့ညအတွက်မြဝတီ၏တေးလက်ဆောင်
(၇၁)နှစ်မြောက်တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
အဖေနှင့်သားများ (ပထမပိုင်း)
ညွန့်ဝင်း၊ နေဆန်း၊ ချစ်ရာ၊ မြင့်မြင့်ခိုင်နှင့် သရုပ်ဆောင်များ
ဒါရိုက်တာ ခင်မောင်ဦး၊ စိုးသိန်းထွဋ်

### mitv

07:26 Insight Myanmar "Manuscription (Preservation of Ancient Manuscript)"
07:46 Amazing: Magician Sak Kaw Ma
08:26 Ambassador’s View: Indonesia-Myanmar Bilateral Ties
08:44 Crab Business (Part-I) Mud Crab
09:26 Bagan Choral Dance
09:32 Choral Dance (Duel)
09:39 Mobile House
09:50 Cultural Shows: Composer Ma Mya Lay
10:26 Creative Costume of Kayah Nationals
10:39 A Way of Life : Aikido
07:27 A Day Out With Sarah (Ep-3)
07:51 Ngapali Beach: Fishing Villages
08:48 Serene and Happy Rural Life in Myanmar



## မာတာရဲ့ အကျင့်စရိုက်ကို ကွင်းလယ်ဒိုင်သိသင့်တယ်လို့ ဗန်ဟားလ်ပြောပြီ

ဝက်စ်ဘရွန်းအသင်းနဲ့ မန်ယူအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့တဲ့ ပရီမီယာလိဂ်ပွဲစဉ်မှာ မန်ယူအသင်းရဲ့အားထားရတဲ့ ကွင်းလယ်ကစားသမား ဂျူအန်မာတာ နှစ်ဝါတစ်နီပြစ်ဒဏ်နဲ့ ထုတ်ပယ်ခံခဲ့ရပါတယ်။ အဲဒီပွဲစဉ်မှာ မာတာကို အနီကတ်ပြထုတ်ပယ်ခဲ့ခြင်းနဲ့ ပတ်သက်ပြီး မန်ယူအသင်းနည်းပြ ဗန်ဟားလ်က "မာတာကို နှစ်ဝါတစ်နီနဲ့ မထုတ်ပယ်ခင် မာတာရဲ့အကျင့်စရိုက်ကို ကွင်းလယ်ဒိုင်မိုက်ခ်ဒန်းအနေနဲ့ သိသင့်ပါတယ်"ဟု ဆိုခဲ့ပါတယ်။

ဝက်စ်ဘရွန်းအသင်းနဲ့ မန်ယူအသင်းတို့ ကစားခဲ့တဲ့ ပရီမီယာလိဂ်ပွဲစဉ်မှာ မန်ယူကွင်းလယ်ကစားသမား မာတာကို ပွဲကစားချိန် ၂၄ မိနစ်မှာ အဝါကတ်တစ်ကြိမ်နဲ့ ပွဲကစားချိန် ၂၇ မိနစ်မှာ အဝါကတ်တစ်ကြိမ်ပြသကာ နှစ်ဝါတစ်နီနဲ့ ထုတ်ပယ်ခဲ့ပါတယ်။

ကွင်းလယ်ကစားသမား မာတာဟာ ပရီမီယာလိဂ်သမိုင်းတစ်လျှောက်မှာ အနီကတ်ပြထုတ်ပယ်ခံရခြင်း မရှိခဲ့ပေမယ့် အခုပွဲစဉ်မှာတော့ ၃ မိနစ်အတွင်း အဝါကတ်နှစ်ကြိမ်ပြသခံခဲ့ရကာ ထုတ်ပယ်ခံခဲ့ရခြင်းလည်းဖြစ်ပါတယ်။ ကွင်းလယ်ကစားသမားမာတာဟာ ဝက်စ်ဘရွန်းအသင်းရဲ့ ကွင်းလယ်ကစားသမားဖလက်ချာရဲ့ အလွတ်တည်ကန်ဘောကို ဟန့်တားခဲ့ခြင်းကြောင့် ပထမအဝါကတ်ပြသခံခဲ့ရတာဖြစ်ပြီး ဒုတိယအဝါကတ်ကတော့ ဖလက်ချာရဲ့ ခြေဖနောင့်ကို ကန်ခဲ့သလိုဖြစ်ခဲ့တာကြောင့် ပြသခံခဲ့ရတာဖြစ်ပါတယ်။

မာတာကို ထုတ်ပယ်ခံလိုက်ရတဲ့နောက်ပိုင်း မန်ယူအသင်းဟာ အဝေးကွင်းမှာ တစ်ယောက်လျော့နဲ့ကစားခဲ့ရပြီး ပွဲကစားချိန် ၆၇ မိနစ်မှာ ဝက်စ်ဘရွန်းကစားသမား ရန်ဒန်ရဲ့ သွင်းဂိုးနဲ့ ဝက်စ်ဘရွန်းအသင်းက အိမ်ကွင်းမှာ မန်ယူအသင်းကို တစ်ဂိုး-ဂိုးမရှိနဲ့ အနိုင်ရခဲ့ပါတယ်။

အဲဒီပွဲစဉ်မှာ ကွင်းလယ်ဒိုင်အဖြစ် ကိုင်တွယ်ခဲ့တဲ့ မိုက်ခ်ဒန်းဟာ ၂၀၀၀ ခုနှစ်ကတည်းက ထိပ်တန်းအဆင့်ရှိ ကွင်းလယ်ဒိုင်တစ်ဦးအဖြစ်နဲ့ ရပ်တည်ခဲ့တာဖြစ်ပေမယ့် သူ့ရဲ့ အဝါကတ်ပြသခဲ့ခြင်းဟာ ယုံမှားသံသယဖြစ်စေတဲ့ လုပ်ရပ်တစ်ခုလို့ ဝေဖန်မှုတွေလည်း ထွက်ပေါ်လာခဲ့ပါတယ်။

"ဘောလုံးစည်းမျဉ်းအရဆိုရင် ကွင်းလယ်ဒိုင်အနေနဲ့ အဝါကတ်နှစ်ကြိမ်ပြပြီး ထုတ်ပယ်ခွင့်ရှိပါတယ်။ ဒါပေမယ့် ကွင်းလယ်ဒိုင်တစ်ဦးအနေနဲ့ အဝါကတ်နှစ်ကြိမ်ပြထုတ်ပယ်ရလောက်အောင် ကြမ်းတမ်းတဲ့ကစားသမားတစ်ဦးလားဆိုတာတော့ သိသင့်ပါတယ်"ဟု မန်ယူအသင်းနည်းပြ ဗန်ဟားလ်က ပြိုင်ပွဲအပြီးမှာ ပြောကြားခဲ့ပါတယ်။

မန်ယူအသင်းဟာ ဝက်စ်ဘရွန်းကို ရှုံးနိမ့်ခဲ့တာကြောင့် အဆင့်(၅)တက်လှမ်းနိုင်မယ့် အခွင့်အရေးတစ်ရပ်နဲ့ လွဲချော်ခဲ့ရပြီး အဆင့်(၆)နေရာမှာပဲ ဆက်လက်ရပ်တည်ခွင့်ရခဲ့ပါတယ်။

မန်ယူအသင်းဟာ ပြိုင်ပွဲအရပ်ရပ်မှာ လေးပွဲဆက်အနိုင်ရရှိခဲ့ပေမယ့် ဝက်စ်ဘရွန်းရဲ့ အိမ်ကွင်းမှာ တစ်ဂိုး-ဂိုးမရှိနဲ့ ရှုံးနိမ့်ခဲ့ရတာကြောင့် ငါးပွဲဆက်နိုင်ပွဲရရှိမည့်အခွင့်အရေးပျက်ပြယ်ခဲ့ရတဲ့အပြင် ပရီမီယာလိဂ်ရဲ့ အဆင့်(၄) နေရာမှာ ရပ်တည်နေတဲ့ မန်စီးတီးအသင်းနဲ့ သုံးမှတ်ကွာဟသွားခဲ့ပါတယ်။

ကွင်းလယ်ကစားသမားမာတာအတွက် အခုနှစ်ဝါတစ်နီနဲ့ ထုတ်ပယ်ခံခဲ့ရခြင်းဟာ ပရော်ဖက်ရှင်နယ်ကစားသမားဘဝတစ်လျှောက် ပွဲပေါင်း ၅၀၀ နီးပါးကစားခဲ့ရာမှာ ပထမဆုံးအနီကတ်ပြသခံခဲ့ရတာဖြစ်ပေမယ့် မန်ယူအသင်းနည်းပြဗန်ဟားလ်ကတော့ ကွင်းလယ်ကစားသမားမာတာရော ကွင်းလယ်ဒိုင်မိုက်ခ်ဒန်းကိုပါ ပြိုင်ပွဲအပြီးမှာ ဝေဖန် မှုတွေ ပြုလုပ်ခဲ့တာတွေ့ရပါတယ်။

ဒါပေမယ့် ဗန်ဟားလ်အနေနဲ့ ကွင်းလယ်ကစားသမားမာတာ ပွဲပယ်ပြစ်ဒဏ်ကျခံရမှာဖြစ်ပေမယ့် လီဗာပူးအသင်းနဲ့ ကစားမယ့် ယူရိုပါလိဂ်ပွဲစဉ်နဲ့ ဝက်စ်ဟမ်းအသင်းနဲ့ ကစားမယ့် အက်ဖ်အေဖလားပွဲစဉ်တို့အတွက် ရလဒ်ပိုင်းအပြောင်းအလဲဖြစ်သွားနိုင်မယ့်အနေအထားရှိမည်မဟုတ်ကြောင်း ပြောခဲ့ပါတယ်။

**(ငွေကြယ်)**

## ချန်ပီယံလိဂ်သတင်းများ

### ချန်ပီယံလိဂ်တွင် ဗိုလ်စွဲရန် ရီးယဲလ်မက်ဒရစ် အဓိကပစ်မှတ်ထားမည်ဟု စီရိုနယ်လ်ဒို ဖွင့်ဟ

ရီးယဲလ်မက်ဒရစ်အသင်းသည် ပြည်တွင်းပြိုင်ပွဲများတွင် အကောင်းဆုံးရလဒ် မဆောင်ကြဉ်းနိုင်သော်လည်း ချန်ပီယံလိဂ်၌ ဗိုလ်စွဲရန် လုံလောက်သည့်အင်အား အပြည့်ရှိဆဲဖြစ်သောကြောင့် ပြိုင်ဘက်များအား နောက်ကောက်ချကာ ဗိုလ်စွဲရန် ကြိုးပမ်းသွားမည်ဖြစ်ကြောင်း စီရိုနယ်လ်ဒိုကပြောကြားလိုက်သည်။ ရီးယဲလ်မက်ဒရစ်သည် ရိုးမားအသင်းအား အီတလီမြေတွင် နှစ်ဂိုးပြတ်ဖြင့် အနိုင်ကစားနိုင်ခဲ့ပြီးနောက် ကွာတားဖိုင်နယ်အဆင့်သို့ တက်ရောက်ရန် အလားအလာကောင်း တစ်ရပ်ကို ပိုင်ဆိုင်ထားသည်။

နည်းပြ ဇီဒန်းက ရိုးမားအား ရင်ဆိုင်မည့် ဒုတိယအကျော့ပွဲစဉ်၌ ရီးယဲလ်ကွင်းလယ်အတွဲဖြစ်သည့် တိုနီခရူးစ်(နာဖျား)၊ လူကာမိုဒရစ်(ဒူးဒဏ်ရာ)တို့အား အရဲစွန့်ကာ ထုတ်သုံးမည်မဟုတ်သလို တိုက်စစ်မှူး ဘင်ဇီမာမှာလည်း တံကောက်ကြောဒဏ်ရာကြောင့် ပါဝင်နိုင်မည်မဟုတ်ကြောင်း သတင်းပေးထားသည်။ သို့သော် နောက်ခံလူမာဆယ်လိုနှင့် ဂါရတ်ဘေးလ်တို့ ပါဝင်လာရန် သေချာသလို ဂျိမ်းစ်ရိုဒရီဂွက်ဇ်အနေဖြင့်လည်း ဝေဖန်မှုများအားလုံးကို ရပ်တန့်စေရန် စွမ်းဆောင်ပြလိမ့်မည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။



### ဒဏ်ရာပြဿနာများကြုံတွေ့နေသော်လည်း ချယ်လ်ဆီးအား ရင်ဆိုင်ရာတွင် လုံလောက်သည့်ကစားသမားအင်အားရှိဟု ပီအက်စ်ဂျီနည်းပြဘလန့်ယုံကြည်

ပီအက်စ်ဂျီအသင်းမှာ ချယ်လ်ဆီးအသင်းအား အဝေးကွင်း၌ သွားရောက်ရင်ဆိုင်ရာတွင် ဒဏ်ရာရကစားသမားများပြားနေသော်လည်း လုံလောက်သည့်အင်အား အပြည့်အဝရှိဆဲပင်ဖြစ်ကြောင်း ပီအက်စ်ဂျီနည်းပြဘလန့်က စကိုင်းစပို့စ်သတင်းဌာနနှင့် အင်တာဗျူးပြုလုပ်စဉ် ပြောကြားခဲ့သည်။ အသင်း၏ကွင်းလယ်ကစားသမား မာတူဒီအနေဖြင့်လည်း ပြန်လည်ကစားနိုင်ရန် သေချာသလောက်ရှိနေပြီး ဒီမာရီယာမှာလည်း ကြံ့ခိုင်မှုလုံးဝပြည့်ဝနေပြီဖြစ်သောကြောင့် ချယ်လ်ဆီးကိုရင်ဆိုင်မည့်ပွဲအတွက် စိုးရိမ်စိတ်မရှိကြောင်း၊ သို့သော် ဗာရက်တီမှာမူ ယခုပွဲစဉ်ကို လွဲချော်မည်ဖြစ်ကြောင်း အတည်ပြုခဲ့သည်။

**ရွှင်ယန်ဟေဒင် - ရေးသားသည်။**

## မင်္ဂလာကျေးဇူးတင်လွှာ

နေပြည်တော်၊ပုဗ္ဗသီရိမြို့နယ်၊ ကံ့ကော်လမ်း၊ အမှတ်(၉)နေ တရားလွှတ်တော်ရှေ့နေ
စာရေးဆရာ ဦးဟန်ညွန့်(ဥပဒေ)-ဒေါ်စန်းမြင့်(စာရေးဆရာမ ညိုညိုယဉ်-ဒိုက်ဦး)တို့၏သားထွေး

**မောင်ဇေယျာဟန်**

**LL.B;CBL** (အထက်တန်းရှေ့နေ)

နှင့်

ရန်ကုန်မြို့၊စမ်းချောင်းမြို့နယ်၊ မြောင်းမြလမ်း၊ အမှတ်(၂၀)နေ
ဦးမျိုးဝင်း-ဒေါ်နုနုရွှေ(တိုကျိုမျိုးဝင်းကားပစ္စည်းစင်တာ)တို့၏ သမီးလတ်
ကိုသက်ဇော်ဦး၊ မစောစန္ဒာအောင်တို့၏ညီမ၊ မမြသက်ခြယ်၏အစ်မ

**မခိုင်သီတာဝင်း LL.M** (တိုကျိုမျိုးဝင်းကုမ္ပဏီ)

တို့၏၆-၃-၂၀၁၆ရက်နေ့ ယုဇနဂါးဒင်းဟိုတယ်၌ကျင်းပပြုလုပ်သော မင်္ဂလာဧည့်ခံပွဲသို့ မင်္ဂလာလက်ဆောင်ပေးပို့ချီးမြှင့်သော ပြည်ထောင်စုရှေ့နေချုပ် ဝဏ္ဏကျော်ထင်ဒေါက်တာထွန်းရှင်နှင့်ဇနီး၊ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရဲထွဋ်နှင့်ဇနီး၊ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဝင်များ၊ စာရေးဆရာ၊ သတင်းစာဆရာများ၊ဒုတိယဝန်ကြီးများ၊ ဥပဒေချုပ်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ မင်္ဂလာပန်းကုံးချီးမြှင့်ပေးသောယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးအေးမြင့်ကြူနှင့်ဇနီး ပါမောက္ခဒေါက်တာခင်ဆွေမြင့် (မြန်မာစာအဖွဲ့ဝင်)၊ မင်္ဂလာလက်စွပ်ဆင်မြန်းဝတ်ဆင်ပေးသော (နိုင်ငံတော်ရှေ့နေချုပ်ဘဘဦးသာထွန်း ဇနီး အမေ ဒေါ်ထိပ်တင်ညွန့်)တို့၏ သားသမီးများဖြစ်ကြသည့် ဦးအောင်ခိုင်နှင့်ဇနီး ဒေါ်ခင်စောဝေ၊ ဒုတိယရှေ့နေချုပ်+တရားရုံးချုပ် တရားသူကြီး(ငြိမ်း) ဦးခင်မောင်အေးနှင့်တရားသူကြီးများ၊ ဥပဒေအရာရှိများ၊ ရှေ့နေကြီးများ၊ အကြံပေးများ၊ ဥပဒေပါမောက္ခဒေါက်တာဒေါ်သန်းနွဲ့နှင့် တက္ကသိုလ်ဆရာ၊ဆရာမများ၊ တက်ရောက်ချီးမြှင့်သူများ၊၂၈-၂-၂၀၁၆ ရက်ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့ အိမ်တက်မင်္ဂလာပွဲ သို့ကြွရောက်ချီးမြှင့်ခဲ့ကြသော စာပေအနုပညာရှင်များ၊ ဘုရင့်နောင်ဈေးမှ မိတ်ဆွေများနှင့် ဆွေမျိုးမိတ်သင်္ဂဟများ၊ ၁-၃-၂၀၁၆ ရက် ရန်ကုန်တိုင်းဒေသကြီး ဥပဒေချုပ်ရုံး၌ မင်္ဂလာလက်မှတ်ရေးထိုးချီးမြှင့်ပေးခဲ့သော ရန်ကုန်တိုင်းဒေသကြီးဥပဒေချုပ် ဦးကျော်မိုးနိုင်၊ မင်္ဂလာသက်သေ၊ တရားလွှတ်တော်ရှေ့နေ၊ နိုတြီပတ်ဗလစ် ဦးသန်းအောင်နှင့် မရမ်းကုန်းမြို့နယ်၊ ဒုတိယမြို့နယ်ဥပဒေအရာရှိ ဦးအောင်ဇော်ထွန်း၊ မင်္ဂလာအခမ်းအနားမှူးများဖြစ်ကြသော ခရိုင်ဥပဒေအရာရှိ ဦးစန်းမြင့်အောင်နှင့် ရုပ်ရှင်ဒါရိုက်တာ၊ တရားလွှတ်တော်ရှေ့နေ ဦးအောင်စိုးဦး၊ လေးစားအားနာမှုကြောင့် မဖိတ်ကြားသော်လည်း စေတနာဖြင့် တက်ရောက်ချီးမြှင့်ခဲ့ကြသော ပုဂ္ဂိုလ်များ၊ ကျေးဇူးတင်ထိုက်သူအပေါင်းအား ကျေးဇူးတင်ရှိပါကြောင်း။

**နှစ်ဖက်သောမိဘများနှင့်**
**မောင်ဇေယျာဟန်+မခိုင်သီတာဝင်း**

## မတ် ၉ ရက်နေ့ ယှဉ်ပြိုင်ကစားမည့် ပွဲစဉ်များ

**အက်ဖ်အေဖလား (ပဉ္စမအဆင့်၊ ပြန်ကန်)**

| | | |
|---|---|---|
| ဟားလ်စီးတီး - အာဆင်နယ် | | နံနက်-၁း၃၀ |

**အင်္ဂလန်ချန်ပီယံရှစ် ပွဲစဉ် -၃၆**

| | | |
|---|---|---|
| ဘလက်ဘန်း - | ဘာမင်ဂမ် | နံနက်-၂း၁၅ |
| ဘရိုက်တန် - | ရှက်ဖီး | နံနက်-၂း၁၅ |
| ကာဒစ်ဖ် - | လိဒ် | နံနက်-၂း၁၅ |
| ချာလ်တန် - | MK ဒွန်းစ် | နံနက်-၂း၁၅ |
| ဖူလ်ဟမ် - | ဘန်လေ | နံနက်-၂း၁၅ |
| ဟက်ဒါဖီးလ် - | ရီးဒင်း | နံနက်-၂း၁၅ |
| နော်တင်ဟမ် - | ပရက်စတန် | နံနက်-၂း၁၅ |
| ကျူပီအာ - | ဒါဘီ | နံနက်-၂း၁၅ |
| ရိုသာဟမ် - | မစ်ဒယ်ဘရော့ | နံနက်-၂း၁၅ |
| ဝုလ်ဗာဟမ်တန် - | ဘရစ္စတိုး | နံနက်-၂း၁၅ |
| ဘော်လ်တန် - | အစ်ဆွစ်ခ်ျ | နံနက်-၂း၃၀ |

**ချန်ပီယံလိဂ် (၁၆သင်းအဆင့်၊ ဒုတိယကျော့)**

| | | |
|---|---|---|
| ဝုဖ်ဘတ် - | ဂျန့် | နံနက်-၂း၁၅ |
| ရီးယဲလ်မက်ဒရစ် - | ရိုးမား | နံနက်-၂း၁၅ |
| ဇင်းနစ် - | ဘင်ဖီကာ | ည-၁၁း၃၀ |

**(မောင်မောင်ဇော်)**

## စနေ၊တနင်္ဂနွေပွဲစဉ်များအပြီး ထွက်ပေါ်လာသော အားကစားလောက ထွေရာလေးပါးသတင်းများ

❖ *မန်စီးတီးနည်းပြသစ်အဖြစ် တာဝန်ယူဆောင်ရွက်တော့မည့် ဂွါဒီယိုလာ၏ ဦးစားပေးပစ်မှတ်ကစားသမားများမှာ အဲဗာတန်နောက်ခံလူ ဂျွန်စတုန်းနှင့် ဘီဘာအိုနောက်ခံလူ လာပေါ်တီတို့ဖြစ်ကြောင်း The Sun သတင်းစာက အခိုင်အမာဖော်ပြခဲ့သည်။*

❖ *နယူးကာဆယ်နည်းပြ မက္ကလာရင်အား ထုတ်ပယ်ကာ မန်ယူနည်းပြဟောင်း ဒေးဗစ်မိုယက်စ်(သို့မဟုတ်) ရီးယဲလ်မက်ဒရစ်နည်းပြဟောင်း ဘင်နီတက်ဇ်တို့အား အစားထိုးခန့်အပ်ရေးကိစ္စရပ်နှင့်စပ်လျဉ်း၍ နယူးကာဆယ် အမှုဆောင်ဒါရိုက်တာများအကြား အငြင်းပွားလျက်ရှိကြောင်းသိရသည်။*

❖ *ဘာစီလိုနာအသင်းသည် လက်စတာတောင်ပံတိုက်စစ်မှူး မာရက်ဇ်အား အသင်း၏ ယခုနှစ်နွေရာသီ ဦးစားပေးပစ်မှတ်အဖြစ်သတ်မှတ်ထားကြောင်း စပိန်မှလာသော သတင်းရင်းမြစ်များ၌ ဖော်ပြသည်။*

❖ *အသက်(၂၆)နှစ်အရွယ်ရှိ လေဗာကူဆင်နောက်ခံလူ အိုမာ တားပရပ်ဂ်အား မန်ယူအသင်းမှခေါ်ယူရန် အကြိုချိတ်ဆက်မှုများ စတင်ပြုလုပ်နေသည်ဟု ဂျာမန်သတင်းစာ Kicker ကဖော်ပြသည်။*

**(မေလွဲ့သင်း)**



## မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး ဟောပြောပွဲနှင့် မီးငြှိမ်းသတ်နည်း လက်တွေ့သရုပ်ပြပွဲကျင်းပ

**ကျောက်ဆည် မတ် ၇**

ကျောက်ဆည်ခရိုင် မီးသတ်ဦးစီးဌာနနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့ ပူးပေါင်းကာ ရုံးအဆောက်အအုံများ မီးဘေးအန္တရာယ်ကင်းဝေးစေရေးအတွက် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောပွဲနှင့် လက်တွေ့မီးငြှိမ်းသတ်နည်း သရုပ်ပြပွဲကို မတ် ၄ ရက် နံနက် ၉ နာရီက ကျောက်ဆည်မြို့ မြင်စိုင်းရပ်ရှိ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံးတွင် ကျင်းပခဲ့ကြောင်း သိရသည်။

"ကျွန်တော်တို့ရုံးက ဝန်ထမ်းတွေ မီးဘေးကြုံတွေ့ရင် ကိုယ်တိုင်ငြှိမ်းသတ်နိုင်အောင်လို့ပါ။ ရုံးအဆောက်အအုံတွေ မီးဘေးအန္တရာယ် ကင်းဝေးအောင်ရယ်၊ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်နိုင်အောင်လို့ ကြိုတင်ဇာတ်တိုက်လေ့ကျင့်ပွဲလေးနဲ့ ဟောပြောပွဲလေး ကျင်းပခဲ့တာပါ။ အခုလိုလုပ်ထားတော့ တကယ်အရေးကြုံလာရင် ဆောင်ရွက်နိုင်အောင်လို့ပါ " ဟု မြို့နယ်ကျေးလက်ဦးစီးမှူး ဦးစိုးမြင့်က ပြောသည်။

မီးငြှိမ်းသတ်နည်းသရုပ်ပြပွဲတွင် ခရိုင်မီးသတ်ဦးစီးဌာန ခရိုင်ဦးစီးမှူးက မီးဘေးကြိုတင်ကာကွယ်ရေးနှင့် မီးငြှိမ်းသတ်နည်း သိကောင်းစရာများကို ရှင်းလင်းပြောကြားပြီး မီးသတ်တပ်ဖွဲ့ဝင်များက မီးသတ်ဆေးဘူး၊ အဝတ်စိုတို့ဖြင့် မီးငြှိမ်းသတ်ပုံကို လက်တွေ့သရုပ်ပြပြီး အမျိုးသားဝန်ထမ်းများအပြင် အမျိုးသမီးဝန်ထမ်းများကပါ လက်တွေ့သရုပ်ပြငြှိမ်းသတ်ခဲ့ကြကြောင်း သိရသည်။

အဆိုပါ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောပွဲနှင့် လက်တွေ့မီးငြှိမ်းသတ်နည်း သရုပ်ပြပွဲသို့ ကျောက်ဆည်ခရိုင်နှင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဝန်ထမ်းများနှင့် မီးသတ်တပ်ဖွဲ့ဝင်များ တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **ထွန်းထွန်းနိုင်(ကျောက်ဆည်)**

## ရှမ်းပြည်နယ် အားကစားနှင့်ကာယပညာဦးစီးဌာနမှ နွေရာသီ အားကစားသင်တန်း ဖွင့်လှစ်

**တောင်ကြီး မတ် ၇**

၂၀၁၆ ခုနှစ် ရှမ်းပြည်နယ်(တောင်ပိုင်း) ပြည်နယ်အားကစားနှင့်ကာယပညာဦးစီးဌာနမှ နွေရာသီအခြေခံအားကစားသင်တန်းကို တောင်ကြီးမြို့ ပြည်နယ်အားကစားကွင်း၌ ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါ ရှမ်းပြည်နယ် အားကစားနှင့် ကာယပညာဦးစီးဌာနမှ ဖွင့်လှစ်သည့် နွေရာသီအခြေခံ အားကစားသင်တန်းတွင် ဘောလုံး၊ ဘတ်စကက်ဘော၊ ပိုက်ကျော်ခြင်း၊ ရိုးရာခြင်း၊ ကြက်တောင်၊ ပြေးခုန်ပစ်၊ စားပွဲတင်တင်းနစ်၊ တင်းနစ်၊ တိုက်ကွမ်ဒို၊ ကရာတေးဒို၊ မြန်မာ့သိုင်း၊ အေးရိုးပစ်၊ ခရစ်ကတ် အားကစားနည်း ၁၃ မျိုးကို သင်ကြားပေးမည်ဖြစ်သည်။

နည်းပြဆရာများအဖြစ် အားကစားနှင့်ကာယပညာဦးစီးဌာန၊ ရှမ်းပြည်နယ်အားကစားဆပ်ကော်မတီ ပညာရေးဌာနတို့မှ ပညာရှင် ၉၀ ဦးတို့က သင်တန်းချိန်များ သတ်မှတ်သင်ကြားပေးမည်ဖြစ်သည်။ သင်တန်းကာလကို မတ် ၁ ရက်မှ ဧပြီ ၆ ရက်ထိ သင်ကြားပို့ချပေးမည်ဖြစ်သည်။ သင်တန်းသို့ သင်တန်းသား၊ သင်တန်းသူ ၁၂၀၀ ခန့် တက်ရောက်သင်ယူကြပြီး တောင်ကြီးမြို့နယ်အတွင်းရှိ အေးသာယာ၊ တောင်လေးလုံး၊ တောင်နီကျေးရွာရှိ ဟိုနားကျေးရွာတို့မှ လာရောက်သင်ယူကြကြောင်း၊ သင်တန်းမှ ထူးချွန်အားကစားသမားများသည် ရှမ်းပြည်နယ်အားကစားဆပ်ကော်မတီမှကျင်းပမည့် ပြိုင်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်နိုင်ကြောင်း သိရသည်။ **မောင်မောင်သန်း(တောင်ကြီး)**

## မြဝတီမြို့ မြစန္ဒီပန်းခြံဝင်းအတွင်း အခမ်းအနားကျင်းပနိုင်ရန် စင်မြင့်ကြီးတစ်ခု စတင်တည်ဆောက်



**မြဝတီ မတ် ၇**

မြဝတီမြို့မြစန္ဒီပန်းခြံဝင်းအတွင်း အခမ်းအနားကျင်းပပြုလုပ်နိုင်ရန် စင်မြင့်ကြီးတစ်ခုစတင်တည်ဆောက်နေကြောင်း မြို့စည်ပင်ဥက္ကဋ္ဌထံမှ သိရသည်။

မြဝတီမြို့ မြစန္ဒီပန်းခြံအတွင်း၌ ခရိုင်အုပ်ချုပ်ရေးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူးစသည့် ဒေသဆိုင်ရာတာဝန်ရှိသူများနှင့်ပေါင်းစပ်ပြီး မြို့စည်ပင်ကော်မတီဥက္ကဋ္ဌ ဦးသန်းရွှေ၊ မြို့နယ်စည်ပင်ဒုညွှန်မှူးဦးကျော်ကျော်ဦးတို့က မြစန္ဒီပန်းခြံကြီးအတွင်းတွင် ယခုနှစ် မတ် ၁ ရက်နေ့မှစတင်၍ စင်မြင့်တစ်ခုကို စတင်တည်ဆောက်လျက်ရှိကြောင်းနှင့် တည်ဆောက်ရခြင်း၏ ရည်ရွယ်ချက်မှာ လွတ်လပ်ရေးနေ့၊ ပြည်ထောင်စုနေ့စသည့် နိုင်ငံတော်အခမ်းအနားများကျင်းပပြုလုပ်ရာ၌ စတိတ်စင်မြင့်တည်ဆောက်ရပြီး ပြန်လည်သိမ်းဆည်းရသဖြင့် တာဝန်တစ်ခုဖြစ်နေသောကြောင့် ပြန်လည်သိမ်းဆည်းရန်မလိုသည့် ပုံသေစတိတ်စင်တစ်ခုလိုအပ်ချက်အရတည်ဆောက်ရခြင်းဖြစ်ကြောင်း မြဝတီခရိုင် စည်ပင်လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်ကျော်ဦးကရှင်းပြသည်။

ယခုတည်ဆောက်နေသောစင်မြင့်မှာရှေ့မျက်နှာစာအကျယ်ပေ ၅၀၊ ဘေးအနံ ၃၂ ပေ၊ စင်အမြင့်ထု ၆ ပေနှင့် နောက်ခံဘက်ဂရောင်း အမြင့် ၁၂ ပေ တည်ဆောက်သွားမည်ဟု သိရသည်။ စင်မြင့်တည်ဆောက်ပြီးစီးသွားပါက မည်သည့်အခမ်းအနားများမဆို ၎င်းစင်မြင့်ပေါ်တွင်ဖျော်ဖြေပွဲများ၊ အကအလှများ၊ ကရင်ဒုံးယိမ်းအကများ ဖျော်ဖြေကပြနိုင်မှာဖြစ်ပြီး ပြန်လည်ဖျက်သိမ်းစရာမလိုတော့သဖြင့် အခမ်းအနားများ ဆက်တိုက်ကျင်းပ ပြုလုပ်သွားနိုင်တော့မည်ဖြစ်ကြောင်း ဝမ်းမြောက်ဖွယ် သိရသည်။

**တင်ဝင်းလှိုင်(ကော့ကရိတ်)**

■

## ရမည်းသင်းမြို့နယ်တွင် ယစ်မျိုးစီမံခန့်ခွဲမှုဆိုင်ရာများ ရှင်းလင်း

**ရမည်းသင်း မတ် ၇**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမတွင် မတ် ၄ ရက် နံနက် ၁၀ နာရီက ပြည်ထဲရေးဝန်ကြီးဌာန အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ယစ်မျိုးစီမံခန့်ခွဲမှုဆိုင်ရများ ရှင်းလင်းပွဲကို ပြုလုပ်ခဲ့ကြောင်းသိရသည်။

ရှေးဦးစွာ ရမည်းသင်းခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်မြင့်စိုးက ပြည်ထဲရေးဝန်ကြီးဌာန အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ယစ်မျိုးစီမံခန့်ခွဲမှုဆိုင်ရာညွှန်ကြားချက်၊ မန္တလေးတိုင်းဒေသကြီး ယစ်မျိုးခွန်ကောက်ခံရေးဥပဒေနှင့် ယစ်မျိုးလိုင်စင်စီများလိုက်နာရမည့် စည်းကမ်းချက်များကို ရှင်းလင်းပြောကြားကာ ရမည်းသင်းမြို့နယ်အတွင်း အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအနေဖြင့် မြန်မာနိုင်ငံယစ်မျိုးဥပဒေ၊ နည်းဥပဒေများဖြင့် ယစ်မျိုးစီမံခန့်ခွဲမှုဆိုင်ရာဥပဒေနှင့် ညီညွတ်ရမည့်အချက်များကို ကျယ်ပြန့်စွာရှင်းလင်းပြောကြားခဲ့သည်။

အဆိုပါအခမ်းအနားသို့ ရမည်းသင်းမြို့နယ် ယစ်မျိုးလိုင်စင် ယစ်မျိုးအကြံပေးအဖွဲ့ အဖွဲ့ဝင်များနှင့် ယစ်မျိုးလိုင်စင်ရရှိသောလုပ်ငန်းရှင် ၁၀၆ ဦးတို့ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**ဇော်ဝင်းအောင်(ရမည်းသင်း)**

■

## ချောင်းဦးမြို့နယ်အတွင်းရှိ ကျေးရွာများ၌ နွေရာသီကာလတွင် သောက်သုံးရေလိုအပ်မှုမရှိစေရေးနှင့် သောက်သုံးရေအခက်အခဲများမရှိစေရေး ဆွေးနွေး

**ချောင်းဦး မတ် ၇**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ချောင်းဦးမြို့နယ်အတွင်းရှိ ကျေးရွာများ၌ နွေရာသီကာလတွင် သောက်သုံးရေလိုအပ်မှုမရှိစေရေး၊ သောက်သုံးရေအခက်အခဲများဖြစ်ပေါ်လာပါက လျင်မြန်စွာဖြည့်ဆည်းပေးနိုင်ရေးအတွက် ကြိုတင်စီမံဆောင်ရွက်ထားရန်နှင့် ရေသုံးစွဲရာ၌ လေလွင့်ဆုံးရှုံးမှုမဖြစ်စေရေး အသိပညာပေး ဆွေးနွေးပွဲကို မတ် ၄ ရက်တွင် ချောင်းဦးမြို့၊ ဓမ္မိကာရာမကျောင်းတိုက်၌ ပြုလုပ်ခဲ့ကြကြောင်း သိရသည်။

ဆွေးနွေးပွဲတွင် ချောင်းဦးမြို့နယ် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးလှသိန်းက အမှာစကားပြောကြားခဲ့သည်။

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်သီတာဦးက ချောင်းဦးမြို့နယ်အနေဖြင့် ၂၀၁၆ ခုနှစ် နွေရာသီတွင် အယ်နီညိုရာသီဥတု ကျရောက်ပါက မြို့နယ်အတွင်းရှိ ကျေးရွာများတွင် ရေလိုအပ်မှုမဖြစ်ပေါ်စေရန် ဆောင်ရွက်မည့်စီမံကိန်းများ၊ ရေရှည်ရေလုံလောက်မှုရှိစေရန် ဆောင်ရွက်ထားရမည့် လိုအပ်ချက်များ၊ ရေလိုအပ်မှုဖြစ်ပေါ်လာပါက ဆက်သွယ်ဆောင်ရွက်ရမည့် နည်းစနစ်များနှင့် ရေဖြန့်ဝေပေးနိုင်ရေးအတွက် ကြိုတင်စီမံဆောင်ရွက်ခြင်းလုပ်ငန်းများ လုပ်ဆောင်ရမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ယင်းနောက် ကျေးရွာများနှင့် အစုအဖွဲ့ဖွဲ့၍ သောက်သုံးရေ အလျင်အမြန်ပံ့ပိုးဖြည့်ဆည်းပေးနိုင်ရန် မြို့နယ်ဒေသဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့၊ လူမှုကူညီရေးအသင်းများ၊ NGO များနှင့်အတူ ကြိုတင်စုပေါင်းညှိနှိုင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**ရဲအောင်(ချောင်းဦး)**

## မန္တလေး-ပြင်ဦးလွင်ကားလမ်းဘေး ဂန္ဓမာပန်းဈေးကွက် အရောင်းအဝယ်ကောင်းနေ

**ပုသိမ်ကြီး မတ် ၇**

မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် မန္တလေး-ပြင်ဦးလွင်ကားလမ်းဘေး သလဲကုန်းကျေးရွာအနီးရှိ ပန်းဈေးတန်းတွင် ဂန္ဓမာပန်း လာရောက်ဝယ်ယူသူ၊ ရောင်းချသူများဖြင့် နေ့စဉ်စည်ကားလျက်ရှိကြောင်း သိရသည်။

"ဒီပန်းတန်းမှာ နေ့စဉ်ရောင်းချသူရော ဝယ်ယူသူတွေရော စည်ကားပါတယ်။ ပန်းကတော့ ဒီမှာ သပြေပန်း၊ ကံ့ကော်ပန်းတို့ ရောင်းချသူတွေရှိပေမယ့် နည်းပါတယ်။ ဂန္ဓမာပန်းပဲအရောင်းအဝယ်များတယ်။ ဂန္ဓမာပန်းက ဈေးကောင်းရတယ်လေ။ တစ်စီးကို ၅၀၀ ကျပ်ကနေ ၁၃၀၀ ကျပ်လောက်ထိ ဈေးပေါက်နေတာ။ ယာခင်းပိုင်ရှင်တွေက ဒီပန်းတန်းမှာ တိုက်ရိုက်လာရောင်းတာ။ ဒီကနေတဆင့် ဖောက်သည်ယူပြီး ရပ်ကွက်တွေမှာ လှည့်လည် ရောင်းချပါတယ်။ အရောင်းအဝယ်ကောင်းပါတယ်။ အဆင်လည်းပြေပါတယ်"ဟု အဆိုပါပန်းဈေးတန်းသို့ မန္တလေးမြို့မှ လာရောက်ဖောက်သည်ဝယ်ယူရောင်းချနေသူတစ်ဦးက ပြောသည်။




"ကျွန်တော်က ယာခင်းကထွက်တဲ့ပန်းတွေကို ဒီပန်းတန်းမှာ နေ့စဉ် ဆိုင်ကယ်နဲ့ လာရောက်ရောင်းချပါတယ်။ ဂန္ဓမာပန်းပဲစိုက်တာပါ။ ပန်းမျိုးတွေကတော့ အစားစားပဲ။ ကြွေဖြူ၊ ပုလဲဖြူ၊ ချက်စိမ်း၊ ဒေလီယာ အစုံပါပဲ။ ပန်းဈေးကောင်းပြီး နေ့စဉ်ဝင်ငွေရနေတော့ အဆင်ပြေပါတယ်" ဟု ပုသိမ်ကြီးမြို့နယ် ရွာရှည်ကျေးရွာမှ ပန်းစိုက်တောင်သူတစ်ဦးက ပြောပြသည်။

အဆိုပါပန်းဈေးတန်းသို့ အနီးအနားရှိ ကျေးရွာများမှ ပန်းစိုက်တောင်သူများသည် မိမိယာခင်းမှ ထွက်ရှိသော ဂန္ဓမာပန်းများကို နေ့စဉ် ဆိုင်ကယ်များဖြင့် လာရောက်စုဝေး ရောင်းချလျက်ရှိပြီး ပန်းဈေးကွက်ကောင်းမွန်မှုကြောင့် အဆင်ပြေလျက်ရှိကြောင်း သိရသည်။ **သန်းဇော်မင်း(ပြန်/ဆက်)**

## မြို့နယ်ဆည်မြောင်းဦးစီးဌာနရုံးဝန်းအတွင်း၌ မီးငြှိမ်းသတ်မှု လက်တွေ့သရုပ်ပြလေ့ကျင့်

**ငါးသိုင်းချောင်း မတ် ၇**

ပုသိမ်ခရိုင် ရေကြည်မြို့နယ် ငါးသိုင်းချောင်းမြို့ရှိ မြို့နယ်ဆည်မြောင်းဦးစီးဌာနရုံးဝန်းအတွင်း၌ မတ် ၅ ရက် ညနေပိုင်းက မီးငြှိမ်းသတ်ခြင်းဆိုင်ရာနည်းစနစ်များ ရှင်းလင်းဟောပြောခြင်းနှင့် လက်တွေ့ ငြှိမ်းသတ်လေ့ကျင့်ခြင်းကို မြို့နယ်မီးသတ်ဦးစီးဌာနနှင့် ဆည်မြောင်းဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်ခဲ့ကြသည်။

ရှေးဦးစွာ မြို့နယ်မီးသတ်ဦးစီးမှူး ဦးစိုးနိုင်က စနစ်တကျမီးငြှိမ်းသတ်နည်းများအား လက်တွေ့ရှင်းလင်းဟောပြောပြသခဲ့ပြီး ဆက်လက်၍ မြို့နယ်ဆည်မြောင်းဦးစီးအရာရှိ ဦးဝင်းမော်နှင့် ဝန်ထမ်းများ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များက လက်တွေ့မီးငြှိမ်းသတ်မှု သရုပ်ပြလေ့ကျင့်ခြင်း၊ ရုံးအဆောက်အအုံအတွင်းအပြင်၌ မီးဘေးကြိုတင်ကာကွယ်ရေးပစ္စည်းများ ထားရှိမှုအခြေအနေ စစ်ဆေးခြင်းတို့အား ပူးပေါင်းဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**စိုးမင်းဦး(ပြန်/ဆက်)**

# မွေးမြူရေးနှင့်ကုသရေးဦးစီဌာနနှင့် ကမ္ဘာ့တိရစ္ဆာန်ကျန်းမာရေးအဖွဲ့ (OIE) တို့ပူးပေါင်း၍ ကျွဲ၊ နွားများကို ခွာနာလျှာနာရောဂါကာကွယ်ဆေးများ ကွင်းဆင်းထိုးနှံပေး

**မိတ္ထီလာ မတ် ၇**

မွေးမြူရေးနှင့်ကုသရေးဦးစီဌာန၊ ကမ္ဘာ့တိရစ္ဆာန်ကျန်းမာရေးအဖွဲ့ (OIE) တို့ပူးပေါင်း၍ မြန်မာနိုင်ငံ အလယ်ပိုင်းဒေသ မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ်၌ ကျွဲနွားများ ခွာနာလျှာနာရောဂါကာကွယ်ရေးအတွက် ကျေးရွာများသို့ကွင်းဆင်းပြီး ကာကွယ်ဆေးများ လိုက်လံထိုးနှံပေးလျက်ရှိကြောင်း သိရသည်။

မွေးမြူရေးနှင့်ကုသရေးဦးစီဌာနနှင့် ကမ္ဘာ့တိရစ္ဆာန်ကျန်းမာရေးအဖွဲ့ (OIE) တို့ပူးပေါင်း၍ ရောဂါဖြစ်ပွားနိုင်ခြေများသောဒေသများနှင့် ရောဂါပြန့်နှံ့မှုအတွက် အရေးကြီးသောဒေသများတွင် ကွက်ပြည့်ကာကွယ်ဆေးထိုးနှံခြင်းဖြင့် ရောဂါဖြစ်ပွားမှုကို လျှော့ချရန် မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ်၌ တတိယအကြိမ် ကျွဲ၊ နွားများ ခွာနာလျှာနာရောဂါကာကွယ်ဆေးထိုးခြင်းလုပ်ငန်းများကို ကျေးရွာများသို့ ကွင်းဆင်းပြီးဆေးထိုးပေးလျက်ရှိရာ မြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု ၂၄ အုပ်စုမှ ကျေးရွာပေါင်း ၁၂၄ ရွာရှိ ကျွဲ၊ နွားများအား မြို့နယ်ဦးစီးမှူး ဒေါက်တာစိုးနိုင်က ဦးဆောင်၍ နွားကောင်ရေ ၂၅၀၀၀ ကျော် ထိုးပေးသွားမည်ဖြစ်ပြီး အဆိုပါကျေးရွာများသို့ မွေးမြူရေးနှင့်ကုသရေးဦးစီဌာနမှ ဝန်ထမ်းများနှင့် ကြက်ခြေနီများ ကွင်းဆင်းပြီး ဖေဖော်ဝါရီ ၁၅ ရက်မှစတင်ကာ ကျေးရွာများသို့ ကာကွယ်ဆေးများ ထိုးပေးလျက်ရှိရာ နွားကောင်ရေ ၂၅၀၀၀ ကျော်ကို ကာကွယ်ဆေးထိုးပေးပြီးဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဒေါက်တာစိုးနိုင်က ပြောသည်။

ကျေးရွာများရှိ ပြည်သူလူထု၏ ကျွဲ၊ နွားများ ခွာနာလျှာနာရောဂါကာကွယ်ဆေး ကွက်ပြည့်ထိုးနှံခြင်းဖြင့် လုပ်ငန်းဆောင်ရွက်သည့် နေရာဒေသအတွင်းသာမက နီးစပ်ရာမြို့နယ်များတွင်ပါ ခွာနာလျှာနာရောဂါထိန်းချုပ်ရေး အထောက်အကူပြုစေနိုင်ပြီး ကျွဲ၊ နွားများကျန်းမာရေးကောင်မွန်းလာ၍ လုပ်အားဆုံးရှုံးမှုမှကာကွယ်ပြီးဖြစ်ရာ ကျွဲ၊ နွားမွေးမြူသူများအနေဖြင့် မိသားစုဘဝတိုးတက်လာမည်ဖြစ်ကြောင်း သိရသည်။

**သိန်းမြင့်ကျော်(မိတ္ထီလာ)**



## စံပြကွက်စုပေါင်းမျိုးစေ့ချပျိုးထောင်ခြင်းနှင့် စိုက်ပျိုးရေးပညာပေး ဆွေးနွေး

**ညောင်ရွှေ မတ် ၇**

လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်စေရန်နှင့် ကျေးလက်ဒေသရှိတောင်သူများ ဆင်းရဲမှုလျှော့နည်းပပျောက်စေရန် ၂၀၁၅-၂၀၁၆ ခုနှစ် နွေစပါးစိုက်ပျိုးရာသီတွင် ခေတ်မီသိပ္ပံနည်းကျစိုက်နည်းစနစ် စံပြကွက်ဧက ၁၀၀ စုပေါင်းမျိုးစေ့ချပျိုးထောင်ပွဲနှင့် စိုက်ပျိုးရေးပညာပေးဆွေးနွေးပွဲကို မတ် ၃ ရက်က အင်းလေးဒေသ အင်းလျားကျေးရွာအုပ်စု လွယ်မောကျေးရွာ ကွင်းအမှတ် ၁၁၉ တွင် ကျင်းပခဲ့ကြောင်း သိရသည်။

စိုက်ပျိုးရေးပညာပေးဆွေးနွေးပွဲတွင် ပြည်နယ်မျိုးစေ့တာဝန်ခံ ဒေါ်မြင့်မြင့်နှင့် ပြည်နယ်သီးနှံကာကွယ်ရေး တာဝန်ခံ ဒေါ်သင်းသင်းလဲ့တို့က မျိုးစေ့ဆိုင်ရာနည်းပညာများနှင့် ဘက်စုံသီးနှံကာကွယ်နှိမ်နင်းရေးနည်းစနစ်များကို ပညာပေးရှင်းလင်းပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဒေါ်မိုးသီတာထိုက်က လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်မှုအခြေအနေနှင့် နွေရာသီတွင် အယ်နီညိုရာသီဥတုဖြစ်ပေါ်နိုင်မှုအပေါ် တောင်သူများလိုက်နာဆောင်ရွက်နိုင်ရေး ပညာပေးဆွေးနွေးဟောပြောခဲ့သည်။

ယင်းနောက် ဧက ၁၀၀ စံပြကွက်၌ ခေတ်မီသိပ္ပံနည်းကျစိုက်နည်းစနစ်ဖြင့် စုပေါင်းမျိုးစေ့ချဆောင်ရွက်မှုကို လက်တွေ့ပြသဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**နေမျိုးသူရိန်**

## မီးဘေးကြိုတင်ကာကွယ်ရေးအတွက် စက်သုံးဆီဆိုင်များအား စစ်ဆေး

**မူဆယ် မတ် ၇**

ရှမ်းပြည်နယ်မြောက်ပိုင်း မူဆယ်မြို့နယ် မီးဘေးကြိုတင်ကာကွယ်ရေးအတွက် မြို့ပေါ်စက်သုံးဆီဆိုင်များအား မတ် ၅ ရက် နံနက် ၉ နာရီခွဲက မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကိုကိုဇော်၊ မြို့နယ်စည်ပင်သာယာရေးဌာန အမှုဆောင်အရာရှိ ဦးမျိုးမြင့်အောင်၊ ဒုမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဝင်းနိုင်၊ မြို့နယ်မီးသတ်ဒုဦးစီးမှူး ဦးအောင်စိုးမောင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာပူးပေါင်းအဖွဲ့က လိုက်လံစစ်ဆေးခဲ့ကြောင်း သိရသည်။

မူဆယ်မြို့ ဟိုမွန်ရပ်ကွက်၊ ဟိုနားရပ်ကွက်၊ စွမ်စော်ရပ်ကွက်နှင့် နမ့်ခွမ်ကျေးရွာတို့ရှိ စက်သုံးဆီဆိုင်များကို စက်သုံးဆီရောင်းချမှု လိုင်စင်ရှိ-မရှိ၊ ဆီကန်သိုလှောင်ထားရှိမှုအခြေအနေ၊ မီးဘေးကြိုတင်ကာကွယ်ရေးအတွက် မီးသတ်ဆေးဘူး ၊ရေလှောင်ကန်များ စနစ်တကျရှိ- မရှိ တို့ကို စစ်ဆေးခဲ့ကြပြီး မီးသတ်ဆေးဘူး အသုံးပြုပုံကို သင်ကြားပေးခဲ့သည်။

**ဆရာမောင်(မူဆယ်)**

MIC
Myanmar Imperial College
Hospitality and Tourism Management
ပညာရေးဆွေးနွေးပွဲ
Date - 13th March (Sunday) | Time - 2:00 - 4:00 PM | Venue - MIC U-Wisara Campus
Myanmar Imperial College အနေဖြင့် မြန်မာနိုင်ငံတွင် အရှိန်အဟုန်ဖြင့်တိုးတက်လာသောနယ်ပယ်တစ်ခုဖြစ်သည့် ဟိုတယ်နှင့်ခရီးသွားလာရေးနယ်ပယ်တွင် ထူးချွန်အောင်မြင်သော မြန်မာနိုင်ငံသား ထိပ်တန်းအဆင့်စီမံခန့်ခွဲသူ လူငယ်များပေါ်ထွက်လာစေရန်ရည်ရွယ်၍ MIC School of Hospitality and Tourism ကို ဖွင့်လှစ်သင်ကြားမည်ဖြစ်ပြီး
ယခုဘာသာရပ်နှင့် ပတ်သက်၍
+ Hospitality & Tourism ဘာသာရပ်၏ အရေးပါပုံများ
+ MIC School of Hospitality and Tourism တွင် သင်ကြားမည့် ဘာသာရပ်များနှင့်သင်ကြားမှုစနစ်များ
+ လက်တွေ့ လုပ်ငန်းခွင်များနှင့် ချိတ်ဆက်သင်ယူမှုများ
+ သင်ယူပြီးမြောက်ပါက ပြည်တွင်းပြည်ပတွင် အောင်မြင်စွာရပ်တည်နိုင်မည့် အလုပ်အကိုင်အခွင့်အလမ်းများကိုဆွေးနွေးပြောကြားသွားမည် ဖြစ်ပါသည်။
Working in partnership with THE UNIVERSITY OF NORTHAMPTON
School of Hospitality and Tourism
RSVP : 09 73210001 / 09 421100222
March Intake!
အမှတ် (၁)၊ ဈေးမြောက်လမ်း၊ ဘုရားကြီးရပ်ကွက်၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့

ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊မြန်မာ့မီးရထား
အိတ်ဖွင့်တင်ဒါ (Open Tender) ခေါ်ယူခြင်း
၁။ အောက်ပါလုပ်ငန်းများကို မြန်မာကျပ်ငွေဖြင့် ဆောင်ရွက်လိုပါသည်-

| တင်ဒါအမှတ် | လုပ်ငန်းအမျိုးအမည် |
| --- | --- |
| ၈၇/မမ(CME) | ရန်ကုန်နှင့်မန္တလေးအခြေစိုက်လူစီးရထားတွဲဆိုင်းများတွင် ပိုးမွှား ကာကွယ်နှိမ်နှင်းခြင်းလုပ်ငန်းဆောင်ရွက်ရန် |

တင်ဒါပိတ်မည့်နေ့/အချိန် - ၂၁.၃.၂၀၁၆ (တနင်္လာနေ့) (၁၂:၃၀)နာရီထိ
၂။ တင်ဒါပုံစံများကို အောက်ဖော်ပြပါဌာနတွင်(၇.၃.၂၀၁၆ )ရက်နေ့မှစ၍ ရုံးချိန်အတွင်း ဝယ်ယူ နိုင်ကြောင်းနှင့် အသေးစိတ် သိရှိလိုပါက ၎င်းဌာနသို့မေးမြန်း နိုင်ပါသည်။
ဒုတိယအထွေထွေမန်နေဂျာ၊ထောက်ပံ့ဌာန၊မြန်မာ့မီးရထား၊
(၅၁)လမ်းနှင့်ကုန်သည်လမ်းထိပ် ၊ဗိုလ်တထောင်မြို့နယ်၊ရန်ကုန်မြို့၊ဖုန်း -294352, 291994.

သန်းဌေးနှင့်ရောင်းရင်းများ ၏ သင်္ကြန်ခရီးစဉ်များ
April 1, 8, 11, 12, 17, 22, 29
Mar 11, 18, 25
အမှတ်(၄၂၄)၊ရွှေဘုံသာလမ်း၊ Ph: 01-380141, 01-241863, 09-43043109, 09-73251422

ကန့်ကွက်နိုင်ပါသည်
ယာဉ်အမှတ်၊ ၁၂ယ/၂၆၀၄၅၊ အမျိုးအမည် Luojia-110၊ အမျိုးအစား၊ M/C၊ ယာဉ်လက်ဝယ်ရှိသူအမည် ဦးသုခမောင် [၁၁/ကဖန(နိုင်)၁၃၀၂၀၇]မှ ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ (၁၅)ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။
ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန
ခရိုင်ရုံး(ရမည်းသင်း)

iStock® ကုန်ပစ္စည်းထိန်းကွပ်ပျှတာစနစ်
ကုန်ရောင်း/ကုန်ဝယ်စာရင်း
ငွေစာရင်း
ကုန်လက်ကျန်စာရင်း
ကုန်တစ်မျိုးချင်းစီ၏ အမြတ်စာရင်း
အကြွေးစာရင်း
လုပ်ငန်းတစ်ခုလုံး၏ အရှုံးအမြတ်စာရင်း
Contact Us ...
YGN 09-43064181, 09-252424002, 09-254151516
MDY 09-440067577, 09-978030881
NPT 09-974432762, 09-974432763
Galaxy Software Co.,Ltd.
www.galaxy.com.mm

## ကြော်ငြာ


MYAN TOUR Travel gives wings

Hot Line : 09 511 4361, 09 2530 30304 - 7

MYAN TOUR နှင့်အတူ ခရီးသွားရင်း မြန်မာနှစ်သစ်ကို ကြိုဆိုကြပါစို့

မတ်လ(၂၀)ရက်နေ့အထိ စာရင်းပေးသွင်းနိုင်ပါသည်။



GO & GO Travels and Tours

ဗီယက်နမ် - ကမ္ဘောဒီးယား - လာအို 11 April
ဟောင်ကောင် - မကာအို - ဝှန်ကောက် 10 April
စင်ကာပူ - မလေးရှား - ဝှန်ကောက် 12 April
ကိုရီးယား - ဂျပန် - ဗီယက်နမ် 10 April

April အထူးနှုန်းထားဖြင့်ခရီးစဉ်များ

ဩစတြေးလျ April 16
အမေရိက April 9
ဥရောပ April 10
အင်္ဂလန် April 14
ကိုရီးယား April 10
ဂျပန် April 14
ဒူဘိုင်း April 11

April (8 to 15) အတွင်းထွက်မည့်အာရှခရီးစဉ်များ

ဘန်ကောက် ကမ္ဘောဒီးယား ဗီယက်နမ်
စင်ကာပူ ကတ်ရှ်မီးလ်(အိန္ဒိယ) ဗုဒ္ဓဂါယာ

Leisure Trip & Star Cruise Tour

4 Days 4 Days 4 Days

01 292465, 095154804, 09262417042, 09252586021

Hmwe Taunggyi Business Group Co.,Ltd.

Hot Line - 01-200952

သာကီနွယ် ဗုဒ္ဓဂယာ ဘုရားဖူးပို့ဆောင်ရေး

မဟာသင်္ကြန်အထူးခရီးစဉ်ကြီး ထွက်ခွါမည့်ရက်

(၂၈.၃.၂၀၁၆) ငွေကျပ် (၉.၅) သိန်း (၁၅) ရက်

(၁.၄.၂၀၁၆) ငွေကျပ် (၈.၅) သိန်း (၁၀) ရက်

ဘုရားအစုံ၊ နေရာအစုံ၊ ဒေသအစုံ ဖူးမြော်နိုင်မည့် ရန်ကုန်မှထွက်ခွါ/ပြန်ရောက်သည့်အထိ ပြည်သည့်အပိုကြေးမှ ထပ်မံပေးသွင်းရန်မလို အိန္ဒိယနိုင်ငံတွင် အပိုငွေကြေး(လုံးဝ)လုံးဝ ထပ်မကောက်ပါ အထူးအသက်သာဆုံးဈေးနှုန်းနှင့် အခြားထက်သာလွန်သည့် ဝန်ဆောင်မှုအပြည့်အဝဖြင့်ပို့ဆောင်ပါသည်

ရန်ကုန်(ရုံးချုပ်) - အမှတ်(၁၀၅)၊ ၁၂၃ လမ်း၊ သိမ်ဖြူကားမောင်းကွင်းရှေ့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၁-၂၀၀၉၅၂၊ ၀၉-၅၂၁၁၄၀၂၊ မန္တလေးရုံး - ၀၉-၇၈၅၂၁၁၄၀၂
တောင်ကြီးရုံး - ၀၈၁-၂၀၀၇၃၊ ၀၈၁-၂၁၂၂၄၀၂

သုံးရာသီ ဓမ္မဒါန

မန္တလေး၊ မေမြို့၊ ဂုတ်ထိပ်ကိုင်း၊ မုံရွာ

420144148, 421153797

ငွေဆောင်သကြန်
ခရီးစဉ်ကြီး
120000/
Ph: 09-4210 78600
09-252641923

ရွှေမဟာ ဗုဒ္ဓဂယာဘုရားဖူးအဖွဲ့

SMH

ဘုရားအဆူဆူပွင့်တော်မူရာ ဗုဒ္ဓဂယာ အပါအဝင် သံဝေဂယူစရာအပယ်ပိတ် အထူးဘုရားဖူးခရီးစဉ်ကို ၂၀၁၆ - ခုနှစ်၊ မတ်လ(၂၁)ရက်နေ့တွင် ထွက်ခွါမည်။ အထူးဈေးနှုန်းအဖြစ် (၁၄-ညအိပ်-၁၅)ရက်ခရီးအတွက် (၁၀)သိန်းကျပ်ဖြင့် ဈေးနှုန်းသက်သာစွာ ကုသိုလ်ယူပို့ဆောင်ပေးပါတော့မည်။

“ စတော့ရှယ်ယာတွင် ဝယ်ယူရင်းနှီးမြှုပ်နှံနည်း ”

(How to invest in Stock Shares)

“ ရန်ကုန်စတော့အိတ်ချိန်း ” တွင် မှတ်ပုံတင်၍ အစုရှယ်ယာ ထုတ်ရောင်းချခွင့်ရရှိသည့် ကုမ္ပဏီများ၏စတော့ရှယ်ယာများကို ဝယ်ယူရင်းနှီးမြှုပ်နှံမှုနည်းလမ်းများကို အောက်ပါအစီအစဉ်အတိုင်းဆွေးနွေးဟောပြောမည် ဖြစ်ပါသည်။

ဆွေးနွေးမည့်ပုဂ္ဂိုလ် - ဒေါက်တာ မောင်မောင်သိမ်း၊ ဘဏ္ဍာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး (မြန်မာနိုင်ငံငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်ဥက္ကဋ္ဌ)
ကျင်းပမည့်နေ့ရက် - ၁၃.၃.၂၀၁၆ (တနင်္ဂနွေနေ့)
ကျင်းပမည့်အချိန် - နေ့လည် ၁း၀၀ နာရီမှ ၃း၀၀ နာရီအထိ
ကျင်းပမည့်နေရာ - Hotel Marvel (Grand Amarapura Ballroom )
(၇၈) လမ်းနှင့် (၃၀) လမ်းထောင့်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေး

Diamond Sponsored :
CB SECURITIES
KTZRH SECURITIES CO.,LTD
AYA Trust Securities Company

Organized by :
Worldlink Express Shipping
W.E.E Group
09 30087636

PPT Travels
မော်တင်စွန်း - 35000
(ထပင်းကျွေး/တည်းခိုးစခန်းခရိမ်း)
Ph:09-252606649
09-450623655

ကား မျိုးစုံ
(Alphard/Crown/Markll/...Hiace)
Ph:09795549249, 095418126

ဒဂုံမြို့သစ်
အငှားဝိုင်း
ဆိပ်ကမ်းမြို့နယ်
တောင်ပိုင်း မြောက်ပိုင်း
များရှိ မြေကွက်များကို
ဈေးကောင်း ပေးဝယ်သည်။
09-6809893
09-5120620

SUN FAR TRAVELS & TOURS CO., LTD. ... satisfying your travel needs

ပြည်တွင်း/ပြည်ပ လေယာဉ်လက်မှတ်များ

ပြည်ပဟိုတယ်အခန်းများကြိုတင် Booking စီစဉ်ဆောင်ရွက်မှုများ

We Accept VISA MasterCard

→ ရန်ကုန်ရုံးချုပ် (၃၈ လမ်း ပြည်ထဲ)
01-243 993
→ အလုံရုံးခွဲ (မြန်မာ့ဆိပ်ကမ်းအာဏာပိုင်ဝင်း)
01-2301 999
→ ဗဟန်းရုံးခွဲ (ကန္တာသိုလ်ရိပ်သာလမ်းသစ်)
01-555 771, 555 924
→ ယုဇနရုံးခွဲ (ယုဇနပလာဇာအနီး)
01-296 890, 294 670

အရည်အသွေးမီ "SSD"
စိုးစန္ဒာ (၈)ပေါက် စက်အုတ်
လူကြီးမင်းတို့ဆီအရောက်အထူးအာမခံအုတ်အလုံး(၁)သိန်းတွင် အကျိုးပါဝင်မှု အလုံး(၅၀၀)ခန့်သာပါမည်။
စက်ရုံ - ဖုန်း-၀၉-၅၁၆၇၅၆၇၊ ၀၉-၇၉၉၇၉၀၂၃၁
သာကေတ - ဖုန်း-၀၉-၇၃၂၄၉၆၄၉



POLAR FROST® Pain Relieving Cold Gel

Polar Frost Pain Relieving Gel သည် အရိုးအကြောနှင့်ပတ်သက်သော ရောဂါများ၊ အဆစ်အမြစ်ရောင်ခြင်း၊ ကြွက်သားတက်ခြင်း၊ အကြောတက်ခြင်း၊ ဒူးနာခြင်း၊ ခါးနာခြင်း၊ အားကစားသမားများ ထိခိုက်ဒဏ်ရာရခြင်းတို့ကို သက်သာပျောက်ကင်းစေပါသည်။

150ml Tube | 75 ml Roll on | 5g sachet | 500ml Pump

MM Reg No. 1809AA6180
MADE IN FINLAND

- City Mart ဆိုင်ခွဲများ၊ စိန်ဂေဟာဆိုင်ခွဲများ၊ CAPITAL hypermarket၊ Gandamar Wholesale၊ RUBY MART၊ ဦးမြသန်းဆေးဆိုင်(ရွှေမင်္ဂလာဈေး) ၀၉-၅၁၀၈၁၃၇၄

# စုလျားရစ်ပတ်ထိမ်းမြားမင်္ဂလာကျေးဇူးတင်လွှာ

ရန်ကုန်မြို့နေ ဦးရဲထွဋ်ဝင်း(မန်နေဂျာ-ငြိမ်း၊ မြန်မာ့သစ်လုပ်ငန်း)-(ဒေါ်ယဉ်ယဉ်အေး-တရားရုံးချုပ်ရှေ့နေ)တို့၏သားငယ်

**ဗိုလ်မှူးဖြိုးဇင်ဝင်း**

**M.B.,B.S(D.S.M.A),M.Med.Sc (Surgery)**

**MRCSEd(UK),2nd Yr Dr.Med.Sc(Paediatric Surgery)**

နှင့်

နေပြည်တော်နေ ဒုတိယဗိုလ်ချုပ်ကြီးမြင့်စိုး(ငြိမ်း)-ဒေါ်ခင်မြဦးတို့၏ သမီးကြီး

**မဆုသစ်ထူး**

**B.A(EPP)**

**Advanced Diploma in Business Management (ABE,UK)**

**ဌာနစုမှူး-၁၊ ဒုတိယအတွင်းဝန်၊ နိုင်ငံခြားရေးဝန်ကြီးဌာန**

တို့၏ ၁၂-၂-၂၀၁၆ ရက်တွင် KEMPINSKI HOTEL ၌ မင်္ဂလာဦးစီးနာယကအဖြစ် မင်္ဂလာမော်ကွန်းတင်လက်မှတ်ရေးထိုးပေးပါသော ဒုတိယရှေ့နေချုပ် ဦးထွန်းထွန်းဦးအားလည်းကောင်း၊ မင်္ဂလာအသိသက်သေများအဖြစ် ဆောင်ရွက်ပေးပါသော စစ်ဥပဒေချုပ် ဒုတိယဗိုလ်ချုပ်ကြီးရဲအောင်နှင့်ဇနီး၊ ဆေးဝန်ထမ်းညွှန်ကြားရေးမှူး ဗိုလ်ချုပ်စိုးဝင်းနှင့်ဇနီးတို့အားလည်းကောင်း၊ ၅-၃-၂၀၁၆ရက်တွင် ဇေယျာသီရိဗိမာန်မင်္ဂလာခန်းမ၌ ကျင်းပပြုလုပ်သည့် စုလျားရစ်ပတ်ထိမ်းမြားမင်္ဂလာဧည့်ခံပွဲအခမ်းအနားတွင် စုလျားရစ်ပတ်ထိမ်းမြားပေးပါသော ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးမြင့်ဆွေနှင့်ဇနီး ဒေါ်ခင်သက်ငွေ၊ မင်္ဂလာအောင်စံပယ်ပန်းကုံးနှင့် မင်္ဂလာလက်စွပ် ချီးမြှင့်ဆင်မြန်းပေးပါသော နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်နှင့်ဇနီး ဒေါ်လင်းလင်းတင်၊ လူကိုယ်တိုင်မတက်ရောက်နိုင်သော်လည်း မင်္ဂလာလက်ဆောင်မွန်များပေးပို့ချီးမြှင့်ပေးကြသော နိုင်ငံတော်သမ္မတကြီးနှင့်ဇနီး မိသားစု၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး မိသားစု၊ မင်္ဂလာဧည့်ခံပွဲအခမ်းအနားသို့ တက်ရောက်ချီးမြှင့်ကြပါသော စစ်ဘက်၊ နယ်ဘက်အသီးသီးတို့မှ ဂုဏ်သရေရှိလူကြီးမင်းများ၊ မင်္ဂလာဧည့်ခံပွဲအခမ်းအနားသို့ ကြွရောက်ချီးမြှင့်ပေးကြသော ဂုဏ်သရေရှိလူကြီးမင်းများနှင့် လူကိုယ်တိုင်မတက်ရောက်နိုင်သော်လည်း မင်္ဂလာလက်ဖွဲ့များ ချီးမြှင့်ကြပါသော ဂုဏ်သရေရှိလူကြီးမင်းများအားလည်းကောင်း၊ မင်္ဂလာအခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးပါသော ဦးသန်းမြတ်စိုး၊ မင်္ဂလာတေးသံသာများဖြင့် ဖျော်ဖြေပေးပါသော အလင်္ကာဝတ်ရည် မြန်မာမှုတေးဂီတအဖွဲ့နှင့် အခါတော်တေးသီဆိုပေးပါသော ဒေါ်နှင်းရီသန့်၊ မင်္ဂလာပန်းကြဲပေးပါသော မသက်ဆုပိုင်၊ မအိဏ္ဍ်သူသူပိုင်၊ မင်္ဂလာပန်းကုံးဗန်းကိုင်ပေးပါသော မလွဲ့သွယ်ဦး၊ မင်္ဂလာလက်စွပ်ဗန်းကိုင်ပေးပါသော မမေသကြ်နီဦး၊ သတို့သားအရံများအဖြစ် ဆောင်ရွက်ပေးပါသော ဗိုလ်ကြီးသာထက်နိုင်၊ ဗိုလ်ကြီးအောင်ဆန်းဦး၊ သတို့သမီးအရံများအဖြစ် ဆောင်ရွက်ပေးပါသော မသိမ့်နီလာ၊ မဆုရတနာအောင်မင်းတို့အားလည်းကောင်း၊ မင်္ဂလာဧည့်ခံပွဲနှင့် မင်္ဂလာညစာစားပွဲတို့တွင် လက်ဝတ်ရတနာများ ဆင်မြန်းပေးပါသော She Shines Gems & Jewellery နှင့် ကြယ်စင်နန်းတော် စိန်ရွှေရတနာဆိုင်၊ မင်္ဂလာဝတ်စုံများ ဖန်တီးဆင်မြန်းပေးပါသော Designer မင်းသက်စံ(Sweet and Smart)၊ ရွှေဂျိုးသာ လွန်းရာကျော်ကြီးကြီးအချိတ်လုပ်ငန်း(အမရပူရ)၊ သတို့သမီးအရံများအတွက် ဝတ်စုံချုပ်လုပ်ပေးပါသော Tracy Fashion Shop၊ ပန်းအလှဆင်ပေးပါသော လင်းလင်းနှင့်အဖွဲ့၊ မိတ်ကပ်၊ ဆံပင်အလှပြင်ပေးပါသော မေဦးနှင့်အဖွဲ့၊ မင်္ဂလာဖိတ်စာများ ပုံနှိပ်ပေးပါသော Dagon Printing & Invitation Cards၊ စားသောက်ဖွယ်ရာကျွေးမွေးဧည့်ခံပေးပါသော ဇေယျာသီရိဗိမာန်မှ ဦးစိန်ဝင်းနှင့်ဝန်ထမ်းများ၊ Inya Lake Hotel၌ ကျင်းပပြုလုပ်သည့် မင်္ဂလာညစာစားပွဲအခမ်းအနားသို့ ကြွရောက်ချီးမြှင့်ကြပါသော ဂုဏ်သရေရှိလူကြီးမင်းများနှင့် သူငယ်ချင်းများအားလည်းကောင်း၊ မင်္ဂလာအခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးပါသော မတင်မိုးလွင်၊ မင်္ဂလာဧည့်ခံပွဲနှင့် မင်္ဂလာညစာစားပွဲတို့တွင် ဓာတ်ပုံနှင့်ဗီဒီယိုများကို ရိုက်ကူးပေးကြပါသော ကိုဝဏ္ဏခွာနီး(FOCUS DAILY)နှင့်အဖွဲ့၊ မင်္ဂလာတေးသံသာ ဖျော်ဖြေဧည့်ခံပေးပါသော Ma Junny Percussionsနှင့် DJပိုင်ပြည့်၊ စားသောက်ဖွယ်ရာများ ကျွေးမွေးဧည့်ခံပေးပါသော Inya Lake Hotelမှ မန်နေဂျာနှင့်ဝန်ထမ်းများအားလည်းကောင်း၊ မင်္ဂလာအခမ်းအနားအပြင်အဆင်နှင့် ပွဲအစမှအဆုံး အဘက်ဘက်မှ အဆင်ပြေချောမွေ့အောင် စီစဉ်ဆောင်ရွက်ပေးပါသော SIGNATURE Weddings & Events Planning အဖွဲ့အားလည်းကောင်း၊ မင်္ဂလာပွဲဖြစ်မြောက်ရေးအတွက် အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးကြပါသော နှစ်ဖက်သောဆွေမျိုးမိတ်ဆွေသင်္ဂဟအားလုံးနှင့် ကျေးဇူးတင်ထိုက်သည့် ပုဂ္ဂိုလ်များအားလည်းကောင်း အထူးပင်လှိုက်လှဲစွာ ကျေးဇူးဥပကာရတင်ရှိပါကြောင်း။

**နှစ်ဖက်သောမိဘများနှင့် ဗိုလ်မှူးဖြိုးဇင်ဝင်း-မဆုသစ်ထူး**

## စွမ်းအင်ဝန်ကြီးဌာန
## မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)
## (၃/၂၀၁၆)

၁။ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းအတွက် အောက်ဖော်ပြပါ ရေနံတူးဖော်/ထုတ်လုပ်ရေး လုပ်ငန်းသုံးပစ္စည်းများအား နိုင်ငံခြားငွေ(အမေရိကန်ဒေါ်လာ)/မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

| စဉ် | တင်ဒါအမှတ် | ပစ္စည်းအမျိုးအမည် | မှတ်ချက် |
|---|---|---|---|
| (၁) | IFB-085(15-16) | Spares for ATLAS COPCO Compressor (8)Items | US$ |
| (၂) | IFB-086(15-16) | Spares for 50 Ton QY 50K Mobile Crane(53)Items | US$ |
| (၃) | IFB-087(15-16) | Assorted Sizes of Hot Bend(1)Lot | US$ |
| (၄) | IFB-088(15-16) | Projector,Computer,Printer,Amplifier, | US$ |
| | | Sound Box and Cordless Mic(5)Items | US$ |
| (၅) | IFB-089(15-16) | Auto Voltage Regulator and Constant Speed Mixer with Microprocessor (2)Items | US$ |
| (၆) | IFB-090(15-16) | 1½" Pitch Quardruple Chain (ANSI Standard) with Connecting Link Cotter Pin Type(2)Items | US$ |
| (၇) | DMP/L-016(15-16) | Core Drilling Machine/Atomic Absorption Spectrometers & Binocular Microscope(3)Items | KS |
| (၈) | DMP/L-017(15-16) | Dell Server and Accessories(1)Set | KS |
| (၉) | Container(1/2016) | ကွန်တိန်နာသယ်ယူပို့ဆောင်ခြင်းလုပ်ငန်း (ရန်ကုန်ဆိပ်ကမ်းများမှ သာကေတရေနံအခြေစိုက်စခန်းသို့ အသွား/အပြန်) (၁-၄-၂၀၁၆ မှ ၃၀-၉-၂၀၁၆ ထိ ၆ လအတွက်) | KS |

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ကြော်ငြာပါသည့်နေ့မှစ၍ ရုံးချိန်အတွင်း စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ရုံးအမှတ်(၄၄)၊ နေပြည်တော်တွင် လာရောက်ဝယ်ယူနိုင်ပါသည်။

၃။ အဆိုပါအိတ်ဖွင့်တင်ဒါများ၊ အမှတ်စဉ်(၁)မှ (၈)အထိကို ၄-၄-၂၀၁၆ရက် ၆း၃၀နာရီတွင် နောက်ဆုံးထား၍လည်းကောင်း၊ အမှတ်စဉ်(၉)ကို ၂၈-၃-၂၀၁၆ရက် ၁၆း၃၀ နာရီတွင် နောက်ဆုံးထား၍လည်းကောင်း၊ ပစ္စည်းစီမံဌာန၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ရုံးအမှတ်(၄၄)၊ နေပြည်တော်သို့ (လူကိုယ်တိုင်) လာရောက်ပေးသွင်းရန်ဖြစ်ပါသည်။

**မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ဖုန်း-၀၆၇-၄၁၁၀၉၇/၄၁၁၂၀၆**





## မြေ၊မြေကွက်ကျယ်အမြန်ရောင်းမည်

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ သီလဝါအထူးစီးပွားရေးဇုန်(SEZ)ရှေ့(သီလဝါဆိပ်ကမ်းနှင့်ဆယ်မိနစ်ခန့်လျှောက်)၊ ရေကြောင်းလမ်းမကြီးမေးတင်၊ ရှေ့မျက်နှာစာပွင့်၊ ပေ(၃၀၀)၊ အကျယ်အဝန်း(၃)ဧက၊ မြေကွက်ကျယ်အမြန်ရောင်းမည်။ ခြံကာထားပြီး၊ မီးရသည်။ ဂိုဒေါင်၊ စက်ရုံလုပ်ငန်း၊ သီလဝါ SEZ ၏ဆက်စပ်လုပ်ငန်းများ ၊ Hotel, စားသောက်ဆိုင်၊ Export/Import လုပ်ရန်အထူးကောင်းမွန်သည်။ ➤ **ချိုသာသောဈေးနှုန်းနှင့်ဦးရာလူ အမြန်ရောင်းမည်။**

**Ph: 09-73174760, 09-250047399**

## ရောင်းမည်

(၁၂၅ပေ×၅၀ပေ×၉ပေ)၊မြေညီထပ်ပြင်ဆင်ပြီး အလင်းရောင်လမ်းမကြီး၊ ဝါဆိုမှတ်တိုင်အနီး၊ ဒေါပုံမြို့နယ်။

**ဖုန်း-၀၉-၄၂၅၀၂၅၂၈၁**

## ဖြည့်စွက်ဖတ်ရှုပါရန်

၁-၂-၂၀၁၆ရက်၊ ကြေးမုံသတင်းစာ၏ စာမျက်နှာ(၂၆)၊ ကန့်ကွက်နိုင်ကြောင်းကြော်ငြာ၊ သယ်န်းကျွန်းမြို့နယ် ဒေါ်တင်ညွှန့်၏ဂရန်သစ်တွင် မြေကွက်တည်နေရာအမှတ်-၇၆၂(ခ)၊ ဇောတိကလမ်း၊ ၁၆/၁ ရပ်ကွက်၊ သယ်န်းကျွန်းမြို့နယ်ဟု ဖြည့်စွက်ဖတ်ရှုပါရန်။

## ငှားမည်

စမ်းချောင်းမြို့နယ်၊ ဟုမ်းလမ်း၊ ပန်းလှိုင်ရိပ်သာဝင်းအတွင်း ပေ(၃၅×၅၇)၊ နှစ်ထပ်လုံးချင်းတိုက် 2RC၊ အိပ်ခန်း(၂)ခန်း၊ Master Bedroom(၁)ခန်း၊ ဧည့်ခန်း(၁)ခန်း၊ ဘုရားခန်း(၁)ခန်း၊ ကားပါကင်(၂)စီးစာပါဝင်ပြီး အဆင့်မြင့်ပြင်ဆင်ထားသည်။ ဆိတ်ငြိမ်သန့်ရှင်းပြီး လုံခြုံရေးကောင်းမွန်သည်။ နိုင်ငံခြားသားလက်ခံသည်။ တစ်လ(၂၄)သိန်း၊ (ညှိနှိုင်း)

**ကိုအံ့ကူ ဖုန်း-၀၉-၅၀၂၀၈၀၀၊ ကိုနေဦး ဖုန်း-၀၉-၂၅၀၄၉၅၈၂၈**

# ရိုးမဘဏ်

ကျင့်ဝတ်မှန်ကန် ရိုးမဘဏ်

## မြောက်ဒဂုံဘဏ်ခွဲ

**ရိုးမဘဏ်လီမိတက် (၅၈) ခုမြောက်ဘဏ်ခွဲကို**

အမှတ်-၃/၈၊ ဘုရင့်နောင်လမ်း၊ ရွှေပင်လုံအိမ်ရာ၊

(၂၇)ရပ်ကွက်၊ ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

ဖုန်း- (၀၁) ၅၈၁၁၆၂၊ ၀၉-၂၆၄၆၃၄၈၇၂၊ ၀၉-၂၆၄၆၃၄၈၇၃၊ ၀၉-၂၆၄၆၃၄၈၇၄

**၉.၃.၂၀၁၆ (ဗုဒ္ဓဟူးနေ့) တွင်ဖွင့်လှစ်မည်ဖြစ်ပါသည်။**

**ဘဏ်လုပ်ငန်းဝန်ဆောင်မှုများကို ဆက်သွယ်ဆောင်ရွက်နိုင်ပြီဖြစ်ပါကြောင်း**

**မိတ်ဆွေများအား သတင်းကောင်းပါးအပ်ပါသည်။**

www.yomabank.com



# မြဝတီဘဏ်လီမိတက်၏(၄၅)ဘဏ်မြောက်
# ' မင်္ဂလာတောင်ညွန့် ' ဘဏ်ခွဲကို

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်တွင် ၈.၃.၂၀၁၆ ရက် (အင်္ဂါနေ့) ၌
ဖွင့်လှစ်ပြီး ဖြစ်ပါသဖြင့် ဘဏ်လုပ်ငန်းဝန်ဆောင်မှုများကို
ဆက်သွယ်ဆောင်ရွက်နိုင်ပြီ ဖြစ်ပါကြောင်း
မိတ်ပြည်သူများအား သတင်းကောင်းပါးအပ်ပါသည်။

**" လိုငွေကူညီ မြဝတီ ၊ မှန်သည် မြန်သည် မြဝတီ "**

**ဆက်သွယ်ရန်လိပ်စာ**

မြဝတီဘဏ်လီမိတက် (မင်္ဂလာတောင်ညွန့်)
အမှတ် (၁/၃/၅)၊ မြေညီထပ် နှင့် ပထမထပ်၊ ဒေါ်သိန်းတင်လမ်း၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့ ရန်ကုန်တိုင်းဒေသကြီး။

ဖုန်း – ၀၁ ~ ၃၇၇၆၂၉၊ ၃၇၇၆၃၀
ဖက်(စ်) – ၀၁ ~ ၃၇၇၆၃၁၊ ၃၇၇၅၇၁



# အထူးဝမ်းနည်းကြေကွဲခြင်း

ဒုတိယဗိုလ်မှူးကြီးခင်မောင်ညွန့် (ယာယီ ဒုတိယတပ်မှူး၊ တပ်မတော်ဆေးသုတေသနတပ်)နှင့် ငွေလှရတနာ အဘိဓမ္မာသင်တန်းမှူး သဒ္ဓမ္မဇောတိကဓဇ ဆရာမဒေါ်ခင်သန္တာဦး(လူမှုထူးချွန်)တို့၏ ချစ်လှစွာသောဖခင် သီရိပျံချီ ဗိုလ်ချုပ်တင်ငွေ(ငြိမ်း) အလုပ်သမားဝန်ကြီး(ငြိမ်း) ကြည်း-၁၀၁၄၆ (သူရဲကောင်းမှတ်တမ်းဝင်)သည် ၅-၃-၂၀၁၆ ရက်တွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲ ရပါသည်။

**ငွေလှရတနာ အဘိဓမ္မာ သင်တန်းသား/သူများ**

| | |
|---|---|
| - တာမွေသင်တန်း | (သာသနာ့မာရ်အောင်ကျောင်းတိုက်) |
| - တောင်ဒဂုံသင်တန်း | (ပိဋကတ(၃)ပုံ နိကာယ်စာသင်တိုက်) |
| - တောင်ဒဂုံသင်တန်း | (သာသနဓဇ ဓမ္မာရုံ) |
| - တောင်ဒဂုံသင်တန်း | (ဇေယျာသိဒ္ဓိကျောင်းတိုက်) |
| - အလုံသင်တန်း | (သာသနာ့အလင်းရောင် ဓမ္မာရုံ) |
| - ကျောက်ဆည်သင်တန်း | (ကျောက်ဆည်အသင်းခန်းမ) |
| - ဘုရင့်နောင်သင်တန်း | (ဘုရင့်နောင်မိသားစု ဓမ္မာရုံ) |
| - သာကေတသင်တန်း | (ဝိမုတ္တိရသ ဓမ္မဗိမာန်တော်ကြီး) |
| - (၃၅)လမ်းသင်တန်း | (ဓမ္မရံသီ ဓမ္မာရုံ) |
| - ဒလသင်တန်း | (နန်းဦးကျောင်းတိုက်) |
| - ကမာရွတ်သင်တန်း | (အင်းယားရွာသစ်ကျောင်းတိုက်) |
| - သန်လျင်သင်တန်း | (မင်းကျောင်းပထမပြန် စာသင်တိုက်) |


**သရဖူ မြတ်နိုးသူ Travels & Tours Co.,Ltd**
Ph: 01-551453, 09-5156297, 09-5014517, 09-450053758

| မဟာသင်္ကြန်အားလပ်ရက် အထူးခရီးစဉ်များ | April | Scania |
|---|---|---|
| ရွှေစက်တော်၊ ပုဂံ၊ ပုပ္ပား - ဘုရားစုံ | 12,13 | 160000 |
| မန်း၊၊ စစ်ကိုင်း၊၊ အလောင်းတော်ကဿပ၊ မုံရွာ၊ ရွှေဘို(အောင်ဈေး...)၊ ပြင်ဦးလွင် | 12 | 170000/200000 |
| တောင်ကြီး၊၊ အင်းလေး၊၊ ကလော၊ ပင်းတယ၊ လွိုင်ကော်၊ ဒီမောဆိုးလ် | 12,13 | 220000 |
| တောင်ကြီး၊၊ အင်းလေး၊၊ ကလော၊ ပင်းတယ | 12,13 | 160000 |
| ပုဂံဘုရားစုံ(နွယ်တော်လေးဆူ)၊ တောင်ကြီး၊၊ အင်းလေး၊၊ ကလော၊ ပင်းတယ | 12 | 190000 |
| စစ်တွေ၊ မြောက်ဦး၊၊ ကျောက်တော်၊ ဓညဝတီ | 12,13 | 190000 |
| မန်း၊၊ ပြင်ဦးလွင်၊ လားရှိုး၊ မူဆယ်၊ ရွှေလီ၊ ဝမ်တိန်၊ မံစီ | 12,13 | 230000 |
| ထားဝယ်ဘုရားစုံ(ရှင်ကိုးရှင်)၊မောင်းမကန်၊မော်လမြိုင်၊ဘားအံ၊ကျိုက်ထီးရိုး | 12 | 200000 |
| ထားဝယ်ဘုရားစုံ(ရှင်ကိုးရှင်)၊ လောင်းလုံ၊ ဘုတ်ကျွန်း၊၊ မောင်းမကန်/ မော်လမြိုင် | 12,13,14 | 190000/140000 |
| မြိတ်၊ကော့သောင်း/ ရနောင်း / သူဌေးကျွန်း/ ကျွန်း(၃)ကျွန်းပတ်ခရီးစဉ် | 12,13 | 320000/490000 |
| စင်ကာပူ၊ မီယက်နမ်၊ ဟိုချီမင်း၊၊ နာထွမ်ကမ်းခြေ / ဟန်နွိုင်း၊၊ ဟာလောင်း | 12 | 1050 / 1150 $ |
| ကမ္ဘောဒီးယား၊ မီယက်နမ်၊ ဟိုချီမင်း၊၊ ဟန်နွိုင်း/ စင်ကာပူ ဆီးသန့် | 10,11,12 | 1250 / 600 $ |
| ထိုင်း(ဗန်ကောက်၊ ကန်ချနာဘူရီ)၊ ကမ္ဘောဒီးယား၊၊ မီယက်နမ် | 10 | 1200 $ |
| တရုတ်နိုင်ငံ (...) | 12 | |

ခရီးစဉ်များအားလုံး ကားစီးရောက်နေ့ သတ်မှတ်ထားပါသဖြင့် ကြိုတင်ဝယ်ယူထားပေးကြပါရန် မေတ္တာရပ်ခံအပ်ပါသည်။


### ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ချုပ် သင်းလုံးကျွတ်နှစ်ပတ်လည်အစည်းအဝေး ဖိတ်ကြားခြင်း

ရန်ကုန်မြို့၊ မဟာစည်သာသနာ့ရိပ်သာ၊ ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ချုပ်၏ (၆၈)နှစ်မြောက် သင်းလုံးကျွတ် နှစ်ပတ်လည် အစည်းအဝေးကို ၁၃၇၇-ခုနှစ်၊ တပေါင်းလဆုတ် (၄)ရက် (၂၇-၃-၂၀၁၆) (တနင်္ဂနွေနေ့) မွန်းလွဲ (၁)နာရီ အချိန်တွင် ကျင်းပမည် ဖြစ်ပါ၍ အသင်းသားများ မပျက်မကွက် တက်ရောက်ကြပါရန် ဖိတ်ကြား အပ်ပါသည်။ အကြံပြု လိုသော အချက်များရှိပါက (၂၂-၃-၂၀၁၆)နေ့၊ ညနေ (၃)နာရီ နောက်ဆုံး ထား၍ စာဖြင့် ရေးသား ပေးပို့နိုင်ပါသည်။

ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ချုပ်
မဟာစည်သာသနာ့ရိပ်သာ


**ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်**
လိုက်ထရပ် 97 ဂျပန်ကား
CNG-၄ အိုး
**Ph:01-8564436,**
**09-73107581**

**သင့်သေးဖြင့်**
**အသက်ကယ်ပါ**


### အများသိရှိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ပိုင်းခရိုင်၊ ဒလမြို့နယ်၊ ခနော်ကျေးရွာအုပ်စု၊ ခနော်စံပြကျေးရွာ၊ ၂၃၂-ခနော်ကွင်း၊ မြေကွက်အမှတ်-က/၁၈၈၊ အလျား ပေ ၈၀×အနံပေ၆၀၊ ဧရိယာ(၀. ၁၁) ဧက ရွာမြေအမျိုးအစား၊ ဒလမြို့နယ်၊ မြေစာရင်းဦးစီးဌာန၏ မြေစာရင်းပုံစံ(၁၀၅)၊ အမည်ပေါက် ဦးတင်အောင် (KTO- ၀၅၇၆၃၁)ထံမှ အဆက်ဆက်စာချုပ်များဖြင့် ဝယ်ယူပိုင်ဆိုင်အကျိုးခံစားလျက်ရှိသော ဦးစိုးသန်းဦး [၁၂/မရက(နိုင်)၁၂၃၇၂၉]ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ ယင်းမြေကွက်နှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ဤအရောင်းအဝယ်ကို ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော အထောက်အထား စာချုပ်စာတမ်းမူရင်းများနှင့်အတူ ဤကြေညာပါသည့်နေ့မှစ၍ (၁၄) ရက်အတွင်း ကျွန်ုပ်ထံသို့ ရုံးချိန်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စပြီးမြောက်အောင် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးအောင်ကျော်**
**LL.B, B.A (Business law)., C.B.L.,**
**DL.101 WIPO (Switzerland)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၉၈၇၉)**

**ဦးနေနိုင် (ရေစကြို)**
**LL.B**
**အထက်တန်းရှေ့နေ (စဉ်-၂၅၇၉၉)**

**Win Law Assembly Group**
**အမှတ်(၁၃၄)၊ မြေညီထပ်၊ ၃၇-လမ်း(လယ်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉ ၈၆၁၀၅၁၃၊ ၀၉- ၂၅၀၇၂၉၁၅၅၊ ၀၉- ၄၅၀၉၇၆၅၉၉**

### သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်မ ဒေါ်လှလှဝင်း[၁၂/ပဘတ(နိုင်)၀၂၀၉၈၈]၏သားဖြစ်သူ မောင်ဝင်းနိုင်ဌေး[၁၂/ပဘတ(နိုင်)၀၂၉၀၃၂] သည် မိဘ၏ဆိုဆုံးမမှုကိုမနာခံဘဲ မိဘအား အကြိမ်ကြိမ်စိတ်ဆင်းရဲအောင် ပြုလုပ်သဖြင့် ၎င်းအား သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်သည်။ နောက်နောင်တွင် ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝအား လုံးဝတာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါ။

စုံစမ်းမေးမြန်းခြင်းသည်းခံပါ။

**ဒေါ်လှလှဝင်း[၁၂/ပဘတ(နိုင်)၀၂၀၉၈၈]**

### အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁၁) ရပ်ကွက်၊ ၆(နံ့)မိုင်၊ ပြည်လမ်း (ရွှေဟင်္သာလမ်း)၊ အမှတ်(၁၆၁)မြေကွက်နှင့် အဆောက်အအုံအား တရားဝင်ပိုင်ရှင်ဖြစ်သူ ဒေါ်ခေါ်ယုံ(ဘ)ဦးချန်ခေါ်[၁၃/တခလ(နိုင်)၀၀၂၀၇၇]၏ သဘောတူညီမှုမရှိဘဲ ရောင်းချခြင်း၊ အခမဲ့နေထိုင်ခြင်း၊ ငှားရမ်းခြင်း၊ ပေါင်နှံခြင်း၊ ၎င်းလိပ်စာအသုံးပြု၍ ရုံးခန်းဖွင့်ခြင်း၊ အဆောက်အအုံ တိုးချဲ့ဆောက်လုပ်ခြင်း မပြုလုပ်ရန် အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်နန်းအောင်**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၄၃၆၄)**
**အမှတ်-၈၆/၈၈၊ အခန်း(၆)၊ ဗဟိုလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၅၀၁၆၇၂၂၊ ၀၁-၅၁၂၀၇၀**

**သက်ရှိလောက တည်မြဲဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့**

# (၁)လပြည့်ကြေကွဲလွမ်းဆွတ်ခြင်း

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယိကာမ ဒေါက်တာဒေါ်အုန်းမြင့်

## (၆၇)နှစ်၊ (ရွှေတောင်)

## (၈-၂-၂၀၁၆ - ၈-၃-၂၀၁၆)

ရှာမတွေ့လည်း၊ တွေ့လိမ့်နိုးနိုး၊
မျှော်လင့်နိုးမိ။
ကြာလျှင်မေ့လည်၊ ဖြေဆည်စကား၊
အမှားချည်းသာ။
ငါလည်းတစ်နေ့၊ ရွှေ့လျောခန္ဓာ၊
ချုပ်သိမ်းကာလ၊ ထိုခါ၌ပင်၊
ကျင်လည်လေရာ၊ သံသရာဝယ်၊
"တာဝန် ကျေလှ၊ ချစ်ညီမ"ကို
ချစ်ကြွေး "မမ" ဆပ်ပါရစေ-
ကျေးဇူးရှင်ညီမလေးရေ။

**အစ်မ - ပါမောက္ခဒေါက်တာဒေါ်အေးမြင့်**

## ဝမ်းနည်းကြေကွဲခြင်း

### ကိုအေးဇော်ထွန်း အသက်(၃၀)

ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြည်နယ်အုပ်ချုပ်ရေးမှူး (မွန်ပြည်နယ်အစိုးရအဖွဲ့အတွင်းရေးမှူး) ဦးဇော်လင်းထွန်း-ဒေါ်စန်းစန်းလွင်တို့၏သား မောင်အေးဇော်ထွန်းသည်(၆-၃-၂၀၁၆)ရက်နေ့တွင် ကွယ်လွန်သည့်အတွက် မိသားစုနှင့်အတူ ဝမ်းနည်းကြေကွဲရပါသည်။

**ပြည်နယ်ဝန်ကြီးချုပ်နှင့် မွန်ပြည်နယ်အစိုးရအဖွဲ့**

## ဝမ်းနည်းကြေကွဲခြင်း

### ကိုအေးဇော်ထွန်း အသက်(၃၀)

ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြည်နယ်အုပ်ချုပ်ရေးမှူး (မွန်ပြည်နယ်အစိုးရအဖွဲ့အတွင်းရေးမှူး) ဦးဇော်လင်းထွန်း-ဒေါ်စန်းစန်းလွင်တို့၏သား မောင်အေးဇော်ထွန်းသည် (၆-၃-၂၀၁၆) ရက်နေ့တွင် ကွယ်လွန်သည့်အတွက် မိသားစုနှင့်အတူ ဝမ်းနည်းကြေကွဲရပါသည်။

**စာတည်းမှူးနှင့် ဝန်ထမ်းများ**
**ကိုယ်ပွားသတင်းစာတိုက်(မော်လမြိုင်)**

## ဝမ်းနည်းကြေကွဲခြင်း

### ဒေါက်တာဦးမင်းလွင်(ခ)ဦးစင်းအင်(မြိတ်)

### ဆေးရုံအုပ်ကြီး(ငြိမ်း)

### အသက်(၈၈)နှစ်

Popular Plastic Group ၏ဥက္ကဋ္ဌ ဦးကျင်ဦးနှင့် Mamaging Director ဒေါ်ချောစုလွင်တို့၏ဖခင် ဒေါက်တာဦးမင်းလွင်သည် ၂၆-၂-၂၀၁၆ (သောကြာနေ့) ညနေ၅နာရီတွင် ရန်ကုန်မြို့နေအိမ်၌ ကွယ်လွန်ကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထမျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဥက္ကဋ္ဌနှင့်အမှုဆောင်များ**
**မြန်မာနိုင်ငံရိုးရာလက်ဝှေ့အဖွဲ့ချုပ်**

## နှစ်ဦးသဘောတူကွာရှင်းပြတ်စဲပြီးစီးခြင်း

(အဖ)ဦးသန်းထိုက်(အမိ)ဒေါ်နီနီမာတို့၏သား ဦးမောင်မောင်(ခ)မိုဟာမက်အလီနှင့်(အဖ) ဦးနေဇာမွဒ္ဒီန်(အမိ) ဒေါ်ရဟ်မတ်ဘီတို့၏သမီး ရရှီဒတ်တို့သည် မိမိတို့၏သဘောဆန္ဒ အလျောက် စိတ်သဘောထားချင်းတိုက်ဆိုင်မှုမရှိတော့ပါသဖြင့် ၂၀၁၆ခုနှစ် ဇန်နဝါရီလ ၇ရက် တွင် အစ္စလာမ့်တရားတော်အညီ နှစ်ဦးသဘောတူ ကွာရှင်းပြတ်စဲပြီးစီးပါကြောင်း၊ နောက်နောင်တွင် ကျွန်တော် ဦးမောင်မောင်နှင့် လုံး၀(လုံး၀)မသက်ဆိုင်တော့ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဦးမောင်မောင်(ခ)မိုဟာမက်အလီ**

## မိုးကုတ်မြို့နယ်အသင်း

### ဦးဝင်းလွင်(ခ)ဦးမောင်မောင်

### အသက်(၆၅)နှစ်

ရန်ကုန်မြို့၊ (ဦးညွန့်မောင်)-ဒေါ်ထားကြည်တို့၏သား၊ အမှတ်-135(K2) သံလွင်လမ်းနေ ဒေါ်စန်းစန်းလွင်၏ ခင်ပွန်းသည် ၆-၃-၂၀၁၆ (တနင်္ဂနွေနေ့) တွင် ကွယ်လွန်သွားပါ၍ ၁၀-၃-၂၀၁၆ (ကြာသပတေးနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသဂြိုဟ်မည် ဖြစ်ပါသဖြင့် အသင်းသူ/သားများ ပို့ဆောင်ကြပါရန်။

အမှုဆောင်အဖွဲ့

## ဝမ်းနည်းကြေကွဲခြင်း

### ဦးဝင်းမောင်(၈၂)နှစ်

### မန်နေဂျာ(ငြိမ်း)၊ စား/ဖျော် ပြည်သူ့မုန့်တိုက်

ဟိုတယ်ခရီးဝန်ကြီးဌာန၊ စား/ဖျော်လုပ်ငန်းပြည်သူ့မုန့်တိုက် မန်နေဂျာ (ငြိမ်း) ဦးဝင်းမောင်သည် ၃-၃-၂၀၁၆ရက်တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် စားဖျော် ဝန်ထမ်းဟောင်းများအဖွဲ့မှ ဝမ်းနည်းကြေကွဲရပါသည်။ **စား/ဖျော်ဝန်ထမ်းဟောင်းများအဖွဲ့**

## ဝမ်းနည်းကြေကွဲခြင်း

### ဒေါ်ရီရီစိန်

### အသက်(၇၉)နှစ်

ဒုတိယဗိုလ်မှူးကြီးထင်အောင်(ငြိမ်း)၊ ဒုတိယအထွေထွေမန်နေဂျာ (MEC)- ဒေါ်ဆွေဆွေသန်း၊ ဦးမောင်မောင်(အကောက်ခွန်ဦးစီးမှူး-ငြိမ်း)- ဒေါ်အေးအေးသန်း၊ ဦးအောင်မျိုးသန်း(ဦးစီးအရာရှိ-အကောက်ခွန်ဦးစီးဌာန) တို့၏မိခင်သည် ၂၉-၂-၂၀၁၆ (တနင်္လာနေ့)ည၈း၂၇နာရီတွင် မဟာမြိုင်ဆေးရုံ၌ ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ထားဝယ်မြို့မှသူငယ်ချင်းများ**
**ဒေါ်သန်းသန်းအေး၊ ဒေါ်အိအိမ၊ ဒေါ်သန်းသန်းစိုး**

## အထူးဝမ်းနည်းကြေကွဲခြင်း

### ပုဏ္ဏားနက္ခတ်ဗေဒင် လက္ခဏာ ကျမ်းပြုပညာရှင်

### ဆရာကြီး ဒေါက်တာ ဒဂုန်

### အသက်(၆၉)နှစ်

**အမျိုးသားစာပေဆုရှင်**
**အပြည်ပြည်ဆိုင်ရာနက္ခတ်ဗေဒင်တက္ကသိုလ် (ကိုလ်းကတ္တား၊ အိန္ဒိယ)၏ မြန်မာနိုင်ငံဆိုင်ရာ ကျောင်းအုပ်ကြီး**

ဆရာကြီး ဒေါက်တာဒဂုန်သည် ၂-၃-၂၀၁၆ (ဗုဒ္ဓဟူးနေ့) နံနက် ၅း၂၀ နာရီတွင် အာရှတော်ဝင် ဆေးရုံ၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ARP အပြည်ပြည်ဆိုင်ရာ နက္ခတ်ဗေဒင်တက္ကသိုလ်မှ**
**ဆရာ၊ ဆရာမများနှင့် ကျောင်းသား/ကျောင်းသူများ**

## အထူးဝမ်းနည်းကြေကွဲခြင်း

ဒုတိယဗိုလ်မှူးကြီးခင်မောင်ညွန့် (ယာယီ ဒုတိယတပ်မှူး တပ်မတော်ဆေးသုတေသနတပ်)နှင့် ငွေလှရတနာ အဘိဓမ္မာသင်တန်းမှူး သဒ္ဓမ္မဇောတိကဓဇ ဆရာမဒေါ်ခင်သန္တာဦး (လူမှုထူးချွန်)တို့၏ ချစ်လှစွာသောဖခင် သီရိပျံချီဗိုလ်ချုပ်တင်ငွေ (ငြိမ်း) အလုပ်သမားဝန်ကြီး(ငြိမ်း)ကြည်း -၁၀၁၄၆ (သူရဲကောင်းမှတ်တမ်းဝင်)သည် ၅-၃-၂၀၁၆ ရက်တွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**MBDA (သွေးလှူရှင်များအသင်း)**

## အထူးဝမ်းနည်းကြေကွဲခြင်း

ဒုတိယဗိုလ်မှူးကြီး ခင်မောင်ညွန့် (ယာယီ ဒုတိယ တပ်မှူး တပ်မတော်ဆေးသုတေသနတပ်) နှင့် ငွေလှရတနာ အဘိဓမ္မာသင်တန်းမှူး သဒ္ဓမ္မဇောတိကဓဇ ဆရာမဒေါ်ခင်သန္တာဦး(လူမှုထူးချွန်)တို့၏ ချစ်လှစွာသော ဖခင် သီရိပျံချီဗိုလ်ချုပ်တင်ငွေ(ငြိမ်း) အလုပ်သမားဝန်ကြီး(ငြိမ်း) ကြည်း-၁၀၁၄၆ (သူရဲကောင်းမှတ်တမ်းဝင်)သည် ၅-၃-၂၀၁၆ ရက်တွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**နေရှူး**
**"ကုန်စည်အမြန်သယ်ယူပို့ဆောင်ရေး"**
**(ဘုရင့်နောင်ပွဲရုံ)**

## ဦးငွေသောင်(ခ)ဦးတင်အေး

ဆောက်လုပ်ရေးဝန်ကြီးဌာန(ရေသန့်)
လုပ်သားမှူး(အငြိမ်းစား)

### အသက်(၇၂)နှစ်

အမှတ်(၂၀၀)၊ခွာညို(၂)လမ်း၊ (၄)ရပ်ကွက်၊ မြောက်ဥက္ကလာမြို့နယ်နေ ဒေါ်အုန်းညွန့်၏ ခင်ပွန်း၊ မမိုးသူဇာ၊ မမိုးမိုးသူ၊ မောင်မိုးကျော်-မဇာနည်ထွေး၊ မောင်အောင်ထွေး-မစုသဲမွန် တို့၏ဖခင် မြေး ငါးယောက်တို့၏အဘိုး ဦးငွေသောင်း(ခ)ဦးတင်အေးသည် ၅-၃-၂၀၁၆ (စနေနေ့) မွန်းလွဲ ၃း၄၀နာရီတွင် ကွယ်လွန်သွားပါကြောင်း ၁၁-၃-၂၀၁၆ (သောကြာနေ့) တွင် ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဘုရား၊ရဟန်း၊သိမ်၊ကျောင်းဒါယကာကြီး

### ဦးဝင်းလွင်(ခ)ကိုမောင်မောင်

B.Sc (Physics)

### အသက်(၆၅)နှစ်

### မိုးကုတ်မြို့

မိုးကုတ်မြို့ ဈေးဟောင်းရပ်နေ (ဦးကံလှ-ဒေါ်စိန်ခင်)၏ သားသမက်၊ ရန်ကုန်မြို့နေ (ဦးသိန်းမောင်)-ဒေါ်လှဝင်း၊ ဈေးဟောင်းရပ်နေ (ဒေါ်သန်းသန်း)၏တူ(ဒေါ်ရင်မေ)၊ ဒေါ်မြင့်မြင့်၊ မန္တလေးမြို့နေ ဦးခင်မောင်ကို-ဒေါ်ဆွေဆွေဝင်း၊ ဒေါ်ရီရီ၊ ဒေါ်ခင်ပြုံး၊ ဦးသိန်းဌေး၊ ဦးမြင့် လွင်-(ဒေါ်အမာကြည်)၊ (ဦးညွန့်ရွှေ)-ဒေါ်ခင်မာရီ၊ ဒေါက်တာခင်မောင်လွင်-ဒေါ်ကြည်ကြည်အေး၊ ဦးစိုးမြင့်ဦး-ဒေါ်ခင်အုန်းမြင့်၊ ဒေါ်ခင်မြင့်မေ၊ (ဦးညွန့်လှိုင်)-ဒေါ်ကြည်ကြည်စိန်၊ ဦးသန်းဝင်း-ဒေါ်လုံး၊ (ဦးရဲမြင့်အောင်)-ဒေါ်လဲ့လဲ့ဝင်း၊ ဦးမောင်ဦး-ဒေါ်သီဂီ၊ ဦးဝင်းသိန်းနိုင်-ဒေါ်မီမီလွင်တို့၏ အစ်ကို/မောင်၊ ဒေါ်စန်းစန်းလွင်၏ ချစ်လှစွာသော ခင်ပွန်း၊ ကိုဘိုဘိုသုန်-မငုဝါနိုင်၊ ကိုမင်းပြည့်စုံ-မဇင်နွယ်တို့၏ကျေးဇူးရှင်မွေးသဖခင်၊ မြသီရိဘို၏ ဘိုးဘိုးသည် ၆-၃-၂၀၁၆ (တနင်္ဂနွေနေ့) တွင် အိန္ဒိယနိုင်ငံဒေသစံတော်ချိန် ၁၀း၀၅ နာရီ၌ကွယ်လွန်သွားပါသဖြင့်၁၀-၃-၂၀၁၆ (ကြာသပတေးနေ့) တွင် ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေး ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားသိစေအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## ဘုရား၊ရဟန်း၊သိမ်၊ကျောင်းဒါယကာကြီး

### ဦးဝင်းလွင်(ခ)ကိုမောင်မောင်

B.Sc (Physics)

### အသက်(၆၅)နှစ်

### မိုးကုတ်မြို့

မိုးကုတ်မြို့၊ ရှမ်းစုရပ် (ဒေါ်အုန်း)၊ (ဦးခင်-ဒေါ်ကျော့မေ)တို့၏မြေး၊ ရန်ကုန် မြို့(ဦးမြ)-ဒေါ်ထားရီ၊ ဦးဝင်းကြည်-ဒေါ်မြင့်မြင့်၊ (ဦးစိုးမြင့်သိန်း)-ဒေါ်ခင်တင့်၊ (ဗိုလ်မှူးဖေဆန်း)-ဒေါ်တင်တင်ဝင်း၊ (ဒေါက်တာမြတ်စိုး)-ဒေါ်ခင်မြင့်ကြည်၊ (ဦးခင်မောင်အေး)-ဒေါ်ခင်သန်းနုတို့၏တူ၊ (ဦးညွန့်မောင်)-ဒေါ်ထားကြည်တို့၏ တစ်ဦးတည်းသောသား၊ ပါမောက္ခ ဒေါက်တာ ဇေယျာထွန်း-ဒေါ်သန်းသန်းဌေးတို့၏ ချစ်လှစွာသောမောင်လေး၊ (မအေးမြဖြူ)၏ ချစ်လှစွာသော ဦးလေး၊ ကိုဘိုဘိုသုန်-မငုဝါနိုင်၊ ကိုမင်းပြည့်စုံ-မဇင်နွယ်တို့၏ ကျေးဇူးရှင်မွေးသဖခင်၊ မြတ်သီရိဘို၏ ဘိုးဘိုး၊ အမှတ်(135- K-2) သံလွင်လမ်း၊ ဝင်ဒါမီယာ၊ ကမာရွတ်မြို့နယ်နေ ဒေါ်စန်းစန်းလွင်၏ ချစ်လှစွာသောခင်ပွန်း၊ ဦးဝင်းလွင်သည် ၆-၃-၂၀၁၆ ရက် ဒေသစံတော်ချိန် နံနက် ၁၀း၀၅ နာရီတွင် အိန္ဒိယနိုင်ငံ၌ ကွယ်လွန်သွားပါသဖြင့် ၁၀-၃-၂၀၁၆ (ကြာသပတေးနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြား သိစေအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဒေါ်သန်းမြ (၇၈) နှစ်

### ဘီလူးကျွန်း(ကမာကေး)

### သဲအင်းယောဂီ

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရေတွင်းကုန်းရပ်ကွက်၊ အမှတ် (၄၁)၊ မြေညီ၊ ၁၂၁ လမ်းနေ (ဦးချစ်သွင်-ဒေါ်ကျင်ရွှေ)တို့၏ သမီးကြီး၊(ဦးသန်းဖေ-ဒေါ်တင်)တို့၏သမီးချွေးမ ဦးတင်မြင့်၏ ချစ်လှစွာသောဇနီး၊ ဦးတင်ထွဋ်ဦး (Bosum, HAS Co., Ltd)- ဒေါ်ခင်နုနုလွင်၊ ဦးဗိုလ်စိုးမင်း-ဒေါ်ညိုညိုဝင်း၊ ဦးဇော်မင်း (2/O, UNITEAM MARINE Co.,Ltd.)- ဒေါ်ရီရီကျော်၊ ဦးဝင်းနိုင်ထွန်း (2/O, CH Co.,Ltd)- ဒေါ်မျိုးသော်တို့၏ ချစ်လှစွာသော မွေးသမိခင်၊ မြေးကိုးယောက်တို့၏ ဘွားဘွားကြီး ဒုဗိုလ်မှူးကြီး သူရအောင်ကြည်(ငြိမ်း)-(ဒေါ်မြင့်ကြည်)၊ ဦးမြင့်ရှိန်-ဒေါ်တင်ကြည်၊ ဦးကြည်ဟန်- ဒေါ်ခင်ဝင်းကြည်၊ ဦးအောင်ထွဋ်- ဒေါ်စမ်းစမ်းအေး၊ ဦးမြင့်အောင်-ဒေါ်ခင်မာပြုံး၊ ဦးလှဌေး-ဒေါ်လှလှဝင်း၊ ဦးသန်း ဦး-ဒေါ်ကျင်ထွေးတို့၏ချစ်လှစွာသော အစ်မကြီး၊ တူ-တူမ ၂၃ ယောက်တို့၏ ကြီးဒေါ်သည် ၆-၃-၂၀၁၆ (တနင်္ဂနွေနေ့) နံနက် ၇း၄၅ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၈-၃-၂၀၁၆(အင်္ဂါနေ့) ညနေ ၃ နာရီတွင် အထက်ပါနေအိမ်မှ ရေဝေးသုသာန်သို့ ပို့ဆောင် မီးသဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၁နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ဒေါ်စန်းမြင့်

### (ဗဟိုစာရင်းရုံး-ငြိမ်း၊ သုဝဏ္ဏ)

### အသက် (၇၅) နှစ်

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ သုဝဏ္ဏ၊ (၂၅) ရပ်ကွက်၊ ကျောင်းလမ်း၊ တိုက် (၂၈၁)၊ အခန်း (၅)နေ (ဦးပါ-ဒေါ်ငြိမ်းအေး)တို့၏သမီး၊ ထားဝယ်မြို့နေ (ဦးစောမောင်)-ဒေါ်ခင်ကြည်တို့၏ ညီမ၊ (ဦးခင်မောင်) [စာပေဗိမာန်-ငြိမ်း]၏ဇနီး၊ ဦးအောင်ထွန်း-ဒေါ်သန်းနွဲ့ရီ (ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း-ရုံးချုပ်)၊ (ဦးစိုးနိုင်)-ဒေါ်ငြိမ်းငြိမ်းဟန်၊ ဦးဆိုရှယ်ဟန်-ဒေါ်စောနွယ် (Naing Group Construction Co., Ltd.)၊ ကိုထွန်းပိုင် (Gold Steel Industry Co., Ltd.)၊ ကိုကျော်ဇင်တို့၏ ချစ်လှစွာသောမွေးသမိခင်၊ မောင်တင်ထူးနိုင်၊ မမေမိုးနွယ်တို့၏အဘွားသည် ၅-၃-၂၀၁၆ (စနေနေ့) နံနက် ၄း၂၅ နာရီတွင် ပင်လုံဆေးရုံ၌ ကွယ်လွန်သွားပါ၍ ၉-၃-၂၀၁၆ (ဗုဒ္ဓဟူးနေ့) ညနေ ၃း၀၀ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၁၁-၃-၂၀၁၆ (သောကြာနေ့) နံနက် ၇နာရီမှ ၁၀ နာရီထိ သုဝဏ္ဏမြို့ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရား တော်နာကြွရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဘုရား၊ရဟန်း၊သိမ်၊ကျောင်းဒါယကာကြီး

### ဦးဝင်းလွင်(ခ)ကိုမောင်မောင်

B.Sc (Physics)

### အသက်(၆၅)နှစ်

### မိုးကုတ်မြို့

မိုးကုတ်မြို့နေ (ဒေါ်အုန်း)(ဦးခင်-ဒေါ်ကျော့မေ)တို့၏မြေး၊ (ဦးညွန့်မောင်)-ဒေါ်ထားကြည်တို့၏ ချစ်လှစွာသောသား၊ (ဦးနေဝင်းအောင်)-ဒေါ်စန်းစန်းအေး၊ ဒေါ်ခင်စိုးတင်၊ ဒေါ်ဆွေဇင်ဝင်း၊ဒေါ်ရွှေစင်ဝတ်မှုံ၊ဒေါ်သီဂီဝင်း(Bangkok)၊ ဦးဝင်းမင်းကြည်-ဒေါ်မိုးမိုးကြည်၊ ဒေါက်တာဝင်းမြင့်ကြည် (U.S.A)၊Dr.မျိုးဝင်း-Dr.နီလာမြင့် (U.S.A)၊ ဦးအောင်ဇော်ဝင့်၊ Dr. သူဇာတင့်၊ (ဒေါ်သီရိမြတ်)၊ ဦးမြတ်သူရ-ဒေါ်ကျော့ကျော့စံ၊ ဦးသီဟအောင်-ဒေါ်ဇာခြည်လင်း၊ ဦးစည်သူကျော်-ဒေါ်ကေရီ (ဒေါ်သန္တာအေး)၊ ဦးစိုးသူရ-ဒေါ်စန္ဒာအေး၊ ဦးနန္ဒလင်း-ဒေါ်အေးဥမ္မာ(U.K) တို့၏ ချစ်လှစွာသောအစ်ကို ဦးဝင်းလွင်သည် ၆-၃-၂၀၁၆ရက်တွင် အိန္ဒိယနိုင်ငံဒေသစံတော်ချိန် နံနက် ၁၀း၀၅ နာရီ၌ ကွယ်လွန်သွားပါသဖြင့် ၁၀-၃-၂၀၁၆ (ကြာသပတေးနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသဂြိုဟ်မည်ဖြစ်ပါသည်။

ကျန်ရစ်သူမောင်နှမများ

## ဘုရား၊ရဟန်း၊သိမ်၊ကျောင်းဒါယကာကြီး

### ဦးဝင်းလွင်(ခ)ကိုမောင်မောင်

B.Sc (Physics)

### အသက်(၆၅)နှစ်

### မိုးကုတ်မြို့

မိုးကုတ်မြို့၊ ရှမ်းစုရပ် (ဒေါ်အုန်း)၊ (ဦးခင်-ဒေါ်ကျော့မေ)တို့၏မြေး၊ ဈေးဟောင်းရပ် (ဦးကံလှ-ဒေါ်စိန်ခင်)တို့၏သားသမက်၊ ရန်ကုန်မြို့နေ (ဦးညွန့်မောင်)-ဒေါ်ထားကြည်တို့၏ ချစ်လှစွာသောသား၊ ပါမောက္ခဒေါက်တာ ဇေယျာထွန်း-ဒေါ်သန်းသန်းဌေးတို့၏ ချစ်လှစွာသောမောင်လေး၊ ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ ဝင်ဒါမီယာ၊သံလွင်လမ်း၊အမှတ်(၁၃၅-K-2)နေ ဒေါ်စန်းစန်းလွင်၏ ချစ်လှစွာသောခင်ပွန်း၊ (မအေးမြဖြူ)၏ ချစ်လှစွာသော ဦးလေး၊ ကိုဘိုဘိုသုန်-မငုဝါနိုင်၊ ကိုမင်းပြည့်စုံ-မဇင်နွယ်တို့၏ ကျေးဇူးရှင်မွေးသဖခင်၊ မြသီရိဘို၏ ဘိုးဘိုးသည် ၆-၃-၂၀၁၆ (တနင်္ဂနွေနေ့)တွင် အိန္ဒိယနိုင်ငံ MEDANTA ဆေးရုံ၌ ဒေသစံတော်ချိန် နံနက် ၁၀း၀၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့်၁၀-၃-၂၀၁၆(ကြာသပတေးနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ် သင်္ဂဟများအား အကြောင်းကြား သိစေအပ်ပါသည်။ ကျန်ရစ်သူမိသားစု

# ရန်ကုန်ဘူတာကြီးနယ်မြေဘက်စုံဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းလုပ်ငန်းများ လာမည့်နှစ် မေလ၌ စတင်မည်

**ရန်ကုန်   မတ်   ၇**

မဟာရန်ကုန်မြို့ပြဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၏ အစိတ်အပိုင်းတစ်ခုဖြစ်သော ရန်ကုန်ဘူတာကြီးနယ်မြေဘက်စုံဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းအတွက် လာမည့်နှစ်မေလ၌ စီမံကိန်းလုပ်ငန်းများစတင်ဆောင်ရွက်ရန်စီစဉ်ထားကြောင်းသိရပြီး ရထားပို့ဆောင်ရေးဝန်ကြီးဌာနမှ ပြည်တွင်း၊ ပြည်ပနိုင်ငံပေါင်း ၁၀ နိုင်ငံမှ ပုဂ္ဂလိကလုပ်ငန်းအဖွဲ့ ၁၅ ဖွဲ့ကို စိစစ်ရွေးချယ်ခဲ့ကာ ၎င်းတို့၏ တင်ဒါဒုတိယအဆင့် အဆိုပြုလွှာများကို ရရှိခဲ့ကြောင်း သိရသည်။

**စာမျက်နှာ ၉ ကော်လံ ၃ သို့ ❖**



မတ် ၇ ရက် နံနက်ပိုင်းက တွေ့မြင်ရသော ရန်ကုန်ဘူတာကြီးမြင်ကွင်း။




## ဗြိတိန်တင်းနစ်မယ် ဟယ်သာဝက်ဆန် ဒဗလျူတီအေဖလား သုံးကြိမ်မြောက် ဆွတ်ခူး

ဗြိတိန်တင်းနစ်မယ် ဟယ်သာဝက်ဆန်သည် မွန်တာရေးအိုးပင်းတင်းနစ်ပြိုင်ပွဲတွင် အနိုင်ရဗိုလ်စွဲခဲ့ပြီးနောက် ကမ္ဘာ့အဆင့်(၈၄)မှ အဆင့်(၅၃)သို့ တက်လှမ်းနိုင်ခဲ့သည့်အပြင် မွန်တာရေးအိုးပင်းတင်းနစ်ဖလားဆွတ်ခူးနိုင်ခဲ့သည်။

တင်းနစ်မယ်ဟယ်သာဝက်ဆန်သည် မွန်တာရေးတင်းနစ်ပြိုင်ပွဲ၏ ဆီမီးဖိုင်နယ်အဆင့်တွင် ကာရိုလိုင်းဂါစီယာကို အနိုင်ရရှိကာ နောက်ဆုံးဗိုလ်လုပွဲသို့ တက်လှမ်းလာခဲ့ပြီး ဗိုလ်လုပွဲတွင် ဘယ်လ်ဂျီယံတင်းနစ်မယ် ကာစတန် ဖလစ်ခန်းကို ၃-၆၊ ၆-၂၊ ၆-၃ ဖြင့် အနိုင်ရရှိကာ မွန်တာရေးအိုးပင်းတင်းနစ်ဖလားကို ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။

ဟယ်သာဝက်ဆန်နှင့် ကာစတန်ဖလစ်ခန်းတို့သည် မွန်တာရေးအိုးပင်းနောက်ဆုံးဗိုလ်လုပွဲအဖြစ် မက္ကဆီကိုနိုင်ငံတွင် မတ် ၆ ရက်ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့ခြင်းဖြစ်ပြီး တင်းနစ်မယ်ဘဝတစ်လျှောက် သုံးကြိမ်မြောက် ဒဗလျူတီအေဖလားဆွတ်ခူးနိုင်ခဲ့ခြင်းလည်းဖြစ်သည်။

ဗြိတိန်နံပါတ်(၂)တင်းနစ်မယ် ဟယ်သာဝက်ဆန်သည် ဒဗလျူတီအေပြိုင်ပွဲများဖြစ်သည့် ၂၀၁၂ ဂျပန်အိုးပင်းပြိုင်ပွဲနှင့် ၂၀၁၅ ဟိုဘာ့အင်တာနေရှင်နယ်ပြိုင်ပွဲတို့တွင် ဆုဖလားများဆွတ်ခူးထားနိုင်ခဲ့သူဖြစ်သည်။ လက်ရှိအမျိုးသမီးကမ္ဘာ့အဆင့်သတ်မှတ်ချက်တွင် အမေရိကန်တင်းနစ်မယ် ဆရီနာဝီလျံက အဆင့်(၁)၊ ဂျာမနီတင်းနစ်မယ် ကာဘာက အဆင့်(၂)၊ ပိုလန်တင်းနစ်မယ် ရက်ဝန်စကာက အဆင့်(၃)၊ စပိန်တင်းနစ်မယ် မူဂူရူဇာက အဆင့်(၄) စသည်ဖြင့် ရပ်တည်လျက်ရှိကြောင်း သိရသည်။ **(ငွေကြယ်)**

## တပ်မတော်လေယာဉ်တစ်စင်း နေပြည်တော်လေဆိပ်သို့ ဆင်းသက်စဉ် အရှိန်ထိန်းလေထီးကြိုးပြတ်ထွက်ကာ ပြေးလမ်းကျော်ထွက်ပြီး ရပ်တန့်ခဲ့

စာမျက်နှာ - ၉

## မတ်လဆန်းပိုင်းမှစ၍ အယ်နီညိုဖြစ်စဉ် လျော့ကျ၊ ဇွန်လတွင် ပြီးဆုံးနိုင်

**နေပြည်တော်   မတ်   ၇**

အယ်နီညိုအခြေအနေနှင့် နွေရာသီကာလများတွင် မြန်မာနိုင်ငံ၌ ကြုံတွေ့လာနိုင်သည့် ရာသီဥတုအခြေအနေသတင်းကို မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက မတ် ၇ ရက်တွင် ထုတ်ပြန်ခဲ့သည်။

ထိုသို့ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ရာတွင် အယ်နီညိုဖြစ်စဉ်အခြေအနေနှင့် ၂၀၁၆ ခုနှစ် နွေရာသီကာလဖြစ်သည့် မတ်၊ ဧပြီနှင့် မေလတို့တွင် ဖြစ်ပေါ်နိုင်သည့် မိုးရေချိန်နှင့် အပူချိန် ခန့်မှန်းချက်များကို အပိုင်းနှစ်ပိုင်းခွဲ၍ သတင်းထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။

အယ်နီညိုဖြစ်စဉ်အခြေအနေတွင် အီကွေတာအနီးရှိ အပူပိုင်းပစိဖိတ်သမုဒ္ဒရာအရှေ့အလယ်ပိုင်း(East-Central Tropical Pacific Ocean)၏ ပင်လယ်ရေမျက်နှာပြင်အပူချိန်သည် ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီလကုန်ပိုင်းရက်များအထိ အားအလွန်ကောင်းသည့် အယ်နီညိုအဆင့်ထိ ရောက်ရှိအောင် ပူနွေးနေခဲ့သော်လည်း မတ်လဆန်းပိုင်းမှစ၍

**စာမျက်နှာ ၉ ကော်လံ ၅ သို့ ✳**







themirror.npt@gmail.com
www.facebook.com/themirrordaily